စိတ်ကူးချိုချိုအနုပညာ

သက်လုံ

# တရုတ်ပညာရှိကြီးမိန့်ရှပ်

# MENCIUS

## The Story of Chinese Philosophy

Ch'u Chai with Winberg Chai



ဒုတိယအကြိမ်

သက်လုံ

# တရုတ်ပညာရှိကြီးမိန့်ရှစ်



tl0008

600.00 Ks

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# တရုတ်ပညာရှိကြီး မိန်းရှပ်

●

# သက်လုံ

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ
ဒုတိယအကြိမ်

**တရုတ်ပညာရှိကြီးမိန်းရှပ်**

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၄၂၂၁၂၀၇ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၆၈၁၀၇၀၈ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို m.s.o ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈၊ ဩဂုတ်လတွင် တန်ဖိုး ၆၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်



## တရုတ်ပညာရှိကြီး မိန်းရှပ်

ရှေးဟောင်းတရုတ်ပြည်၏ ချိုမင်းဆက် ဆိတ်သုဦးခါနီးတွင် ကွန်ဖြူးရှပ်၏ ပညာနှင့်သက်ခံခဲ့ကြသည့် အတွေးအခေါ်အုပ်စုများ မြောက်မြားစွာ ပေါ်ထွက်လာလေသည်။ သို့တိုင်အောင် ကွန်ဖြူးရှပ်၏ အတွေးအခေါ်အောင်ပွဲခံနိုင်ရန်အတွက် ဆက်လက်၍ မြေတောင်မြှောက်ပေးမည့် လူတော်များ ထွက်ပေါ်လာနိုင်ခြင်းမရှိဘဲ ဖြစ်နေရာက မိန်းရှပ်အမည်ရှိ ပညာရှိတစ်ဦး ထွန်းကားလာသည်တွင်မှ ကွန်ဖြူးရှပ်၏အတွေးအခေါ်တို့သည် တရုတ်ပြည်တွင် အောင်လံလွှင့်ထူ မင်းမူလာနိုင်တော့၏။

စကားပြောကောင်းလှခြင်း၊ သိက္ခာရဲရင့်မှုရှိခြင်း၊ ယုံကြည်မှုပြင်းပြခြင်းတို့အားဖြင့် မိန်းရှပ်သည် ကွန်ဖြူးရှပ်၏ ဆုံးမပို့ချချက်များကို လူကြိုက်များအောင် ပြုလုပ်နိုင်ခဲ့သည်။ တစ်ချိန်တည်းတွင်ပင် သူသည် အခြားသော အတွေးအခေါ်ဂိုဏ်းများ၏ အယူဝါဒ၊ သင်ကြားချက်များကို တိုက်ဖျက်နိုင်ခဲ့သည်။

ကွန်ဖြူးရှပ်၏ အဆုံးအမလမ်းကြောင်းဝယ် မိန်းရှပ်တစ်ယောက် ထိန်လက်ဝင့်ကြွားလှသည်ဖြစ်ရကား ပထမပညာရှိဖြစ်သော ကွန်ဖြူးရှပ်နှောင်းကာလတွင် သူသည် 'ဒုတိယပညာရှိ' ဖြစ်လာရတော့၏။

တရုတ်ဘာသာဖြင့် **မိန့်ဇူ** ဟုခေါ်တွင်သော သူ၏နာမည်ကို ခရစ်ယာန်ဘာသာဝင်များ၏ လက်တင်ဘာသာဖြင့် မှတ်တမ်းပြုခဲ့ကြသော မိန်းရှပ်ဟူသော အမည်ဖြင့်ပင် ကမ္ဘာကျော်လာသည်။ ဤပုဂ္ဂိုလ်ကြီးသည် ကွန်ဖြူးရှပ် ကွယ်လွန်ပြီးနောက် နှစ်ပေါင်း တစ်ရာကျော်ခန့်တွင် မွေးဖွားလာခြင်းဖြစ်သည်။

သူ၏မွေးသက္ကရာဇ်နှင့် ကွယ်လွန်သည့် သက္ကရာဇ်တို့မှာ ခန့်မှန်းခြေအားဖြင့် ဘီစီ ၃၇၂–၂၈၉ တို့ဖြစ်ပေ၏။ ကွန်ဖြူးရှပ်ကဲ့သို့ပင် သူ၏မွေးဖွားချိန်နှင့်ပတ်သက်၍ နိမိတ်တွေပေါ်ပေါက်ကြောင်း မှတ်တမ်းများရှိခဲ့၏။ သူ့ကို ကိုယ်ဝန်ရှိစဉ် နတ်သား

**စိတ်ကူးချိုချိုအနုပညာ**

၈၅(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း-၇၂၆၆၂၄

တစ်ပါးသည် သူ့မိခင်အား ကိုယ်ထင်ပြခဲ့သည်ဆို၏။ ထို့အပြင် မိန်းရှပ်မွေးဖွားချိန်၌ တောက်ပ၍အသွေးအရောင်စုံလှသော အလင်းကြီးသည် ဖွားမြင်ရာနေရာတစ်ဝိုက်တွင် ထွန်းလင်းနေခဲ့သည်ဟုလည်း မှတ်တမ်းများ၌ ဖော်ပြထားသည်။

ဤသို့သောအမှတ်အသားများကို ပညာရှိများအား ကြည်ညိုမှုကြောင့် အမွှန်းတင်မှတ်သားထားခြင်း ဖြစ်ဟန်တူသည်ဟူ၍လည်း ကမ္ဘာ့ပညာရှင်များက မှတ်ချက်ချကြ၏။

မိန်းရှပ်သည် ယခုခေတ် ရှန်တုန်ပြည်နယ်တွင်ရှိသော စိုပြည်နယ်တွင် မွေးဖွားခဲ့သည်။ သူသည်လည်း ကွန်ဖြူးရှပ်ကဲ့သို့ပင် ငယ်စဉ်ကပင် ဖခင်ကိုဆုံးရှုံးခဲ့ရသူဖြစ်သည်။ သူ၏ဖခင် ကွယ်လွန်ချိန်တွင် သူသည် အသက်သုံးနှစ်အရွယ်မျှသာ ရှိသေးသည်။ သို့ဖြင့် မိခင်သည် သူ့ကိုကြီးပြင်းအောင် မွေးဖြူလာခဲ့လေရာ သူ၏မိခင်ကြီးမှာ ယခုခေတ်တိုင်အောင်ပင် 'မိန်းမယ်တော်ကြီး' ဟူ၍ပင် နာမည်ကျော်ခဲ့ရတော့သည်။

နာမည်ကျော်လောက်အောင်ပင် မိန်းမယ်တော်ကြီးသည် မိန်းရှပ်ကို မွေးမြူလာခဲ့၏။ နာမည်ကျော်ဖြစ်ရပ်ကား 'အိမ် သုံးကြိမ်ပြောင်းခြင်း' ဖြစ်ရပ်ပင်တည်း။

ရှေးဦးစွာ သူတို့နေထိုင်ခဲ့သော နေရာမှာ သုသာန်နားတွင် ဖြစ်၏။ ထိုအခါ ကလေးငယ် မိန်းရှပ်သည် ဈေးရောင်းတမ်း၊ ဈေးဝယ်တမ်းများ ကစားသည်။ ဤသည်ကိုလည်း မိန်းမယ်တော်ကြီးက မကျေနပ်ချေ။ ဤပတ်ဝန်းကျင်များကို သူမကြိုက်ခြင်းဖြစ်သည်။ သို့ဖြင့် ချက်ချင်းပင် ထ၍ပြောင်းရွှေ့ပြန်၏။

တတိယအကြိမ်တွင်ကား ကျောင်းနားတွင် နေထိုင်ရသည်ဖြစ်ရာ မကြာမီပင် ကလေးငယ်မိန်းရှပ်သည် တပည့်လုပ်တမ်း၊ ဆရာလုပ်တမ်း ကစားလေရာ မယ်တော်ကြီးမိန်းသည် ကျေနပ်ပျော်ရွှင်သွားလေတော့သည်။

မိန်းရှပ်သည် ငယ်ရွယ်စဉ်ကပင် ကွန်ဖြူးရှပ်ကို အထင်ကြီးလေးစားခဲ့သည်။ သူသည် အောက်ပါအတိုင်း ပြောကြားခဲ့၏။

"ကမ္ဘာပေါ်မှာ လူသားတွေရယ်လို့ စတင်ပေါ်ပေါက်လာပြီးကတည်းက ယနေ့အထိ နောက်ထပ် ကွန်ဖြူးရှပ်တစ်ယောက်ဆိုတာ မပေါ်ပေါက်ခဲ့ဘူး။ ငါဟာ သူ့လိုဖြစ်ဖို့ စာပေသင်ကြားချင်တယ်။ ကွန်ဖြူးရှပ်လက်ထက် တပည့်တစ်ယောက် မဖြစ်နိုင်ပေမယ့် ကွန်ဖြူးရှပ်ရဲ့ တပည့်တွေရဲ့ပညာကိုယူပြီး ငါ့ရဲ့အရည်အသွေးတွေကို ထက်မြက်အောင် ကြိုးစားခဲ့တယ်"

မိန်းရှပ်သည် ဤမျှပင်လျှင် ကွန်ဖြူးရှပ်ကို လေးစားကြည်ညိုခဲ့သည်။ သို့ဖြစ်

သည့်တိုင်အောင် ပညာရှိကြီးနှစ်ဦးတို့၏ စိတ်သဘောအနေအထားများမှာ ကွာခြားလှပေသည်။

ကွန်ဖြူးရှပ်သည် သူ့အတွင်းပိုင်းက သူ့စိတ်ကိုသာ အာရုံစိုက်ထားပြီး သိမ်မွေ့လှသည့် လူကြီးလူကောင်းဖြစ်သည်။ စကားပြောရာတွင် သတိဖြင့် ထိန်းချုပ်ပြောဆိုခြင်းကို လွန်စွာပြုလုပ်တတ်သည်။

မိန်းရှပ်ကား အပြင်လူများကို အာရုံစိုက်တတ်သည်။ စကားကို ဖောဖောသီသီပြောတတ်ရာ ဇဝနဉာဏ်ကောင်းခြင်းအတွက်ပင် နာမည်ကျော်နေရ၏။

အခြားသူများက အယူဝါဒကို တိုက်ခိုက်လိုသည့်သဘောဖြင့် စကားဆိုလာသည်တွင် ကွန်ဖြူးရှပ်သည် တစ်ခါတစ်ရံ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားတတ်သည်။ မိန်းရှပ်ကား ဤသို့မဟုတ်ချေ။ သွက်သွက်လက်လက်၊ ပိုင်ပိုင်နိုင်နိုင် ချေပပြောဆိုလေရာ တိုက်ခိုက်ပြောလာသူ တစ်ဖက်သားမှာ ခံစစ်နေရာသို့ပင် ရောက်သွားရသည်ဆို၏။

မိန်းရှပ် လူလားမြောက်သောအချိန်ကား ဘီစီလေးရာစု၏ နှောင်းပိုင်း တစ်ဝက်သောကာလတွင် မတည်မငြိမ်နှင့် စစ်မက်တွေ ဖြစ်ပွားနေသောကာလ ဖြစ်နေသည်နှင့်အညီ မိန်းရှပ်သည်လည်း သူ စံပြုထားသော ကွန်ဖြူးရှပ်ကဲ့သို့ပင် ရှိသလောက်စွမ်းရည်ကို ဖော်ထုတ်ရာတွင် အောင်မြင်သင့်သလောက် မအောင်မမြင်ဖြစ်ရ၏။

ရှိကျီ (သမိုင်းမှတ်တမ်းများ) ကျမ်းတွင် ဖော်ပြထားချက်များကို မှီး၍ရေးသားရမည်ဆိုလျှင် မိန်းရှပ်သည် ပညာပြည့်စုံသောအခါတွင် ချီပြည်နယ်မှ ဘုရင်ရွှမ်ထံပါးသွားရောက် ခစားပါသော်လည်း ဘုရင်က သူ့အား ရာထူးမပေးနိုင်ခဲ့ချေ။ သို့ဖြင့် သူသည် လျန်ပြည်နယ်မှ ဘုရင်ဟွေ့ထံ သွားရောက်ခစားပြန်၏။ သို့ရာတွင် ဘုရင်ဟွေ့က မိန်းရှပ်သည် တတ်ယောင်ကားသာဖြစ်၍ သူ၏စကားများမှာ အနှစ်မပါဟုထင်မြင်ယူဆသည်။

ထိုအချိန်က ပြည်နယ်များမှ ကိုယ့်အစုနှင့်ကိုယ် မဟာမိတ်ပြုကြ၍ စစ်ထိုးကြရန် ပြင်ဆင်နေခိုက်ဖြစ်ရာ မိန်းရှပ်သည် တပည့်ဖြစ်သူ ဝမ်ချိန်နှင့်အတူ အိမ်သို့ပြန်လာခဲ့ရာ ကွန်ဖြူးရှပ်၏ အဆုံးအမများကို ဖြန့်ဖြူးရန် စာဖြင့်ရေး၍ရေးသားသည်တွင် အခန်းခုနစ်ခန်းရှိသော မိန်းဇူကျမ်းကြီး (The Works of Meng Tzu) ဖြစ်လာလေသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဘုရင်ဟွေ့နှင့် အဆင်မပြေဖြစ်ရခြင်းမှာလည်း အယူအဆချင်းမတိုက်ဆိုင်ကြ၍ ဖြစ်ပေလိမ့်မည်။ ဘုရင်ဟွေ့သည် အကျိုး

အမြတ်ကို မျှော်ကိုး၏။ မိန်းရှပ်အတွက် အကျိုးအမြတ်ရရှိရန်ဟူသော စိတ်ကူးမျိုး လုံးဝမရှိချေ။ ထို့ကြောင့် ဘုရင်ဟွေ့က တိုင်းပြည်အတွက် အကျိုးအမြတ်ရရှိအောင် ဘာလုပ်သင့်သနည်းဟု အကြံဉာဏ်တောင်းခံသောအခါတွင် မိန်းရှပ်က အောက်ပါအတိုင်း ပြန်ဖြေကြားခဲ့၏။

"အဘယ့်ကြောင့် အရှင်မင်းမြတ်က အကျိုးအမြတ်စကားကို ပြောရပါသလဲ။ လူသားဆန်တဲ့နှလုံးသားနဲ့ တရားမျှတခြင်းသဘောတရားတွေ ပေါ်ပေါက်တည်ရှိနေသမျှ လုံလောက်နေပြီသာ ဖြစ်ပါတယ်"

ထို့နောက် သူက ဘုရင်မင်းမြတ်သည် သူ့တိုင်းပြည်အတွက် အကျိုးအမြတ်ကို မျှော်ကိုးနေလျှင် မှူးကြီးမတ်ကြီးများက သူတို့၏မိသားစုအတွက် အကျိုးအမြတ်ကို မျှော်ကိုးကြမည်။ မှူးငယ်မတ်ငယ်များနှင့် ပြည်သူပြည်သားများက မိမိတို့အတွက် အကျိုးအမြတ်ကို မျှော်ကိုးကြမည်ဖြစ်သဖြင့် အချင်းချင်းမညီမညွတ်ဖြစ်လာကြကာ နိုင်ငံအတွက် အန္တရာယ်ရှိကြောင်း လျှောက်တင်လေသည်။

ထို့အပြင် နောက်ဖြစ်ရပ်တစ်ခု ရှိသေး၏။ ဘုရင်ဟွေ့၏စစ်တပ်သည် စစ်ရေးရှုံးနိမ့်ခဲ့သဖြင့် အရှက်ရခဲ့ရသည်။ နယ်မြေဆုံးရှုံးရသည်။ ထို့အပြင် သားတော်အကြီးဆုံးကိုပင် ဆုံးရှုံးလိုက်ရ၏။ ဤသို့သောအခြေအနေမျိုးတွင် ဘုရင်ဟွေ့က ရန်သူကို တုံ့ပြန်လက်စားချေလိုသည်ဖြစ်၍ မိန်းရှပ်ထံတွင် အကြံဉာဏ်တောင်းသည်။

မိန်းရှပ်က ကြမ်းတမ်းသောစွမ်းအင်ကို အားထားခြင်းမပြုသင့်ကြောင်း၊ အပြစ်ဒဏ်ပေးခြင်းများကို လျှော့သင့်ကြောင်း၊ လွန်လွန်းသောအခွန်အတုတ်များကို မကောက်ခံသင့်ကြောင်း ဘုရင်မင်းမြတ်၏အရည်အသွေးများကို တိုးတက်ကောင်းမွန်အောင် လျှောက်ကြား၏။ သူ၏လျှောက်တင်ချက်တွင်ပါဝင်သည့် အောက်ပါစကားရပ်များကိုကြည့်ပါ။

"ယခုကဲ့သို့သောအခြေအနေမျိုးတွင် အရှင်မင်းမြတ်၏လူများအား ရန်သူ၏ချုပ်မိန်ညှိုအဝတ်တန်ဆာများနှင့် သူတို့ရဲ့ ချွန်ထက်တဲ့လက်နက်တွေကို ခုခံတွန်းလှန်ဖို့ သစ်သားတုတ်တွေကို ပေးအပ်ထားသင့်ပါတယ်"

မိန်းရှပ်ဆိုလိုသည်မှာ ဤအခြေအနေမျိုးတွင် ရန်ကိုရန်ချင်း တုံ့ပြန်သည်ထက် အနုနည်းဖြင့်တုံ့ပြန်ပြီး အောင်မြင်မှုကိုရယူသင့်ကြောင်း ဖြစ်ကောင်းဖြစ်မည်။ သို့ရာတွင် သဘာဝကျစွာပင် ဘုရင်ဟွေ့သည် သူ့စကားကို နားမဝင်ခဲ့ချေ။ ဤအကြောင်းများကြောင့်ပင် ဘုရင်ဟွေ့က မိန်းရှပ်ကို တတ်ယောင်ကား စာအုပ်ကြီးသမားဟု မှတ်ယူထားခြင်းဖြစ်သည်ဟု ထင်ရပေ၏။

မည်သို့ပင်ဖြစ်စေ မိန်းရှပ်သည် လျန်ပြည်နယ်တွင် ဆက်လက်၍နေထိုင်နေသေးရာ ဘီစီ ၃၁၉ အထိဖြစ်သည်။ ထိုနှစ်တွင် ဘုရင်ဟွေ့ နတ်ရွာစံ၍ သားတော်က ဘုရင်ရှန်အဖြစ် နန်းတက်လာသည်။ မင်းပျိုဖြစ်သူနှင့် တစ်ချီတွေ့ဆုံပြီးသည်တွင် ဘုရင်နှင့်ပတ်သက်၍ မိန်းရှပ်က အောက်ပါအတိုင်းပြောပြသည်။

"ငါက သူ့ကို အဝေးကကြည့်လိုက်တော့ ငါ့အမြင်က သူဟာ ပြည့်ရှင်ဘုရင်နဲ့မတူဘူး။ တစ်ခါ အနီးအပါးရောက်သွားပြန်တော့ ငါဟာ သူ့ကို မကြည်ညိုဘူး"

ဘာကျန်ပါသေးသနည်း။ သူသည် မင်းပျိုကို မကြည်ညိုသည်နှင့် ချီပြည်နယ်သို့ ထွက်ခွာခဲ့ခြင်းဖြစ်ပေ၏။

ချီပြည်နယ်သည် နှစ်ပေါင်းနှစ်ရာကျော်မျှ ကုပ်ကုပ်ကလေးဖြစ်နေ၏။ သို့သော် ရှွမ်ဘုရင်မင်းမြတ်လက်ထက်တွင်ကား တစ်ချီပြန်၍ ထွန်းကားစည်ပင်လာရပြန်လေသည်။ ပညာရှိများအတွက် သူ၏နန်းရင်ပြင်တံခါးကို ထာဝစဉ်ဖွင့်ထား၏။ ရည်ရွယ်ချက်သော်ကား နိုင်ငံအုပ်ချုပ်မှုနှင့်ပတ်သက်၍ သူ့အားအကြံပေးရန်နှင့် တတ်သိထားသောပညာများကို ဖြန့်ချိဝေငှပေးရန်ဖြစ်သည်။

သို့ဖြစ်လေရာ ပညာရှင်များနှင့် ပညာဆည်းပူးနေကြသူများသည် သူ၏ နန်းရင်ပြင်သို့ စုရုံးဝင်ရောက်လာကြကုန်၏။ ရှွမ်ဘုရင်သည် ပညာရှိများအား ထည်ဝါသောနေထိုင်စရာများကို ပေးသည်။ ပမာဏကြွယ်ဝသော လစာရိက္ခာတော်များကို ပေးသည်။ ဘွဲ့ထူးဂုဏ်ထူးများကို ချီးမြှင့်သည်။ သို့သော် အုပ်ချုပ်ရေးဌာနများတွင်မူ သူတို့အား လုပ်ကိုင်ခွင့်ရာထူး ဌာနန္တရ မပေးခဲ့ချေ။ ယင်းသို့ မပေးခဲ့ခြင်းကား ပညာရှိများသည် သူ့အား အကြံပေးရာနှင့် ပညာပေးရာတို့တွင် လွတ်လွတ်လပ်လပ်ပြုလုပ်နိုင်စေခြင်းငှာ ဖြစ်ပေ၏။

ရှွမ်မင်းမြတ်သည် ပညာရှိကြီးမိန်းရှပ်တစ်ယောက် မိမိ၏ချီပြည်နယ်သို့ လာနေသည် ကြားသည်နှင့်တစ်ပြိုင်နက် သူ၏သားတော်အား နယ်စပ်သို့သွားရောက်၍ ပညာရှိကြီးကို ကြိုဆိုရန်စေလွှတ်လိုက်သည်။ နန်းတော်သို့ရောက်သောအခါတွင် ဘုရင်မင်းမြတ်သည် မိန်းရှပ်အား ကြီးမြင့်သော ရာထူးဌာနန္တရကို ပေးတော်မူ၏။ ဤအတိုင်းဆိုလျှင် ချီပြည်နယ်သည် မိန်းရှပ်အတွက် ပညာစွမ်းပြသရန်အကောင်းဆုံးဒေသဖြစ်သည်ဟု ယူဆဖွယ်ရှိလေသည်။

သို့သော် ဤသို့မဟုတ်ချေ။

အခြားပြည်နယ်များတွင် တွေ့ရခဲ့ရသည့် ချို့တဲ့အားနည်းချက်များကို ဆရာကြီးမိန်းရှပ်သည် ရင်ဆိုင်နေရတော့၏။ ရှွမ်ဘုရင်သည်လည်း အခြားသော ပဒေ

သရာဇ်များကဲ့သို့ပင် မိမိအရှိန်ဩဇာ အားကောင်းနေရန်ကိုသာ အာရုံစိုက်သည်။ လုပသောမိန်းမများနှင့် ဥစ္စာနေကြွယ်ဝမှုတွင် စိတ်ပါလွန်းလှသည်။

ရွှမ်ဘုရင်သည် ယဉ်ကျေးရည်မွန်သော စာပေများနှင့် အကျွမ်းဝင်ခြင်းတော့ ရှိသဖြင့် ဆရာကြီးမိန်းရှပ်သည် ဘုရင်၏စိတ်သဘောနှင့် လိုက်လျောညီထွေရှိအောင် ညှိကြည့်သည်။ ဘုရင်၏စိတ်ဓာတ်ကို ကောင်းရာကောင်းကြောင်းဆီသို့ မွမ်းမံ တွဲခေါ်သွားရန် သူ ကြိုးစားအားထုတ်သည်။

သူကသာ ကြိုးစား၏။ ရွှမ်ဘုရင်က သူကြိုးစားသလို ပြောင်းလဲဖြစ်ပေါ်လာပါသလား။ အောက်ပါကောက်နုတ်ချက်ကလေးကို ဖတ်ကြည့်လျှင် အထင်းသား ပေါ်လွင်လာပါလိမ့်မည်။

*"မင်းမြတ်၏အမတ်တစ်ယောက်ဟာ ဇနီးနဲ့သားသမီးတွေကို မိတ်ဆွေတစ်ယောက်ဆီမှာ အပ်နှံခဲ့ပြီး ခရီးထွက်သွားတယ်ဆိုပါတော့။ သူဟာ ခရီးက ပြန်လာ တဲ့အချိန်မှာ သူ့ဇနီးနဲ့ကလေးတွေဟာ အအေးဒဏ်ခံနေရပြီး အစားအစာ ငတ်ပြတ်နေရတာကိုမြင်ရင် သူဟာ မိတ်ဆွေကို ဘာလုပ်ထိုက်ပါသလဲ"* ဟု မိန်းရှပ်က ဘုရင်ကြီးကိုမေးသည်။

*"စွန့်ပယ်ပစ်လိုက်ရမယ်"* ဟု ဘုရင်ကြီးက ပြော၏။

*"တကယ်လို့ မင်းမြတ်ရဲ့နန်းရင်းဝန်ဟာ သူ့လက်အောက်က အရာရှိအရာခံတွေကို မအုပ်ချုပ်နိုင်ဘူးဆိုပါတော့။ မင်းမြတ်ဟာ သူ့ကို ဘာလုပ်မလဲ"*

*"အလုပ်က ဖြုတ်ပစ်လိုက်မှာပေါ့"* ဟု အဖြေသည် လွယ်လွယ်ပင် ထွက်ပေါ်လာ၏။

*"ဒါဖြင့် ကောင်းပြီ၊ မင်းမြတ်ရဲ့တိုင်းပြည်ထဲမှာ အုပ်ချုပ်ရေးဟာ ညံ့ဖျင်းနေတယ်ဆိုပါတော့။ ဘာလုပ်မလဲ"*

ရွှမ်ဘုရင်သည် တစ်ဘက်သို့ မျက်နှာလှည့်၍ အခြားသောအကြောင်းအရာများကို ပြောဆိုလျက်ရှိလေ၏။

ရွှမ်ဘုရင်မင်းမြတ်သည် ပညာရှိကြီးမိန်းရှပ်၏ ဆိုဆုံးမစကားများကို လိုလိုချင်ချင်နားထောင်လောက်အောင်တော့ ယဉ်ကျေးသိမ်မွေ့သူဖြစ်ပါသည်။ သို့သော် ပြည်နယ်တွင် အုပ်ချုပ်ရေးကောင်းမွန်လာဖို့အတွက်တော့ သူ စိတ်မဝင်စားပါ။

မိမိ၏အသိလိမ္မာကို ဖြန့်ဖြူးပေးနိုင်စရာ ပရိသတ်မှာ လှုပ်ရှားလုပ်ကိုင်နိုင်ခြင်း မရှိသော အဖိုးမတန်သည့်ပရိသတ်မျှလောက်သာဖြစ်သည်ကိုသိရှိရသော ပညာရှိကြီး မိန်းရှပ်သည် နောက်ဆုံးတွင် ချီပြည်နယ်ကို စွန့်ခွာ၍ ထွက်လာခဲ့လေတော့သည်။

သူသည်လည်း ကွန်ဖြူးရှပ်ကဲ့သို့ပင် လုံးဝလက်လျှော့လိုက်သည်မဟုတ်ဘဲ ပညာကို ကြိုးစား၍တော့ ဖြန့်ဖြူးသေး၏။ သို့သော် နောက်ဆုံး၌ကား သူ၏ကြိုးစားမှုသည် အလဟဿဖြစ်ကြောင်း သိရှိလာရသည်။

ဆရာကြီးမိန်းရှပ်သည် ခရစ်နှစ်ဘီစီ ၃၁၂ က ချီပြည်နယ်မှ ထွက်ခွာလာခဲ့သည် ဖြစ်ရာ ထိုအချိန်က သူ၏အသက်မှာ ခြောက်ဆယ့်တစ်နှစ် ရှိပြီဖြစ်၏။ ပဒေသရာဇ် နန်းရင်ပြင်တစ်ခုအတွင်းသို့တော့ ဝင်ရောက်ခဲ့သေး၏။ ယင်းသည်ကား တိန်ပြည်နယ် ဖြစ်သည်။ ယင်းပြည်နယ်ကလေးသည် အင်အားကြီးမားသော ပြည်နယ်ကြီးနှစ်ခု ဖြစ်သည့် ချူနှင့် ချီပြည်နယ်များအကြားက ပြည်နယ်ကလေးဖြစ်၏။

ထိုပြည်နယ်ကလေးကို အုပ်ချုပ်နေသော ဝိန်မြို့စားကြီးမှာ ပြည်နယ်ကြီးနှစ်ခု၏ ကျူးကျော်ရန်စမှုကို ခုခံနေရာတွင် အခက်အခဲတွေ့နေရသဖြင့် မိန်းရှပ်ကို အကူအညီတောင်းသည်။ ဝိန်မြို့စားကြီးက မိန်းရှပ်အား ကြီးမြင့်သောရာထူးတစ်ခုကို ပေးအပ်၏။ မိန်းရှပ်က သဘောရိုးဖြင့် ခန့်ထားသည်ဟုမထင်သဖြင့် ရာထူးကို လက်မခံခဲ့ချေ။ သို့သော် မြို့စားကြီးအား အကြောင်းအရာများစွာတွင် ဩဝါဒများ၊ အကြံဉာဏ်များကို ပေးခဲ့လေသည်။

ဆရာကြီးမိန်းရှပ်သည် တိန်ပြည်နယ်တွင် ခဏတဖြုတ်သာနေထိုင်ခဲ့၏။ ဘီစီ ၃၀၇ တွင် ဆရာကြီးသည် လူပြည်နယ်သို့ ပြန်သွား၍ တစ်ကိုယ်တည်းနေထိုင်ကာ လူငယ်လူရွယ်များအား ပညာပေးခြင်း၊ **မိန်ဇူ** ဟူ၍ လူသိများသော ဒဿနကျမ်းကြီးကိုပြုစုခြင်းတို့ဖြင့် အချိန်ကုန်လွန်စေသည်။

ဆရာကြီးမိန်းရှပ်သည် ဆရာကြီးကွန်ဖြူးရှပ်ကဲ့သို့ပင် အောင်မြင်သော ပညာဖြန့်ဖြူးသူဖြစ်၍ တပည့်များ၏ ချစ်ခင်လေးစားခြင်းကို ခံရ၏။ ဆရာကြီးပြုစုခဲ့သော မိန်ဇူကျမ်းမှာ ကွန်ဖြူးရှပ်ဒဿနိကဂိုဏ်းများတွင် အဆင့်မြင့်မြင့်၌ထားရှိခြင်း ခံရသည်။

ဘီစီ ၂၈၉ ခု၊ အသက်ရှစ်ဆယ့်လေးနှစ်တွင် ဆရာကြီးမိန်းရှပ်သည် ဇာတိနယ်မြေဖြစ်သော လူပြည်နယ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပေ၏။

မိန်းရှပ်သည် ဆရာကြီးကွန်ဖြူးရှပ်ဒဿနိကဂိုဏ်းမှ တပည့်ကျော်ကြီး ဖြစ်သဖြင့် 'ရင်' ကို သူ့အတွေးအခေါ်၏ ဗဟိုချက်သဖွယ် ထားရှိ၏။ သူက နည်းနည်း ပို၍ပြောသည်ကား ပြည့်စုံခြင်းအတွက်ဆိုလျှင် ရင်ကို 'ယီ' (တရားမှန်ကန်ခြင်း) ဖြင့် အားဖြည့်ပေးရမည်ဟု ဆိုသည်။

လူသည် နှလုံးသားကို 'ရင်' အားဖြင့် ထောက်ပင့်ထားရမည်ဖြစ်ပြီး၊

အကျင့်စာရိတ္တကို 'ယီ' အားဖြင့် ထောက်ပင့်ထားရမည်။

လူ့သဘာဝသည် နဂိုသဘာဝအားဖြင့် ကောင်းမွန်မှုကို မြတ်နိုးသည်ဟု ဆရာကြီးမိန်းရှုပ်က ယုံကြည်ထားလေသည်။

သူ၏လက်ထက်တွင် လူသား၏ကောင်းမွန်မှု၊ ကြင်နာမှုတို့နှင့်ပတ်သက်၍ အယူဝါဒတွေ သုံးမျိုးကွဲပြားနေ၏။

နောက်ခံသဘာတရားတစ်ခုမှာ **လောက်ဇူ** က တင်ပြထားချက်ဖြစ်၍ ထိုသူနှင့် မိန်းရှုပ်သည် များစွာငြင်းခုံခဲ့ရသည်။ လောက်ဇူ၏ နောက်ခံသဘောတရားအရသော်ကား လူ့သဘာဝသည် ကောင်းသည်လည်းမဟုတ်၊ ဆိုးသည်လည်း မဟုတ်ဟုဆို၏။

နောက်ထပ် နောက်ခံသဘောတရားတစ်ချက်ကား လူ့သဘာဝသည် အခြေအနေပေါ်မူတည်၍ ကောင်းချင်ကောင်း၏၊ ဆိုးချင်ဆိုး၏ ဟူလေသည်။

တတိယနောက်ခံသဘောတရားသော်ကား လူအချို့၏သဘာဝသည် ကောင်းမွန်၍ လူအချို့၏သဘာဝသည် ဆိုးရွား၏ ဟူပေ၏။

ဆရာကြီးမိန်းရှုပ်ကမူ လူ့သဘာဝသည် နဂိုသဘောရင်းအားဖြင့် ကောင်းမွန်သည်ဟု ယုံကြည်၏။ အောက်ပါကောက်ချက်ကိုကြည့်ပါ။

**ကရုဏာစိတ်ထား ခံစားမှုသည် လူတိုင်းတွင် ရှိကြ၏။ ထိုနည်းတူစွာပင် ရှက်ခြင်းနှင့် မနှစ်သက်ခြင်း၊ ကာယိန္ဒြေရှိခြင်းနှင့် ကာယိန္ဒြေမရှိခြင်း၊ အမှန်နှင့်အမှားတို့နှင့်ပတ်သက်၍လည်း သတ်မှတ်ယူဆထားချက် ရှိကြ၏။ ကရုဏာစိတ်ထားသည် ရင် ဖြစ်၏။ ရှက်ခြင်းနှင့် မနှစ်သက်ခြင်းတို့သည် တရားနည်းလမ်း မှန်ကန်မှု၊ ယီ ဖြစ်၏။ ကာယိန္ဒြေရှိခြင်းနှင့် မရှိခြင်းတို့မှာ သင့်တော်လျော်ကန်မှုဖြစ်၍ အမှန်နှင့်အမှားမှာ ပညာဖြစ်သည်။**

ဤသို့ဖြင့် ကရုဏာစိတ်၊ တရားနည်းလမ်းကျမှု၊ သင့်တော်လျော်ကန်မှု၊ ပညာဟူသည်တို့မှာ ပြင်ပကနေ တိုးဝင်လာခြင်းမဟုတ်။ ကျွန်ုပ်တို့၏သဘာဝတွင် တည်ရှိနေနှင့်သောအရာများ ဖြစ်ကြ၏။ တစ်ခါတစ်ရံ မဆင်ခြင်သည်ဖြစ်၍ ကျွန်ုပ်တို့သည် ထိုဟာများကို မေ့လျော့ထားကြသည်။ 'ရှာပါ၊ တွေ့လိမ့်မည်။ လျစ်လျူရှုပါ၊ ဆုံးရှုံးလိမ့်မည်' ဟူသောစကားပုံကဲ့သို့ ဖြစ်၏။

တရုတ်လူမျိုးတို့၏ ရှေးဟောင်းကျမ်းရင်းကြီး ခြောက်ဆူထဲတွင် 'ရှီ' (Shih) ခေါ် 'ကဗျာကျမ်းရင်းကြီး' လည်း ပါဝင်ပေ၏။ ထိုကဗျာကျမ်းရင်းကြီးထဲတွင် အောက်ပါ ကဗျာတစ်ပုဒ် ပါရှိလေသည်။

*ကောင်းကင်ဘုံက*
*လူအများအပြားကို ဖန်ဆင်းသည်။*
*သင့်တော်မှန်ကန်သည့် နိယာမများက*
*အရာရာကို ထိန်းချုပ်၏။*
*လူ၏သဘာဝအတိုင်း လိုက်နာပါ။*
*အားလုံးသည် ကောင်းမွန်မှုအရည်အသွေးကို*
*ချစ်ခင်လာကြလိမ့်မည်။*

ဖော်ပြပါကဗျာတွင် အချက်သုံးချက်ကို ဖော်ပြထားသည်။ ပထမအချက်သည်ကား လူသားသည် သဘာဝအလျောက်ပင် ကောင်းမွန်သည်ဖြစ်၍ ကောင်းသောအရာကို ပြုလုပ်လိမ့်မည်သာဖြစ်သည်။ ဒုတိယအချက်မှာမူ လူသားသည် ကောင်းသောအရည်အသွေးလေးမျိုးကို ပိုင်ဆိုင်ထားသည်။ လူသားဆန်သည့်နှလုံးသားရှိခြင်း၊ တရားမှန်ကန်ခြင်း၊ တော်တည့်မှန်ကန်ခြင်း၊ ပညာရှိခြင်းတည်းဟူသည်တို့ဖြစ်၏။ တတိယအချက်သည်ကား လူသားနှင့်တကွ လူသား၏ သန္ဓေပါခံစားမှုစိတ်အနေအထားများကို ကောင်းကင်က ဖန်ဆင်းသည်ဆိုခြင်းပင် ဖြစ်၏။

တရုတ်ရှေးဟောင်း တွေးခေါ်ရှင်တို့သည် ထိုကျမ်းရင်းက အဆိုအမိန့်များကို နင်း၍ ချဲ့ထွင်ဆွေးနွေးငြင်းခုံလေ့ရှိကြသည်။

တရုတ်ပညာရှိကြီးတစ်ဦးဖြစ်သူ ကောက်ဇူ (Kao Tzu) ကလည်း ထိုအဆိုအမိန့်များကိုအခြေပြု၍ ကောက်ချက်ချသည်။

*"လူရဲ့သဘာဝဟာ မိုးမခပင်နဲ့တူတယ်။ တရားမှန်ကန်ခြင်းဟာ သစ်သားခွက်နဲ့တူတယ်။ လူသားဆန်တဲ့ နှလုံးသားရှိခြင်းဆိုတဲ့ 'ရင်' နဲ့ တရားနည်းလမ်း မှန်ကန်ခြင်းဆိုတာတွေကို ပျိုးထောင်လေ့ကျင့်ပေးတာကို မိုးမခပင်ကနေ ခွက်ကို ပြုလုပ်ယူတာနဲ့တူတယ်"*

ကောက်ဇူက ဤသို့ ကောက်ချက်ချသောအခါတွင် သူနှင့် ထာဝစဉ်အငြင်းခုံပြုရပါသော မိန်းရှပ်(မိန့်ဇူ)က ပြန်ပြောသည်ဆို၏။

***"မိုးမခပင်ကို သူ့သဘာဝအတိုင်းထားပြီး ခွက်လုပ်ယူလို့ ရသလား။ ဒီတော့ ခွက်လုပ်ဖို့အတွက် မိုးမခပင်ရဲ့ သဘာဝဖြစ်စဉ်ကို ထိခိုက်ပစ်ရမှာပဲ။ ဒါဆိုရင် လူသားဆန်တဲ့ နှလုံးသားဆိုတဲ့ 'ရင်' နဲ့ တရားနည်းလမ်းမှန်ကန်မှုတွေ ဖြစ်ပေါ်လာဖို့ ပျိုးထောင်လေ့ကျင့်ပေးဖို့ဆိုရင် လူ့သဘာဝကို ထိခိုက်ခုတ်ထွင်ပစ်ရတော့မှာပါ။ ဒီအတိုင်းမှန်ရင် ခင်ဗျားစကားဟာ လူသား***

*ဆန့်တဲ့နှလုံးသားနဲ့ တရားနည်းလမ်းမှန်ကန်မှု ဆိုတာတွေဟာ မကောင်းမှုတွေလို့ ဆိုရာမရောက်ဘူးလား”*

ဆိုလိုသည်ကား သစ်သားခွက်လုပ်ဖို့အတွက် မိုးမခပင်၏ရှင်သန်မှုကို ဖြတ်တောက်၍ ခုတ်ယူကာ ပြုလုပ်၏။ ‘ရှင်’ နှင့် ‘တရားနည်းလမ်း မှန်ကန်မှု’ တို့ကို ထိုသဘာဝမျိုးအတိုင်း ပြုစုပျိုးထောင်ရသည်ဆိုလျှင် လူ့သဘာဝကို ဖြတ်တောက်ခုတ်ပိုင်းပြီးမှ ပျိုးထောင်၍ရသလို ဖြစ်နေ၏။

ကဗျာကျမ်းရင်းကြီးက လူသည် သဘာဝအလျောက် ကောင်းမွန်ပြီး ကောင်းသောအရာကိုသာ လုပ်သည်ဟုဆို၏။ တစ်နည်းအားဖြင့်ကား လူ့သဘာဝသည် ကောင်းမွန်မှုကိုနှစ်သက်ပြီး၊ ကောင်းမွန်မှုကို အသိအမှတ်ပြုကျင့်ကြံခြင်းဖြစ်၏။ သို့ဖြစ်ရာ လူ့သဘာဝကို ဖြတ်တောက်ခုတ်ယူရမည်ဆိုခြင်းသည် ကောင်းမွန်မှုကို ခုတ်ထစ်ပစ်ရမည်ဟု ဆိုရာရောက်၏။ ထို့ကြောင့် ‘ရှင်’ နှင့် ‘တရားနည်းလမ်း’ မှန်ကန်မှု’ တို့ရရှိဖို့ ကောင်းမွန်မှုကို ခုတ်ထစ်ပစ်ရမည်ဆိုလျှင် ထိုအရည်အသွေးများသည် မကောင်းသော၊ ဆိုးရွားသောအရည်အသွေးများသာ ဖြစ်မည်ဟု မိန်းရှပ်က ဆိုလိုခြင်းဖြစ်လေသည်။

တစ်ဖန် ကောက်ဇူက ဆိုပြန်၏။

*“လူ့သဘာဝဟာ ရေဝဲခန္ဓနှင့်တူတယ်။ အရှေ့ဘက်ကို ဖွင့်ထုတ်ပေးလိုက်ရင် အရှေ့ဘက်ကိုစီးဆင်းမယ်။ အနောက်ဘက်ကို ဖွင့်ထုတ်ပေးလိုက်ရင် အနောက်ဘက်ကို စီးဆင်းမယ်။ ရေက အရှေ့ရယ်၊ အနောက်ရယ် မသိသလိုဘဲ လူ့သဘာဝဟာလည်း အကောင်းအဆိုးကို မသိပါဘူး”*

ကောက်ဇူ၏စကားသည် ‘လူ့သဘာဝသည် ပင်ကိုအားဖြင့်ကောင်းမွန်၍ ကောင်းမွန်မှုကိုသာ နှစ်သက်သည်’ ဟူသော ကဗျာကျမ်းရင်းကြီးလာအဆိုအမိန့်များကို ဆန့်ကျင်နေသည်ဖြစ်သောကြောင့် ဆရာကြီးမိန်းရှပ်က မခံမရပ်နိုင်ဖြစ်လာသည်တွင် အောက်ပါအတိုင်း ပြန်လည်ချေပသည်ဆို၏။

*“မှန်တယ်။ ရေဟာ အရှေ့ရယ်၊ အနောက်ရယ်မသိဘဲ စီးဆင်းပါတယ်။ ဒါပေမဲ့ အစုန်ရယ်၊ အဆန်ရယ်မသိဘဲ စီးဆင်းမတဲ့လား။ ရေဟာ အောက်ဘက်ကိုသာ စီးဆင်းသလို လူ့သဘာဝဟာလည်း အကောင်းဘက်ကိုသာ ညွှန်ပါတယ်။ အောက်ဘက်ကိုမစီးတဲ့ရေ မရှိသလို၊ ကောင်းမွန်မှုကို စိတ်မညွတ်တဲ့လူဆိုတာလည်း မရှိပါဘူး။ ကဲ . . . ရေကို ဖျန်းခနဲလုပ်ပြီး ခေါင်းပေါ်ကို စင်စေနိုင်ပါတယ်။ ရေကိုလည်း ဆည်တွေ၊ တာတွေနဲ့ပိတ်ပြီး*

*ကုန်းမြင့်ပေါ်စီးစေနိုင်ပါတယ်။ ဒါပေမယ့် ဒါဟာ ရေရဲ့ ဝင်ကိုသဘာဝလား။ ပြင်ပက အင်အားကြောင့်သာ ဒီလိုစီးရတာဖြစ်တယ်။ ဒီလိုပဲ လူဟာ မကောင်းတာကို လုပ်ရပြီဆိုရင် သူ့သဘာဝကို စစ်မှန်တဲ့စေ့ဆော်မှုတွေက ဝေးအောင် အတင်းဖယ်ကြဉ်ထားလို့ပဲ ဖြစ်ရမယ်"*

အလွန်ပင် ကောင်းမွန်လှသောစကားကလေးဖြစ်သည်။ ဤစကားများအားဖြင့် လူသားသည် ဇာတိသန္တေအားဖြင့် ကောင်းမွန်မှုကိုနှစ်သက်သည်၊ ကောင်းမွန်မှုကို မြတ်နိုးသည်ဟူသော လူသားတို့၏အဖြစ်၊ မဆုံးမရှုံးမှုသဘောထားကို ဆရာကြီး မိန်းရှုပ်ထားရှိသည်မှာ ပေါ်လွင်နေပေသည်။

ပြင်ပလောက အသိုင်းအဝိုင်းကြောင့်သာလျှင် လူသည် မူလသဘာဝမှ ဖဲကြဉ်၍ မကောင်းမှုများကို ကျူးလွန်ရကြောင်းမှာ အောက်ပါစကားများဖြင့် ပို၍ပို၍ ထင်ရှားပေတော့သည်။

"နွားသိုးတောင်ပေါ်က သစ်ပင်တွေဟာ တစ်ခါတုန်းက လှပကြပါတယ်။ ပြည်နယ်တစ်ခုရဲ့မြို့တော်နဲ့ သိပ်နီးကပ်နေလေတော့ အဲဒီအပင်တွေဟာ ခုတ်လှဲခံကြရတယ်။ ဒါနဲ့ တောင်မှ မိုးတွေနှင်းတွေရဲ့ ပံ့ပိုးပြုစုခြင်းကိုခံရပြီး ပေါက်ရောက်မှုစွမ်းအင်ရဲ့ နေ့ရောညပါ အားပေးမှုကြောင့် သစ်ငုတ်တွေကနေ အညှောက်တွေ ပေါက်လာရပါတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တွေရောက်လာပြီး စားသောက်လိုက်ကြတော့ တောင်ဟာ အပင်မရှိ၊ တောင်ခေါင်းတုံးပဲ ပြန်ဖြစ်ရတော့တယ်။ ဒါကိုမြင်တော့ လူတွေက ထင်ကြတယ်။ ဒီတောင်မှာ သစ်ပင်မပေါက်တော့ဘူးရယ်လို့။ ဒါပေမယ့် ဒါဟာ တောင်ရဲ့သဘာဝလား"

"လူ့သဘာဝဟာလည်း ဒီအတိုင်းပါပဲ။ လူဆိုတာ လူသားဆန်တဲ့ နှလုံးသားခေါ်တဲ့ 'ရင်' နဲ့ တရားမှန်ကန်မှုတွေ ကင်းမဲ့တယ်လို့ ဘာဖြစ်လို့ ပြောနိုင်ရမှာလဲ။ လူဟာ သူ့ရဲ့ကောင်းမွန်တဲ့သဘောထားတွေကို သစ်ပင်တွေ ခုတ်လှဲခံရသလို ဆုံးရှုံးလိုက်ရတာပဲဖြစ်တယ်။ နေ့စဉ်နဲ့အမျှ ခုတ်လှဲခံနေရတော့ နှလုံးသားဟာ ကောင်းမွန်မှုကို ထိန်းထားနိုင်ပါတော့မလား"

"ဒါပေမဲ့လည်း အရဏ်ရဲ့ငြိမ်းအေးတဲ့လေနဲ့ နေ့ညမပြတ် အလုပ်လုပ်နေတဲ့ ဇီဝစွမ်းအင်တို့ရဲ့ ပံ့ပိုးမှုကြောင့်-လူဟာ လူအားနဲ့သင့်လျော်တဲ့ ဆန္ဒတွေကို နှလုံးသားမှာ ကြီးပြင်းလာစေပါတယ်။ ဒါပေမဲ့ မကြာခင်ပဲ ဒီစိတ်ကောင်းသဘောထားကောင်းတွေဟာ တစ်နေ့တာလှုပ်ရှားလုပ်ကိုင်မှုကြောင့် ဆီးတားဖျက်ဆီးခြင်း ခံကြရတယ်။ ဒီလို အကြိမ်ကြိမ်ဖျက်ဆီးခြင်းခံရတော့ ညဘက်ရဲ့ အာဟာရပေးပြုစုမှုဟာ ဒီ စိတ်

ကောင်းသဘောထားကောင်းတွေကို အသက်ရှင်အောင် မတတ်နိုင်ကြတော့ ဒါတွေဟာ ညှိုးရော်လာကြရတယ်။ အဲဒါနဲ့ပဲ လူတွေဟာ နောက်ဆုံးတော့ တိရစ္ဆာန်တွေနဲ့ သိပ်မကွာခြားလှတဲ့အခြေအနေကို ပြန်ရောက်ကြရတယ်။ ဒါကိုမြင်ရတော့ လူသားမှာ စိတ်ကောင်းသဘောထားကောင်းဆိုတာ မရှိခဲ့ဘူးလို့ ဆိုကြတယ်။ ဒါပေမဲ့ ဒါဟာ လူရဲ့သဘာဝပေလား"

ဤအဆိုအမိန့်၏ အဓိပ္ပာယ်မှာ ရှင်းနေပါသည်။

လူသားသည် ဥပမာထဲက တောင်ကဲ့သို့ပင် မူလက လှပစိုပြည်ခဲ့ပါ၏။ သို့ရာတွင် ပြင်ပအရှိန်ဩဇာသက်ရောက်မှုများကြောင့်၊ ထိုသက်ရောက်မှုများမှာ ပုဆိန်များကြောင့်ဖြစ်စေ၊ တိရစ္ဆာန်များကြောင့်ဖြစ်စေ၊ ကျွန်ုပ်တို့၏ နေ့စဉ်ကြုံတွေ့ရသည့် ဘဝပြဿနာများကြောင့် လူသားသည်လည်း တောင်ကြီးကဲ့သို့ပင် နောက်ဆုံး၌ မူလရှိရင်းစွဲအလှအပကို ဆုံးရှုံးလိုက်ရလေသည်။

ဤသို့ဖြစ်ရခြင်းကိုကြည့်ပြီး၊ လူ၏ မူလသဘာဝသည် မကောင်းမွန်၊ မလှပဟူ၍ဆိုခြင်းငှာ မသင့်ချေ။

ဆရာကြီးမိန်းရှပ်က ဤစိတ်ကူးသဘောထားကို ဆန့်ထုတ်ကာ သဘာဝအားဖြင့် လူသည် တစ်ဦးနှင့်တစ်ဦး အတူတူသာဖြစ်သည်။ ယနေ့အမြင်တွင် လူတစ်ဦးနှင့်တစ်ဦး မတူဘဲ ကွဲပြားခြားနားနေကြခြင်းကား ပတ်ဝန်းကျင်လောကကြောင့်သာဖြစ်သည်ဟု ဆန့်ထုတ်ယူဆသည်။

ထို့အပြင်လည်း ဆရာကြီးမိန်းရှပ်က တူညီသောအခြေအနေများအကြားတွင် ပေါက်ရောက်လာရသော ဘာလီစေ့များသည် တစ်ခုနှင့်တစ်ခု တူညီကြသကဲ့သို့၊ လူသားများသည်လည်း အခြေအနေတူညီလျှင် တစ်ဦးနှင့်တစ်ဦး သဘောထားအမူအကျင့်တွေ တူညီနေမည်သာဖြစ်သည်ဟု ယူဆလေသည်။

ဤသို့အားဖြင့် ဆရာကြီးမိန်းရှပ်က လူသည် ဆိုးသွမ်းခဲ့ပါလျှင် မူလသဘာဝကြောင့်မဟုတ်ဘဲ ပြင်ပအရှိန်အဝေါ်များက မူလသဘာဝကို တားဆီးပိတ်ပင် ဖျက်ဆီးကြသောကြောင့်သာဖြစ်ပြီး၊ မူလသဘာဝသည်ကား ကောင်းမွန်သည်သာ ဖြစ်၏ဟု ဆိုလိုပေသည်။ လူ့လောကတွင် ကောင်းမွန်မှုစိုးမိုးရန်အတွက် မျှော်လင့်ချက် မဆိတ်သုဉ်းကြောင်းကို ပြနေလေသည်။

ဆရာကြီးမိန်းရှပ်၏အယူအဆတွင် လူ၏မူလသဘာဝမှာ ကောင်းသည်ကို မြတ်နိုးသည်ဖြစ်၍ လူကို ကောင်းစေလိုသည့် ကိုင်းညွတ်ချက်ကလေးရှိသည်ဟု ယူဆထားပုံရ၏။ လူတွင် အခြေခံအားဖြင့် သနားကရုဏာရှိသည်။ အရှက်

အကြောက်ရှိသည်။ အလျှော့ပေးလိုစိတ်ရှိသည်။ အမှားအမှန် ခွဲခြားသိသင့်သလောက် သိပါ၏။

ဆရာကြီးမိန်းရှပ်ပေးထားသော အောက်ပါဥပမာကလေးကို ကြည့်စေချင်ပါသည်။

အကယ်၍ လူတစ်ယောက်သည် ကလေးငယ်တစ်ဦး ရေတွင်းထဲကျတော့မလိုဖြစ်နေသည်ကို တွေ့သည် ဆိုပြားအံ့။ ထိုသူ၏ရင်ထဲတွင် အလန့်တကြားနှင့် သောကရောက်မှုတို့ကို မုချပင်ခံစားရမည် ဖြစ်ချေ၏။ သူသည် ဤခံစားမှု ဖြစ်ပေါ်လာသည်မှာ ကလေး၏မိဘများက ကျေးဇူးတင်သည်ကို ခံချင်၍မဟုတ်ပါ။ အေးပတ်ဝန်းကျင်က လူတွေ၏ ဝိုင်းဝန်းချီးကျူးခြင်းကို ခံလို၍မဟုတ်ပါ။ ကလေးငိုသံကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရ၍လည်း မဟုတ်ပါ။ ဤအဖြစ်မှနေ၍ ကျွန်ုပ်တို့နားလည်နိုင်သည်မှာ သနားခြင်းကို ခံစားမှုကင်းမဲ့လျှင်၊ အရှက်အကြောက်တရားကင်းမဲ့လျှင်၊ အလျှော့ပေးလိုစိတ်ကင်းမဲ့လျှင်၊ အမှားအမှန်ကို ခွဲခြားသိမှုကင်းမဲ့လျှင် သူသည် လူမဟုတ်တော့ချေ။

**သနားကရုဏာစိတ် ဖြစ်ပေါ်ခြင်းသည် လူစိတ်ရှိမှု၏ အစဖြစ်သည်။ အရှက် အကြောက်ရှိခြင်းသည် မှန်တာကို လက်ခံမှု၏အစဖြစ်သည်။ နိဂါတတရားနှင့် အလျှော့ပေးခြင်းသည် တော်သည့်မှန်ကန်မှု၏အစဖြစ်သည်။ အမှားအမှန်ကို ခွဲခြားသိခြင်းသည် ပညာ၏အစဖြစ်သည်။ လူတွင် ခြေလက် အင်္ဂါလေးခုရှိသလို ထိုနိဒါန်းအစသည် လေးခုရှိပေ၏။**

ဆရာကြီးမိန်းရှပ်သည် ဤအခြေခံလေးခုကို ပျိုးထောင်သွားစေလိုသည်။ အဘယ်ကြောင့်ဆိုသော် **သနားကရုဏာရှိခြင်းသည် လူ၏နှလုံးသားဖြစ်၍ မှန်ကန်မှုကို နှစ်သက်ခြင်းသည် လူလျှောက်ရမည့် လမ်းဖြစ်သည်။ လမ်းကို စွန့်၍ ဆက်မလျှောက်သူများသည် ဆုံးရှုံး၏။ နှလုံးသားကျပျောက်ပြီး ပြန်မရှာခြင်းနှင့် တူလှသည်။** မိမိတို့မွေးထားသော ကြက်များ၊ ခွေးများ ပျောက်ဆုံးလျှင်ပင် လိုက်ရှာရ ကောင်းမှန်း သိပါလျက်နှင့် နှလုံးသားပျောက်ဆုံးသောအခါ ရှာရကောင်းမှန်းမသိသည်မှာ အံ့သြဖွယ်ဖြစ်ချေသည်။ တကယ်တော့ ပညာဟူသည်မှာ ဘာမျှမဟုတ်။ **ပျောက်ဆုံးသွားသော နှလုံးသားကို လိုက်ရှာခြင်း** ဖြစ်ပေသည်။ ဤကား ဆရာကြီး မိန်းရှပ်၏ ခံယူချက်ဖြစ်၏။

**ပျောက်ဆုံးသွားသော နှလုံးသားကို လိုက်ရှာသည်ဆိုခြင်းမှာ ကျွန်ုပ်တို့၏ မူလပကတိ အရင်းခံရှိရင်းစွဲဖြစ်သော ကောင်းမွန်မှုကို ပြန်လည်**

**ရယူခြင်း ဖြစ်လေသည်။** ဤသည်မှာ လူ၏ အကြီးဆုံးသောတာဝန်ဖြစ်သည်ဟု ပညာရှိကြီးမိန်းရှပ်က ယူဆသည်။ ဤအရာများကို အသစ်ပြုလုပ်ယူရသည် မဟုတ်ပါ။ ရှိပြီးသား ညှိုးနွမ်းသွားသည်ကို ပြန်လည်ဖော်ထုတ်၍ ရှင်သန်အောင်ပြုလုပ်ခြင်းသာ ဖြစ်ပါ၏။ သို့သော် တကယ်တော့ ဤသို့ **နှလုံးသားကိုပြန်ရှာခြင်းမှာ နိဒါန်းသာရှိသေးသည်။ ဆက်၍လုပ်ရမည့်အလုပ်မှာ ပိုမိုကြီးထွားလာအောင် ပြုစုပြီး ထိုစိတ်ထားခံစားမှုများ ၏ အကျိုးသက်ရောက်မှုကို ဆန့်ထုတ်ကာ လူအားလုံးအကျိုးရှိစေရန်အတွက် ဆောင်ရွက်ရမည်**ဟု ဆရာကြီးမိန်းရှပ်က ယူဆသည်။ သူသည် ဤနေရာတွင် ပညာရှိကြီး ကွန်ဖြူးရှပ်နှင့် အယူအဆတူ၏။

*"သင်၏မိသားစုထဲမှ အိုမင်းသူများအား ပြုစုသင့်ပြုစုထိုက်သလို ပြုစုစောင့်ရှောက်ရမည်ဖြစ်ပြီး၊ ယင်းသို့ ပြုစုစောင့်ရှောက်ခြင်းကို အခြားသူများ၏ မိသားစုများထဲမှ အိုမင်းသူများထံရောက်အောင် ဆန့်ထုတ်ရမည်။ သင်၏မိသားစုထဲမှ ကလေးသူငယ်များကို ပြုစုသင့်ပြုစုထိုက်သလို ပြုစုပေးပြီး ဤပြုစုမှုကို အခြားသော မိသားစုများထဲမှ ကလေးသူငယ်များထံရောက်အောင် ဆန့်ထုတ်ရမည်"*

ဤသည်ကို ပညာရှိကြီးမိန်းရှပ်က **အခြားသူများကို ခြိုင့်မိအောင် မိမိ၏ ကောင်းမွန်သောနှလုံးသားကို ဆန့်ထုတ်ခြင်း** ဟူ၍ ခေါ်ဝေါ်လေသည်။

ဆရာကြီးမိန်းရှပ်သည် လူသားဆန်သော လူ့နှလုံးသားရှိဖို့ကို ရှေ့တန်းတင် ပြောကြားခြင်းဖြင့် သူ၏ဆရာဖြစ်သူ ကွန်ဖြူးရှပ်ကဲ့သို့ပင် ကျော်စောလာရခြင်း ဖြစ်လေသည်။ လူသည် ပင်ကိုသဘောအားဖြင့် ကောင်းမွန်သည်ကို နှစ်သက်သည်ဖြစ်၍ ကောင်းသောသဘာဝရှိသည်။ တော်တည့်မှန်ကန်၊ တရားမျှတသည်ကို နှစ်သက်သည်ဖြစ်၍ မှန်ကန်သောသဘာဝရှိသည်။

သို့သော် လူသားများတွင် ထိုသဘာဝများ ကင်းမဲ့ခြင်း၊ မပြသာအောင် ဖုံးလွှမ်းနေခြင်းဖြစ်သောကြောင့် လူသည် လူမဆန်သလို ဖြစ်နေရ၏။ ဤသည်ကို ဆရာကြီးမိန်းရှပ်က **'နှလုံးသားကျပျောက်ခြင်း'** ဟူ၍ လှလှပပတင်စားခေါ်ဝေါ်လိုက်၏။ စွဲမက်စရာကောင်းသောစကားလုံးဖြစ်သည်။

မရှိသည်ကို ဖန်တီးယူရသည်မဟုတ်ပါ။ ရှိပြီးသားဖြစ်ပါလျက် ပျောက်ဆုံးသွား၍သာ ပြန်လည်ရှာဖွေဖော်ထုတ်ရခြင်းဖြစ်ပါ၏။ ဆရာကြီးမိန်းရှပ်၏ သင်ကြားမှုတွင် မှတ်သားစရာ အကောင်းဆုံးအချက်ပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် ကောင်းမွန်အောင် အထူးကြိုးစားစရာမလို။ မိမိတို့၏ မူလသဘာဝတွင် ရှိနှင့်ပြီးသော၊ ငုပ်လျှိုးနေသော၊ အကြောင်းကြောင်းကြောင့် မဖော်ထုတ်

လိုသည့် (ဝါ) မဖော်ထုတ်ဝံ့သည့် ထိုထိုသော ကောင်းမွန်မှု၊ တရားမျှတမှု၊ မသင့်တော်သည်ကို ပြုလုပ်ရမှာ ရှက်ကြောက်မှု၊ ပလွှားခြင်းမရှိ၊ ရိုးရိုးကုပ်ကုပ်နှင့် အလျှော့ပေးတတ်မှုဟူသော အရည်အသွေးများကို ပြန်လည်ဖော်ထုတ်၍ ကြီးထွားအောင် အားထုတ်သွားရန်သာ ရှိလေသည်။

တစ်ဖန် ထိုအရည်အသွေးများ၏ ကောင်းမြတ်သော အကျိုးသက်ရောက်မှုများကို မိမိတစ်ဦးတည်းသာ မခံစားဘဲ အခြားအခြားသောသူများလည်း ခံစားကြပါစေဟူသောစိတ်ထားဖြင့် ဆန့်ထုတ်ပေးကြရမည်ဖြစ်၏။ ဤကား တရုတ်ပညာရှိကြီးမိန်းရှပ်က လူ့လောကကို လမ်းညွှန်ပြ၍ အကျိုးပြုသွားခြင်း ဖြစ်ပေ၏။

လူ့သဘာဝနှင့်ပတ်သက်၍ ဆရာကြီးမိန်းရှပ်၏ဟောပြောချက်များကို ဆက်လက်၍ ကောက်နုတ်ဖော်ပြသွားပါမည်။

ကုန်တုဇူက ပြော၏။

*"ကောင်ဇူက လူ့သဘာဝဟာ ကောင်းတာလည်းမဟုတ်ဘူး။ ဆိုးတာလည်းမဟုတ်ဘူးလို့ဆိုတယ်။ တချို့ကတော့လည်း လူ့သဘာဝဆိုတာ ကောင်းတာကိုလည်း ပြောင်းလဲသွားနိုင်တယ်။ ဆိုးတာကိုလည်း ပြောင်းလဲသွားနိုင်တယ်တဲ့။ ဟော . . . တချို့ကျပြန်တော့ ကောင်းတဲ့သဘာဝက ကောင်းတယ်။ ဆိုးတဲ့သဘာဝက ဆိုးတယ်လို့ ဆိုကြပြန်ရော။ ဆရာကတော့ လူ့သဘာဝဟာ ကောင်းတယ်လို့ ဆိုပြန်တယ်။ ဒါဆိုရင် သူတို့တွေအားလုံး မှားနေကြတယ်လား"*

ဆရာကြီးမိန်းရှပ်က ပြန်ပြောသည်။ ***"ပင်ကိုအရည်အသွေးအားဖြင့်ကို လူ့သဘာဝဟာ ကောင်းတယ်လို့ ယူဆနိုင်ပါတယ်။ ဒါကြောင့် ဒါကို ကောင်းတယ်လို့ ပြောတာပေါ့။ တကယ်လို့များ ဆိုးတာဖြစ်လာရင် အဲဒါဟာ ပင်ကိုအရည်အသွေးရဲ့ အပြစ်မဟုတ်ဘူး။ ကရုဏာသဘောဟာ လူတိုင်းမှာရှိတယ်။ မကောင်းတာလုပ်ရမှာ ရှက်တဲ့သဘောဟာ လူတိုင်းမှာရှိတယ်။ ရိုသေထိုက်တာကို ရိုသေတတ်တဲ့ သဘောဟာ လူတိုင်းမှာရှိတယ်။ ကရုဏာသဘောဟာ လူသားဆန်တာပဲ၊ ရင်။ ရှက်တတ်တဲ့သဘောဟာ တရားနည်းလမ်း မှန်ကန်မှုပဲ၊ ယီ။ ရိုသေတတ်တာ တော်တည့်မှန်ကန်မှုပဲ၊ လီ။ အမှားအမှန်သိတဲ့ သဘောဟာ ပညာပဲ၊ ချီ။ အဲဒီ လူသားဆန်တာတွေ၊ တရားလမ်းမှန်တာတွေ၊ တော်တည့်မှန်ကန်တာတွေ၊ ပညာတွေ၊ အဲဒါတွေဟာ သင်ယူဆည်းပူးလို့ရတာမဟုတ်ဘူး။ ငါတို့ရဲ့သဘာဝမှာ ပင်ကိုမူလအားဖြင့် ရှိနေသည့် အရည်အသွေးတွေပါ။ ဒါတွေကို ငါတို့ဟာ စည်းစားကြည့်ဖို့ မေ့နေကြလို့ပဲ။***

*စကားပုံက ဆိုတယ်မဟုတ်လား။ 'ရှာပါ၊ တွေ့လိမ့်မယ်၊ ပစ်ထားပါ၊ ဆုံးရှုံးသွားလိမ့်မယ်' လို့ ဆိုတယ်မဟုတ်လား။ ရှိနေတဲ့ ပမာဏချင်းတော့ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ တချို့က ကိုယ့် မူလစွမ်းရည်ကို ပြည့်ပြည့်ဝဝကြီးထွားအောင် မလုပ်ကြလို့ဘဲ"*

ကောက်ဇူက ပြောသည်။

"*လူရဲ့သဘာဝဟာ လျှင်မြန်တဲ့ရေစီးနဲ့ တူပါတယ်။ လေက အရှေ့ဘက်ကို တိုက်ခတ်ရင် ရေက အရှေ့ဘက်ကိုစီးတယ်။ အနောက်ဘက်ကို တိုက်ခတ်ရင် အနောက်ဘက်ကိုစီးတယ်။ ရေသဘောအရ အရှေ့ရယ်၊ အနောက်ရယ်မရှိသလို၊ လူရဲ့သဘာဝဟာလည်း အကောင်းရယ်၊ အဆိုးရယ်မရှိပါဘူး*"

"ရေဟာ အရှေ့ကိုဖြစ်ဖြစ်၊ အနောက်ကိုဖြစ်ဖြစ် စီးတာမှန်တယ်။ ဒါပေမဲ့ အဲဒီ လိုပဲ အပေါ်ကိုဆန်တာတွေ၊ အောက်ကိုစုန်တာတွေ ရှိသလား။ ရေဟာ အောက်ကို ပဲစုန်သလို လူ့သဘာဝဟာလည်း ကောင်းတာကိုပဲ ဦးတည်ပါတယ်။ ကောင်းတာ မလုပ်ချင်တဲ့လူ မရှိဘူး။ ကဲ . . . မင်းဟာ ရေကို ပိတ်ရိုက်လိုက်ကြည့်ပါ။ မင့်ခေါင်း ပေါ်ကိုကျော်ပြီး ပျံတက်သွားမယ်။ ရေကို ဆည်တားပြီး လှောင်ထားကြည့်ပါ။ တောင်ကုန်းတွေပေါ်လည်း ကျော်ပြီးစီးမှာပဲ။ ဒါပေမဲ့ အဲဒါဟာ ရေရဲ့သဘာဝလား။ အမှန်ကတော့ ပြင်ပအရှိန်သြဇာကြောင့်သာ ရေဟာ ဒီလိုလုပ်ဆောင်တာပါ။ ဒီလိုပဲ။ လူဟာ ကောင်းတာကိုမလုပ်ဘဲ၊ မကောင်းတာကိုလုပ်ပြီဆိုရင် သူ့သဘာဝဟာ ဒီပုံမျိုး အနိုင်ကျင့်ခံရတာ ဖြစ်တယ်"

ကောက်ဇူက

"*ကျွန်တော်တို့ရဲ့ သဘာဝဆိုတာ ဘာကိုခေါ်တာလဲ*" ဟုမေးရာ၊ ဆရာကြီးက "အဲဒါဟာ အဖြူဆိုရင် အဖြူပဲမဟုတ်လားလို့ မေးတဲ့သဘောလား" ဟု ပြန်မေးသည်တွင်၊ ကောက်ဇူက "*ဟုတ်ပါတယ်*" ဟု ဖြေသည်။

ထိုအခါ ဆရာကြီးမိန်းရှပ်က သူ့အမေးကို မေးခွန်းများဖြင့် ပြန်ဖြေသည်။

"ရှက်သွေးအဖြူက အဖြူဟာ နှင်းပွင့်က အဖြူနဲ့တူသလား။ ပြီးတော့ နှင်းပွင့်ရဲ့အဖြူဟာ ကျောက်စိမ်းက အဖြူနဲ့အတူတူပဲလား" ဟုမေးရာ၊ ကောက်ဇူက "*ဟုတ်ပါတယ်*" ဟုဖြေ၏။ ထိုအခါ ဆရာကြီးက ဆက်၍မေးတော့သည်။

"ကောင်းပြီ၊ ဒါဖြင့် ခွေးရဲ့သဘာဝက နွားရဲ့သဘာဝနဲ့ တူသလား။ ပြီးတော့

နွားရဲ့သဘာဝဟာ လူရဲ့သဘာဝနဲ့တူသလား"

လူတွင် ရှိရင်းစွဲသဘာဝကောင်းနှင့်ပတ်သက်၍ ဆရာကြီးမိန်းရှပ် (မုန်းဇီ)က အောက်ပါအတိုင်း မိန့်ကြားခဲ့လေသည်။

"နွားသိုးတောင်ပေါ်မှ သစ်ပင်တွေဟာ တစ်ခါက အင်မတန်လှပကြပါတယ်။ ဒါပေမဲ့ တိုင်းစွန်တိုင်းဖျားမှာ ဖြစ်နေတော့ ပုဆိန်တွေ၊ ရဲတင်းတွေနဲ့ ခုတ်လှဲပစ်ကြတယ်။ ဒီတော့ သူတို့ လှနိုင်ကြသေးရဲ့လား။ ဒါတောင်မှ မိုးရေတွေ နှင်းရေတွေနဲ့ အတူ ကြီးပြင်းမှုစွမ်းအားက နေ့ရောညဥ့်ပါ အလုပ်လုပ်ပေးတော့၊ သစ်ငုတ်တိုတွေဟာ အညွန့်အညှောက်တွေ ထွက်လာပြန်တယ်။ ဟော မကြာခင်ပဲ ကျွဲတွေ၊ နွားတွေ၊ သိုးတွေ လာကြပြီး အဲဒီအညွန့်အညှောက်ကလေးတွေကို စားပစ်လိုက်ကြတော့ တောင်ကြီးဟာ အခုလိုပဲ တောင်ကတုံးဖြစ်နေပါလေရော။ ဒါကိုမြင်တော့ လူတွေ ဒီတောင်မှာ သစ်တောမရှိခဲ့ဘူးလို့ မှတ်ယူကြတော့တယ်။ အဲဒါဟာ တောင်ရဲ့သဘာဝလား"

"လူတွေရဲ့သဘာဝလည်း ဒီလိုပါပဲ။ လူတွေမှာ ရင် မရှိဘူး။ မှန်ကန်မှု မရှိဘူးလို့ ဘယ်လိုလုပ်ပြောလို့ရမှာလဲ။ ဖြစ်ပုံက စောစောကပြောတဲ့သစ်ပင်တွေ ခုတ်လှဲခံရသလို လူဟာလည်း ကောင်းတဲ့နှလုံးသားကို ဆုံးရှုံးခံလိုက်ရတယ်။ တစ်နေ့ပြီးတစ်နေ့ ဖိစီးတိုက်ခိုက်ခံနေရတော့ နှလုံးသားဟာ ကောင်းမွန်မှုကို ဘယ်လိုထိန်းသိမ်းထားနိုင်တော့မှာလဲ။ ဒါနဲ့ပဲ . . . အရုဏ်ဦးရဲ့ လေအေးကလေးရဲ့ပြုစုမှု၊ ဇီဝ စွမ်းအင်ရဲ့ နေ့ရောညဥ့်ပါ အလုပ်လုပ်ပေးမှုတို့ကြောင့် လူမှာ ရှိသင့်ရှိထိုက်တဲ့ လိုအင်ဆန္ဒတွေဟာ နှလုံးသားထဲမှာ ရှင်သန်လာပြန်ရော။ ဒါပေမဲ့ မကြာခင်မှာ တစ်နေ့တာအလုပ်ရဲ့ အဝင်လမ်းတွေကြောင့် ဒီလိုကောင်းတဲ့စိတ်ထားခံစားမှုတွေဟာ အဟန့်အတား၊ အဖျက်အဆီးခံလိုက်ရတော့တယ်။ အဲဒီလို အကြိမ်ကြိမ်အထပ်ထပ် ဟန့်တားခံရတော့ သူတို့ဟာ ညှိုးရော်လာကြပြီး ညဘက်ရဲ့ ဇီဝစွမ်းအားရဲ့ အရှိန်ဩဇာကတောင် သူတို့ကို ဆက်လက်ရှင်သန်စေဖို့ မတတ်နိုင်တော့ဘူး။ ဒါနဲ့ နောက်ဆုံးမှာ လူတွေဟာ ငှက်တွေ၊ သားရဲတိရစ္ဆာန်တွေနဲ့ မခြားလှတဲ့ အခြေအနေကို ကျဆင်းသွားကြရတယ်။ ဒါကို လူသားမှာ ကောင်းမွန်တဲ့စိတ်ထားခံစားမှုတွေ ဘယ်တုန်းကမှ မရှိခဲ့ဘူးလို့ လူတွေက ယူဆ ကုန်ကြတယ်။ ဒါပေမဲ့ အဲဒါဟာ လူရဲ့သဘာဝလား။ ဒါကြောင့် ဒီလို ကောက်ချက်ချချင်တယ်။

*မှန်ကန်စွာ ဂရုစိုက်ထားရင် ဘာမဆို ရှင်သန်ဖွံ့ဖြိုးမယ်။*
*လျစ်လျူရှုပစ်ထားရင် ဘာမဆို ပိန်ကျုံ့သွားရမယ်။*

*"ဆရာကြီးကွန်ဖြူးရှပ်က ပြောတယ်။ 'မြဲမြဲဆုပ်ထား။ သင် သူ့ကို ဖမ်းထားနိုင်လိမ့်မယ်။ လွှတ်လိုက်စမ်း။ သင် သူ့ကို ဆုံးရှုံးသွားလိမ့်မယ်။* ဒါဟာ အချိန်ကို အလေးမမူဘဲ လာချင်လာတယ်။ သွားချင်သွားတယ်။ သူ ဘယ်မှာ နေတယ်ဆိုတာ ဘယ်သူမှမသိဘူး'တဲ့။ အဲဒါ လူသားရဲ့နှလုံးသားကို သူပြောနေတာ မဟုတ်ဘူးလား"

အလွန်ပင် အဖိုးတန်လှသော မိန့်ကြားချက်များဖြစ်သည်။ ဤနေရာတွင် ကောင်းမြတ်သောစိတ်ထားဟူ၍ နားလည်ရမည့် 'ရင်' သည် လူ့နှလုံးသားထဲတွင် ကနဦးကပင် ရှိရင်းစွဲဖြစ်သော်လည်း လောကဓံတရားများနှင့် ရင်ဆိုင်တွေ့ရာတွင် ညှိုးရော်ဆုံးရှုံးသွားရသည်။ ထို့ကြောင့် ကျွန်ုပ်တို့လူသားများသည် ရှိရင်းစွဲကောင်းမြတ်သည့် စိတ်ရင်းကို ဂရုမပြု ပစ်မထားထိုက်ချေ။

ပြုစုထိန်းယူခြင်းဖြင့် ဆုပ်ကိုင်ထားရမည်။ မျက်ခြည်မပြတ် စောင့်ကြည့်လာခြင်းဖြင့် ရှင်သန်စေရမည်။ ကိုယ်ကောင်း ခေါင်းဘယ်မရွေ့ဆိုသော်လည်း ကိုယ်ကို ဂရုတစိုက်ထားဖို့တော့ လိုအပ်လှချေ၏။ မိမိတွင်ရှိပြီးသား ကောင်းမွန်မှုကို မဆုံးရှုံးရအောင် ထိန်းသိမ်းထားဖို့ ထာဝစဉ်ကြိုးစားနေကြရမည်သာဖြစ်သည်။ ကောင်းမြတ်မှု (ရင်) ဆိတ်သုဉ်းသွားလျှင်ကား မကောင်းမိစ္ဆာသည် အလိုလိုရောက်ရှိနေမည်သာဖြစ်သည်။ စိတ်သည် မကောင်းမှုတွင် မွေ့လျော်သည်ဖြစ်သောကြောင့် မကောင်းမှုကို အထူးဖိတ်ခေါ်စရာမလိုပါ။ ရရှိရန်ကြိုးစားဖို့မလိုပါ။ ကောင်းမြတ်မှုကို မထိန်းထားနိုင်သည်နှင့်တစ်ပြိုင်နက် မိစ္ဆာပါပ မကောင်းမှုသည် နေရာယူပြီးသား ဖြစ်ပေတော့၏။

ဆရာကြီးမိန်းရှပ်သည် ဤသို့လည်း မိန့်ကြားခဲ့ပါသေးသည်။

"အစားအစာ ဆာလောင်မွတ်သိပ်နေသူဟာ ဘယ်အစားအစာဖြစ်ဖြစ် ကောင်းတာကို တွေ့ရတယ်။ ရေငတ်နေသူဟာ ဘာကိုသောက်ရသောက်ရ ကောင်းတယ် ထင်တာပဲ။ သူတို့ဟာ အစားအစာ အရည်တွေကို ကောင်းစွာမဆုံးဖြတ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့အဆုံးအဖြတ်ကို ဆာလောင်မွတ်သိပ်ခြင်းက ဖျက်ဆီးခဲ့လို့ပဲ ဖြစ်တယ်။ ဒါပေမဲ့ ဆာလောင်မွတ်သိပ်ခြင်းဟာ ပါးစပ်နဲ့ဝမ်းဗိုက်ကိုပဲ ထိခိုက်စေခဲ့တာလား။ မဟုတ်သေးဘူး။ လူရဲ့စိတ်ကိုလည်း ထိခိုက်ဖျက်ဆီးခဲ့တယ်။ တကယ်လို့ လူဟာ ဆာလောင်မွတ်သိပ်ခြင်းရဲ့ ဖျက်ဆီးမှုဒဏ်ကို မခံရအောင် စိတ်

ကိုထိန်းသိမ်းထားနိုင်မယ်ဆိုရင် မိမိဟာ တခြားလူတွေလောက် မကောင်းမှာကို ပူပင်နေစရာမလိုတော့ဘူး"

လောကထဲမှာနေလျှင် လောကဓံတရားကို ရှောင်၍မရ။ ကြုံတွေ့နေရမည်သာ ဖြစ်သည်။ လောကဓံတရား၏ ရိုက်ခတ်ဒဏ်သင့်မှုကို ကျွန်ုပ်တို့၏ရုပ်ခန္ဓာက ထိခိုက်ခံစားကြရမည်သာဖြစ်ပါ၏။ လောကဓံတရားနှင့် မထိတွေ့ရ ဟူ၍ ရုပ်ခန္ဓာကို ထိန်းသိမ်းထား၍မရပါ။

သို့သော် လောကဓံတရားသည် ရုပ်ခန္ဓာကိုသာမက စိတ်ကိုလည်း ထိခိုက်ဒဏ်သင့်စေသည်သာ ဖြစ်၏။ တိုသို့ဖြစ်သော်ငြားလည်း စိတ်ကိုတော့ ကျွန်ုပ်တို့သည် ထိန်းသိမ်း၍ရသည်။ ခံစားမှုတစ်ခုကို လက်သင့်ခံထား၍လည်း ရ၏။ ပုတ်ချ၍ ငြင်းပယ်ခြင်းကိုလည်း ပြုနိုင်သည်။ ထို့ကြောင့် မိမိ၏စိတ်ကို သင့်လျော်သလို ထိန်းကွပ်ပေးသွားသည်ရှိသော်၊ ကြုံတွေ့ရသော လောကဓံတရားကြောင့် ကျွန်ုပ်တို့၏ခံစားမှုသည် ဒဏ်မသင့်နိုင် ဖြစ်ရလေသောအခါတွင် ကျွန်ုပ်တို့သည် လောကဓံတရားနှင့် မဆက်ဆံရသလို ဖြစ်ကြရတော့သည်။ လောကဓံတရားတို့နှင့် ထိတွေ့ရပါသော်လည်း ကျွန်ုပ်တို့၏စိတ်သည် ခံစားတုန်လှုပ်တော့မည် မဟုတ်ပါ။

လူ၏စိတ်စေတနာရင်းနှင့် ပတ်သက်၍လည်း ဆရာကြီးမိန်းရှပ်သည် ယခုကဲ့သို့ ဆုံးမပြန်လေသည်။

"တကယ်လို့ လူတစ်ယောက်ဟာ မပြောသင့်တာကို ပြောခဲ့ပြီဆိုရင်၊ အဲဒါသူဟာ စကားနဲ့ မျက်နှာလုပ်တာပဲ။ တကယ်လို့ လူဟာ ပြောသင့်တာကို မပြောဘူးဆိုရင်၊ အဲဒါ သူဟာ တိတ်တိတ်နေခြင်းနဲ့ မျက်နှာလုပ်တာပဲ။ ဒီအရေးနှစ်ခုမှာ ဘယ်ဟာဖြစ်ဖြစ် မကောင်းတဲ့စိတ်ထား၊ ရက်စရာကောင်းတဲ့စိတ်ထားပဲ ဖြစ်တယ်"

ကျွန်ုပ်တို့တော်တော်များများသည် အပြစ်ကျူးလွန်သည်ဆိုခြင်းမှာ တစ်စုံတစ်ခုကိုပြုလုပ်ခြင်းဖြစ်သည်ဟု ထင်မြင်ယူမှတ်ထားကြ၏။ မှန်ပါသည်။ တစ်စုံတစ်ခုကို ပြုလုပ်ခြင်းဖြင့် အပြစ်ကျူးလွန်နိုင်ပါ၏။ သို့သော် ဤမျှလောက်နှင့် ရပ်တန့်မနေပါ။ လုပ်သင့်လုပ်ထိုက်တာကို မလုပ်ဘဲနေခြင်းအားဖြင့်လည်း အပြစ်ကျူးလွန်ရာ ရောက်နိုင်ပါ၏။

ဤအချက်ကို အထက်ပါဆရာကြီး၏ ဆုံးမချက်တွင် အတိအလင်း မီးမောင်းထိုးပြထားသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လုပ်သင့်လုပ်ထိုက်သည်ကို မလုပ်ဘဲနေခြင်း၊ ပြောသင့်ပြောထိုက်သည်ကို မပြောဘဲနေခြင်း၊ တွေးသင့်တွေးထိုက်သည်ကို မတွေးဘဲနေခြင်းအားဖြင့်လည်း အပြစ်တွေကို ကျူးလွန်ရာရောက်နိုင်ပါကြောင်း

ကို အချိန်ပေး၍ ဆင်ခြင်ပွားများသင့်လှပါသည်။

ကံနှင့်ပတ်သက်၍ ဆရာကြီးမိန်းရှပ်ပြောစကားများမှာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

"စိတ်ကို အမြင့်မားဆုံးလေ့ကျင့်ပေးထားသူဟာ သူ့သဘာဝကို သူသိတယ်။ သူ့သဘာဝကို သူသိရင် ကောင်းကင်ဘုံကို သိသူဖြစ်တယ်။ အဲဒါကြောင့် မိမိရဲ့စိတ်ကို လေ့ကျင့်ထိန်းသိမ်းပြီး မိမိရဲ့သဘာဝကို ပြုစုမွေးမြူခြင်းဟာ ကောင်းကင်ဘုံကို အလုပ်အကျွေးပြုရာရောက်တယ်။ လူတစ်ယောက်က အသေစောမှာကိုလည်း မပူဘဲနဲ့ အသက်ရှည်ဖို့အတွက်လည်း သောကရောက်မနေဘဲနဲ့ ကိုယ့်ရဲ့စာရိတ္တကို ပြုစုပျိုးထောင်ပေးပြီး သူ့သဘာဝအလျောက် ကြီးပြင်းတိုးတက်လာမှာကို စောင့်တယ်။ အဲဒါဟာ ကံနဲ့အညီ ရပ်တည်တာပဲဖြစ်တယ်"

အထက်ပါစကားနှင့် အောက်ပါစကားကလေးကို တွဲ၍ဖတ်ကြည့်ပါဦး။

"အရာရာဟာ ကံကြမ္မာရဲ့အဆုံးအဖြတ်ကို ခံရတယ်။ ဒီတော့ လူဟာ ကံကြမ္မာကို လက်ခံရမှာပဲ။ အဲဒါကြောင့် ကံကိုသိတဲ့လူဟာ အလွန်မက်စောက်တဲ့ နံရံကြီးအောက်မှာ ရပ်မနေဘူး။ *မိမိတာဝန်ကို ထမ်းဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ သေခြင်းတရားဟာ ကံကြမ္မာရဲ့လက်ချက်ပဲ။ ပြစ်ဒဏ်ပေးခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ သေခြင်းတရားဟာ ကံကြမ္မာရဲ့လက်ချက် မဟုတ်ဘူး"*

ကျွန်ုပ်တို့ မြန်မာစကားပုံတွင်လည်း 'ကံယုံ၍ ဆူးပုံမနင်းရာ' ဟူ၍ လည်းကောင်း၊ 'ဉစ္စာကို ကံစောင့်သည်။ အသက်ကို ဉာဏ်စောင့်သည်' ဟူ၍ လည်းကောင်းရှိပေ၏။

မိမိ လုပ်သင့်လုပ်ထိုက်သည်များကို ပြုလုပ်ရင်း သေဆုံးရခဲ့သော် ထိုသေခြင်းသည် ကံတရား၏ဆုံးဖြတ်ချက်ကြောင့် သေရခြင်းဖြစ်ပြီး မိမိ၏မိုက်ပြစ်ကြောင့် မိုက်ပြစ်ကို ဒဏ်ခတ်သည့်သဘောနှင့် ဖြစ်ပေါ်လာသော သေခြင်းတရားသည် ကံတရား၏ လက်ချက်မဟုတ်ဘဲ မိမိ၏ဉာဏ်က မစောင့်ရှောက်သဖြင့် မသေသင့်ဘဲသေခြင်းသာ ဖြစ်ပေတော့၏။

ရှေးခေတ် တရုတ်ပညာရှိကြီး 'မုန်းဇီ' ခေါ် မိန်းရှပ်၏ အဆိုအမိန့်များ များပြားစွာကျန်ရစ်ခဲ့သည်မှာ နောင်းလူများဖြစ်ကြသော ကျွန်ုပ်တို့အတွက် ကံကောင်းသည်ဟု ဆိုရပါမည်။ ပညာရှိဆိုလျှင် မည်သည့်တိုင်းပြည်၊ မည်သည့်နိုင်ငံက ပညာရှိ

ပင်ဖြစ်စေ သူ့တိုင်းပြည်၊ သူ့နိုင်ငံကလေးကွက်ကွက်အတွက်သာ ရည်ညွှန်းပြောဆိုခြင်းမပြုကြပါ။ လူသားတစ်ရပ်လုံး၏ ပစ္စုပ္ပန်နှင့် အနာဂတ် အကျိုးရှိစေရန် ဆိုမိန့်ကြသည်ချည်းပင်ဖြစ်ပါ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် လိမ္မာရေးခြား၍ ပညာတတ်ဖြစ်လိုသည်ဆိုလျှင် ပညာရှိတို့၏စကားများကို ရင်ထဲတွင် သိမ်းဆည်းထားသင့်သည်သာ ဖြစ်လေတော့သည်။

အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ကို ရွေးချယ်လုပ်ကိုင်သင့်ကြောင်း၊ ပိုက်ဆံအဝင်ကောင်းမှု တစ်ကွက်ကလေးကိုသာမကြည့်ဘဲ သင့်တော်ကောင်းမွန်သည့်အလုပ်ကို ရွေးချယ်သင့်ကြောင်းနှင့် အောက်ပါအတိုင်း မိန့်ကြားခဲ့ပါ၏။

"မြားလုပ်သမားနှင့် သံချပ်အကျီလုပ်သမားတို့တွင် မည်သူသည် 'ရင်' စိတ်ထားရှိပါသလဲ။ မြားလုပ်သမား၏ အဓိကစိုးရိမ်မှုမှာ သူ၏မြားသည် လူကိုထိခိုက်စေခြင်းမဖြစ်မှာစိုးခြင်းဖြစ်၏။ သံချပ်အကျီလုပ်သူ၏ အဓိကစိုးရိမ်မှုမှာ သူ၏ သံချပ်အကျီသည် လူကို ဒဏ်ရာအနာတရဖြစ်စေခြင်းမှ ကာကွယ်နိုင်ပါမည်လားဟူ၍ စိုးရိမ်ခြင်းဖြစ်၏။ ဘုန်းတော်ကြီးနှင့် ခေါင်းလုပ်သူ တို့သည်လည်း ထိုနည်းတူပင်ဖြစ်သည်"

ကလေးများသည် ရိုးဖြောင့်သည်၊ စိတ်ထားဖြူစင်သည်၊ မတရားမှုကို မကျင့်ကြံတတ် အစရှိသောဂုဏ်များနှင့် ပြည့်စုံသည်ဖြစ်သောကြောင့် ဆရာကြီးမိန်းရှပ်က အောက်ပါအတိုင်း မိန့်ကြားခဲ့သည်။

"ကြီးမြတ်တဲ့လူဟာ ကလေးနှလုံးသားမပျောက်ဆုံးဘဲ ပိုင်ဆိုင်ထားတဲ့လူပဲဖြစ်တယ်"

ဤစကားကလေးကိုလည်း ဆင်ခြင်ကြည့်ပါဦး။

"ရင်၏သဘောအတိုင်း လိုက်နာကျင့်ကြံသူသည် လေးပစ်သမားနှင့်တူ၏။ လေးပစ်သမားသည် ရှေးဦးစွာ သူ၏ကိုယ်နေကိုယ်ထားကို ညှိနှိုင်းပြင်ဆင်သည်။ ထို့နောက် မြားကို လွှတ်၏။ အကယ်၍ သူသည် ပစ်ချက်လွဲသွားသော် သူ့ထက်တော်သောသူများအပေါ်တွင် အငြိုးထားခြင်းမရှိပါ။ သူ့ကိုယ်သူသာ အာရုံပြုဆင်ခြင်၍ ပြန်လည်စစ်ဆေးပါသည်"

များစွာ မှတ်သားဖွယ်ကောင်းရုံမက လိုက်နာကျင့်ကြံထိုက်သော အဆိုအမိန့်ဖြစ်ပါ၏။ မအောင်မမြင်ဖြစ်ရမှုအတွက် အကြောင်းရင်းဖြစ်သောအပြစ်သည် သူတစ်ပါးတွင် မရှိပါ။ မိမိမှာသာ ရှိနိုင်ပါသည်။ မိမိအားနည်းချက်ကို အားသာချက်အဖြစ် ပြောင်းလဲနိုင်ပါလျှင် လူသည် မုချပင် အောင်မြင်မှုရလာရမည်ဖြစ်၏။

ကွန်ဖြူးရှပ်အမည်ရှိ ပညာရှိကြီး၏ ခံယူချက်ကို လေ့လာခဲ့ရလျှင် ကျွန်ုပ်တို့သည် 'ရင်' ဟူသောစကားလုံးကို တွေ့ကြုံခဲ့ရပြီး ဖြစ်ပါသည်။ ယခုတစ်ဖန် ပြန်၍ အကျဉ်းချုပ်ပြောရလျှင် 'ရင်' ဟူသော ကွန်ဖြူးရှပ်သုံး တရုတ်စကား၏ အဓိပ္ပာယ်သဘောမှာ 'စိတ်ကောင်းထားရှိခြင်း၊ သနားကြင်နာတတ်ခြင်း' ဖြစ်ပေရာ မြန်မာလို လွယ်လွယ်ပြောရလျှင် 'လူစိတ်ရှိခြင်း' ဟုပင် ပြောရပါတော့မည်။

ဆရာကြီးမိန်းရှပ်သည် ဆရာကြီးကွန်ဖြူးရှပ်၏ နို့သက်ခံ နောက်လိုက်ဖြစ်သောကြောင့် 'ရင်' အကြောင်းကို သူသည်လည်း အမျိုးမျိုးဟောပြောဆုံးမပါသည်။

*"ရေဟာ မီးကိုနှိမ်နင်းသလို၊ ရင် ဟာ လူမဆန်မှုကို နှိမ်နင်းပါတယ်။ ဒါပေမဲ့ ခုခေတ်မှာ လူတွေဟာ ရင် ကို လက်ခံကျင့်သုံးရာမှာ ဘာနဲ့တူသလဲဆိုတော့ တစ်လှည်းတိုက်စာထင်းတွေ လောင်နေတဲ့မီးကို ငြိမ်းဖို့ ရေ တစ်ပန်းကန်လုံးကို အသုံးပြုတာနဲ့ တူနေတယ်။ သူ လုံ့လစိုက်ထုတ်လုပ်ရတာ အလကားဖြစ်သွားတဲ့အခါမှာ ရေဟာ မီးကို မနှိမ်နင်းနိုင်ဘူးလို့ ပြောတော့တာပဲ။ ပိုဆိုးတာက အဲဒီလိုမြင်တဲ့ အမြင်မျိုးဟာ ရင် စိတ်ထားမရှိတဲ့လူတွေကို များစွာ အားပေးအားမြှောက် လုပ်တယ်ဆိုတော့ နောက်ဆုံးမှာ ရင် ကို လုံးဝဆုံးရှုံးသွားရတော့မှာပဲ"*

ပညာရှိတို့၏ အဆိုအမိန့်များမှာ ပညာလိုလားသူအဖို့ ရင်ထဲတွင် စွဲသွားပြီး တစ်သက် မမေ့နိုင်တော့သော အဆိုအမိန့်တွေ များစွာရှိပါသည်။ ဆရာကြီးမိန်းရှပ်၏ အောက်ပါမိန့်ကြားချက်တစ်ခုမှာ ထိုဟာများထဲမှ တစ်ခုဖြစ်ပေသည်။

*"လူတစ်ယောက်ရဲ့လက်သန်းဟာ ကောက်ကွေးနေလို့ လက်သန်းကို ဖြန့်လို့ မရဘူး။ ဒီလိုဖြစ်နေလို့ကတော့ သူဟာ နာကျင်မှုမရှိဘူး။ အလုပ် လုပ်ရာမှာလည်း ဘာအနှောင့်အယှက်မရှိပါဘူး။ ဒါပေမယ့်လို့ သူ့လက်သန်းကလေးကို ဖြောင့်သွားအောင် လုပ်ပေးနိုင်တဲ့လူ ရှိမယ်ဆိုရင် မိုင်ပေါင်းများစွာကွာဝေးတဲ့ အဲဒီလူဆီကို သွားရပါစေ။ ဝေးတယ်လို့ သူ ထင်မှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့လက်က သူများနဲ့မှ မတူဘဲကိုး။*

*"မိမိရဲ့လက်ချောင်းဟာ တခြားလူတွေနဲ့ မတူဘူးဆိုရင် လူဟာ မကျေမနပ်ဖြစ်လာရတယ်။ ဒါပေမဲ့ သူ့စိတ်က တခြားလူတွေနဲ့ မတူဘူးဆိုတဲ့အခါမှာတော့ သူဟာ မကျေမနပ်ဖြစ်တာကို မခံစားရဘူးလေ။ အဲဒါဟာ အရာဝတ္ထုတွေကို နှိုင်းယှဉ်ကြည့်စရာရဲ့ အရေးကြီးမှုကို မသိခြင်းဘဲဖြစ်တယ်"*

တကယ်တော့ နာလည်းမနာ၊ ဘာပြဿနာမှမဖြစ်ပေါ်စေသော လက်ချောင်းကလေး ကောက်ကွေးနေမှုအတွက် နေမထိ ထိုင်မသာ မကျေမနပ်ဖြစ်သည်။ ဤ

ဘဝတွင်သာမက သံသရာအထိ လိုက်၍ဒုက္ခပေးမည့် မိမိ၏စိတ်မှ အပြစ်အနာ အဆာကိုကား ကျေကျေနပ်နပ် လက်ခံမွေးမြူထား၏။ ကြီးမြတ်သောသူဖြစ်သူ များသည် ထိုစကားကို အလေးအနက်ထား တွေးတောဆင်ခြင်၍ အပြစ်အနာအဆာ ကင်းသောစိတ်ကို သန့်ရှင်းအောင် ထိန်းသိမ်းထားရပါလိမ့်မည်။

ဤကိစ္စနှင့်ပတ်သက်၍ ဆရာကြီးမိန်းရှပ်သည် ရှည်လျားစွာမိန့်ကြားခဲ့၏။ သူ၏အဆိုအမိန့်မှာ ရှည်လျားလှသည်ဖြစ်ရာ စကားပြောဟန်ဖြင့်မဟုတ်ဘဲ ဆောင်း ပါးတစ်ပုဒ်သဖွယ် ရေးခြယ်၍ တင်ပြလိုက်ရလေသည်။

လောကတွင် ထုန် အမည်ရှိသော အပင်၊ ဇူ အမည်ရှိသောအပင်တို့ ရှိကြပါ၏။ ထိုအပင်တို့ကို လက်နှစ်ဖက်ဖြင့်သော်လည်းကောင်း၊ လက်တစ်ဖက်တည်းဖြင့်သော် လည်းကောင်း ဖမ်းဆုပ်နိုင်ပါ၏။ ထိုအပင်များကို စိုက်ပျိုးလိုသူများသည် မည်သို့ စိုက်ပျိုးရမည်ကို သိကြသည်။ သို့ရာတွင် မိမိတို့ကိုယ်ကို မိမိတို့ ပြုစုပျိုးထောင်ရန် တွက် ဘာလုပ်ရမှန်းမသိချေ။ ဤဟာသည် လူသည် မိမိ၏ကိုယ်ကို ထုန် အပင်၊ ဇူ အပင်တွေလောက် တန်ဖိုးမထားဘူးဟု ဆိုရာရောက်ပါသလား။ အတွေးမရှိခြင်း ပင် ဖြစ်တော့သည်။

လူသည် မိမိ၏ကိုယ်ခန္ဓာတွင် မချစ်မနှစ်သက်သော အစိတ်အပိုင်းဟူ၍ မရှိ ပါ။ ယင်းသို့အားလုံးကို ချစ်သည်ဖြစ်သောကြောင့် အားလုံးကို ကောင်းမွန်ရှင်သန် အောင် မွေးမြူရမည်သာ ဖြစ်ပါသည်။ သူ မချစ်မနှစ်သက်သော အရေပြားပေါ်မှ နေရာဟူ၍ တစ်လက်မမျှမရှိပါ။ ထို့ကြောင့် မွေးမြူမှုမလုပ်ရသောနေရာဟူ၍ အရေပြားပေါ်တွင် တစ်လက်မမျှ မရှိပါ။

သူ ပြုစုမွေးမြူသည့်နည်းနာ ကောင်းသည် မကောင်းသည်ကို ကာယကံရှင် မှလွဲ၍ အခြားမည်သူကမျှ မပြောနိုင်ပါ။ ကိုယ်ခန္ဓာက အချို့သော အင်္ဂါအစိတ်အပိုင်း များသည် ကြီးမြတ်၏။ အချို့သည် ယုတ်နိမ့်၏။ အချို့သည် ကြီးမား၏။ အချို့ သည် သေးငယ်၏။ သေးငယ်သည့်အရာအတွက် ကြီးမားသည့်အရာကို မထိခိုက် စေသင့်ပါ။ ယုတ်နိမ့်သောအရာအတွက် ကြီးမြတ်သောအရာကို မထိခိုက်စေရပါ။ မိမိခန္ဓာကိုယ်မှ သေးငယ်သောအရာကို ပြုစုမွေးမြူသူသည် သေးငယ်သူသာ ဖြစ်လာ ပါလိမ့်မည်။ မိမိကိုယ်တွင်းမှ ကြီးမြတ်မှုကို ပြုစုမွေးမြူသူသည် ကြီးမြတ်သောသူ ဖြစ်လာရလေသည်။

ဥယျာဉ်မှူးတစ်ဦးသည် တန်ဖိုးကြီးလှသော ဝူ နှင့် ချီယာ အပင်များကို လျစ်လျူပြု၍ အဖိုးမတန်သော စွန်ပလွံအရိုင်းပင်များကို စိုက်ပျိုးသည် သူကား

ညှံ့ဖျင်းသော ဥယျာဉ်မှူးဖြစ်၏။ ဤနည်းတူစွာပင် လူတစ်ယောက်သည် နှိုင်းစာသော အရေးပါမှုကိုမသိဘဲ ပန်းနှင့်ကျောပြင်ကို လျစ်လျူပြု၍ လက်ချောင်းများကိုသာ ပြုစုမွေးမြူသည်။ သူသည် ဗျာလောင်ခတ်နေသော ဝံပုလွေနှင့်ပင် တူသေးတော့သည်။

စားခြင်းသောက်ခြင်းကိုသာ ပြုလုပ်နေသောသူကို အခြားသူများက ရှုတ်ချကြပေ၏။ အဘယ့်ကြောင့်ဆိုသော် သူသည် သေးငယ်သည်ကိုသာ ပြုစုမွေးမြူ၍ ကြီးမားသည်ကိုမူ လျစ်လျူရှုထားသည်။ အကယ်၍ လူတစ်ယောက်သည် အစားအသောက်ကိုသာ နှစ်သက်သည်ဖြစ်၍ အခြားအရာအားလုံးကို လျစ်လျူပြုသည်ဆိုပါလျှင် သူ၏ပါးစပ်နှင့် ဝမ်းဗိုက်တို့သည် အရေပြားတစ်လက်မထက် ပို၍ သူ့အတွက် အရေးပါနေသည်ဟု ဆိုရပေတော့မည်။

လူသားအချင်းချင်း ဆက်ဆံရေးကောင်းမွန်မှုအတွက်လည်း ဆရာကြီးမိန်းရှုပ်သည် များစွာပြောဟောမိန့်ကြားခဲ့ပါသည်။ အောက်ပါစကားကလေးကို နားဆင်ကြည့်ပါဦး။

"လိမ္မာသူဟာ တခြားလူတွေနဲ့ မတူတာ သူ့နှလုံးသားရဲ့သဘောထားပဲ။ လိမ္မာသူဟာ နှလုံးသားထဲမှာ ရင် နှင့် လီ ကို ထွေးပိုက်ထားတယ်။ ရင် ဆိုတာက လူသားတွေကို မေတ္တာထားတာပဲ။ လီ ဆိုတာက လူသားတွေကို လေးစားတာပဲ။ လူသားတွေကို ချစ်တဲ့လူဟာ လူတွေရဲ့ချစ်ခြင်းကို ခံရမယ်။ လူသားတွေကို လေးစားတဲ့လူဟာ လူတွေရဲ့လေးစားခြင်းကို ခံရမယ်"

လိမ္မာသူနှင့်ပတ်သက်၍ ဆရာကြီးမိန်းရှုပ်သည် အကျယ်တဝင့်မိန့်ကြားခဲ့သေးရာ ဆက်လက်၍ တင်ပြသွားပါဦးမည်။

ဆရာကြီးမိန်းရှုပ်ခေါ် မုန့်ဇူက လိမ္မာသူနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆက်လက်၍ မိန့်ကြားခဲ့သည်။

"လူတစ်ယောက်ဟာ မိမိကို မလျော်မကန်၊ ကျိုးကြောင်းမညီ ပြုမူဆက်ဆံခဲ့တယ်။ ဒီတော့ မိမိဟာ လိမ္မာသူတစ်ယောက်အနေနဲ့ မိမိကိုယ်မိမိ ပြန်လည်စစ်ဆေးသုံးသပ်တယ်။ ငါ့မှာ ရင် (ဤနေရာတွင် လူတို့ကထားသောမေတ္တာ) ချို့တဲ့နေတာ ဖြစ်ရမယ်။ နို့မို့ရင် ဘာဖြစ်လို့ ဒီလိုဖြစ်ရမှာလဲ"

"ဒါနဲ့ပဲ မိမိကိုယ်မိမိ ထပ်ပြီးသုံးသပ်ကြည့်တယ်။ မိမိဟာ ရင် ကို လိုက်နာသားပဲ။ မိမိဟာ လီ ကို စောင့်ထိန်းသားပဲ။ ငါ့မှာ သစ္စာစောင့်သိမှုကင်းမဲ့နေတာ ဖြစ်ရမယ်"

တစ်ခါ မိမိကိုယ်မိမိ သုံးသပ်ကြည့်ပြန်တယ်။ မိမိဟာ သစ္စာစောင့်သိမှု ရှိနေပါတယ်။ ဒါနဲ့တောင် လူတစ်ယောက်ဟာ မိမိကို မလျော်မကန်၊ ကျိုးကြောင်းမညီ ဆက်လက်ပြီး ပြုမူဆက်ဆံနေသေးတယ်ဆိုရင် လိမ္မာသူတစ်ယောက်အနေနဲ့ ဒီလိုစဉ်းစားမယ်။ ဤလူဟာ ကျိုးကြောင်းဆီလျော်မှု လုံးဝကင်းမဲ့နေတယ်။ ဒီလို ပြုမူနေရင် သူဟာ ငှက်တွေ၊ သားရဲတိရစ္ဆာန်တွေနဲ့ ဘာခြားတော့မလဲ။ ဒီတော့ ငါဟာ ဘာကြောင့် ငှက်တွေ၊ သားရဲတိရစ္ဆာန်တွေကို ဂရုစိုက်နေရမှာလဲ"

ဤနေရာတွင် ဆရာကြီးမိန်းရှပ်က မိမိကသာ တရားနဲ့အညီ နေပါ။ ဤသို့ နေပါလျက်နှင့် အခြားလူတွေက မုန်းတီးပြီး လေးစားသမှုမပြုကြဘူးဟုဆိုလျှင် ထိုလူများကို လူအဖြစ်သဘောမထားဘဲ လျစ်လျူရှုထားလိုက်ပါဟု ဆုံးမခြင်းဖြစ်သည်။ တန်ဖိုး ရှိ မရှိ ဟူသည်မှာ မိမိ၏ ပင်ကိုယ်စရိုက်သဘာဝပေါ်တွင်သာ တည်မှီ၍ သူများ၏အထင်အမြင်၊ အဆက်အဆံ၊ အပြုအမူများပေါ်တွင် လုံးဝ မတည်မှီကြောင်း ညွှန်ပြခြင်းဖြစ်သည်။

အပြန်အားဖြင့် ဆင်ခြင်လျှင် ကိုယ့်မှာ စစ်မှန်သောတန်ဖိုးမရှိပါဘဲ အခြားသူများက ချစ်ခင်လေးစားနေကြသည်ကို အဟုတ်ကြီးမှတ်၍ သာယာနေမည်ဆိုလျှင် မိမိသည် လိမ္မာသူဘဝမှ လျော့ကျသွားမည်သာ ဖြစ်လေတော့သည်။

ဆရာကြီးမိန်းရှပ်၏ ဆက်လက်မိန့်ကြားချက်ကို နာခံကြည့်ပါဦး။

*"ဒါကြောင့် လိမ္မာသူမှာ တစ်မနက်စာ ပြဿနာမရှိဘူး။ တစ်သက်စာပူပန်မှုသာရှိတယ်။ သူ ပူပန်နေတာက ဒီလို ဒီလို။ ရှွန်ဟာ လူတစ်ယောက်ပဲပေါ့။ ဒါပေမဲ့ ရှွန်ဟာ လောကရဲ့ စံပြဖြစ်ခဲ့တယ်။ ပြီးတော့ သူ့ရဲ့ဆောင်ရွက်ချက်ဟာ နှောင်းခေတ်တွေအထိ လက်ဆင့်ကမ်း ရောက်ရှိခဲ့တယ်။ ငါကတော့ ရွာသားကလေးတစ်ယောက်ဘဝက မတက်တော့ဘူး။ ဒါဟာ တစ်သက်စာပူပန်ရမယ့်အရေးပဲ။ ကောင်းပြီ၊ ဒီပူပန်မှုကို ဘယ်လိုဖြေဖျောက်ရမလဲ။ ရှွန်နဲ့တူအောင် လုပ်ဖို့ပဲ ရှိတာပေါ့"*

အလွန်ကောင်းသောဆုံးမချက် ဖြစ်ပါသည်။

မိမိမှာ ရင်တို့ လီတို့နှင့် မဆန့်ကျင်ပါဘဲလျက် လူတွေက ချစ်ခင်လေးစားမှု မရှိသည်မှာ တစ်မနက်စာ စိတ်ရှုပ်သွားရသည့်ပြဿနာသာ ဖြစ်၏။ အရေးစိုက်စရာ မဟုတ်ချေ။ ကိုယ်က တရားနှင့်အညီဖြစ်နေလျှင် သူများ ဘာထင်ထင်၊ ဘယ်လိုသဘောထားထား မရေးမကြီးသည်သာ ဖြစ်၏။

တကယ်ပူပန်သင့်သည်ကား မိမိ မသေခင်တွင်လည်း သူများအတွက် စံနမူနာယူလောက်စရာ ဖြစ်ရမည်။ သေပြီးသောအခါတွင်လည်း နောင်လာနောက်သားများ

အတွက် လမ်းညွှန်ပြုမှုချက်တွေ ထားရစ်ခဲ့ရမည်။ ဤသို့ မပြုနိုင်သေးသမျှ ပူပန်နေသင့်သည်သာဖြစ်၏ဟူ၍ ဆရာကြီးမိန်းရှပ်က မိန့်ဆိုခြင်းဖြစ်၏။

ဤကား လူသည် တစ်ဘဝအတွက် မနေ။ သမိုင်းစဉ်အတွက်နေခြင်း ဖြစ်သတည်း။

ဂျပန်တို့ကလည်း 'ကျားသေလျှင် အရေကျန်ရသည်။ လူသေလျှင် နာမည်ကျန်ရသည်' ဟူသောစကားပုံ ထားရှိခဲ့သည်မှာလည်း ဤသဘောပင် ဖြစ်တန်ရာ၏။

ဆရာကြီး၏မိန့်ကြားချက်များကို ဆက်လက်၍ဖော်ပြအပ်ပါသည်။

"အရာရာသည် ကျွန်ုပ်တို့၏အတွင်းတွင် ပြည့်စုံလျက်ရှိ၏။ လူသည် မိမိကိုယ်မိမိ ပြန်လည်ရှုကြည့်သုံးသပ်ရာတွင် အရှိကိုအရှိအတိုင်း သစ္စာရှိရှိ တွေ့မြင်ရသည်ထက် ပျော်ရွှင်စရာကောင်းသည်ကား မရှိတော့ချေ။ လူသည် အတ္တအကျိုးဖယ်၍၊ ပရအကျိုးသယ်ရန် အစွမ်းကုန်ကြိုးစားမည်ဆိုလျှင် သူသည် ရင် နှင့် နီးကပ်သွားလေပြီ"

လူအများအပြားသည် သူတစ်ပါးကိုသာ ပြူးကြည့်တတ်ကြ၏။ မိမိကိုယ်မိမိ ဘယ်တော့မျှ ပြန်လည်ကြည့်ရှုခြင်းကို မပြုတတ်ကြချေ။ ထို့ကြောင့် 'မှန်ကိုကြည့်ပါ။ မှန်ပြောင်းကို မကြည့်ပါနှင့်' ဟူ၍ ဆုံးမခဲ့ကြရသည်။

မိမိကိုယ်မိမိ ပြန်လည်ကြည့်ရှုသုံးသပ်လျှင် အများတကာ ပြုလုပ်နိုင်ခဲသော အလုပ်ကို လုပ်ခြင်းမည်၏။ သို့သော် ထိုသို့ မိမိကိုယ်မိမိ ကြည့်ပြန်ပါသော်လည်း မကောင်းတာကိုမမြင်။ ကောင်းတာတွေချည်း မြင်တတ်သည်။ အကယ်၍ မကောင်းကွက်ကို မြင်မိပြန်သော် တစ်နည်းနည်းဆင်ခြေပေး၍ ခွင့်လွှတ်တတ်ကြသည်။

ထို့ကြောင့် ဆရာကြီးမိန်းရှပ်က

"မိမိကိုယ်မိမိ စစ်ဆေးသုံးသပ်ရာတွင် အမှန်အတိုင်းကို သစ္စာရှိရှိတွေ့ရသည်ဆိုလျှင် အလွန်တရာပျော်ရွှင်ဖွယ်ကောင်းလှ၏' ဟု ဆိုမိန့်ခဲ့ခြင်းဖြစ်သည်။ မိမိ၏ အခြေအနေအစစ်အမှန်ကို သိရလျှင် တိုးတက်ကောင်းမွန်အောင် ပွတ်သပ်ပေးထားဖို့ လွယ်ကူသွားတော့၏။ မိမိ၏ ကောင်းမွန်သောအရည်အသွေးကို ပွတ်တိုက်နည်းကား အတ္တအကျိုးကို ဘေးဖယ်ပစ်ပြီး ပရအကျိုးကိုသာ အားသွန်ခွန်စိုက်သယ်ပိုးခြင်းပင် ဖြစ်လေသည်။ ပရအကျိုးကို ဆောင်ရင်းဆောင်ရင်းက ရင် ကို ပိုင်ဆိုင်ထားသောသူအဖြစ် ရောက်ရှိသွားရလေ၏။

နှလုံးသားကို အာဟာရပြည့်ဖြိုးစေလိုသည်ဆိုလျှင် လိုအင်ဆန္ဒများကို နည်းနိုင်သလောက်နည်းအောင် ပြုလုပ်သည့်နည်းလမ်းထက် ပိုကောင်းသောနည်းလမ်း

မရှိပါ။ လူတွင် ဆန္ဒများသည် နည်းပါးသွားလျှင် နှလုံးသားကိုဆုံးရှုံးရန် ခဲယဉ်းသွား၏။ ဆန့်ကျင်သောအားဖြင့်ကား လိုအင်ဆန္ဒများ များပြားလာပြီဆိုလျှင် ထိုသူသည် နှလုံးသားကို ထိန်းသိမ်းထားနိုင်ရန် ခဲယဉ်းပေ၏။

စောင်ကျောက်အမည်ရှိ ပုဂ္ဂိုလ်က ဆရာကြီးအား

*"ကျွန်တော်ဟာ စို့ပြည်က မင်းသားဆီ အစေား သွားဝင်မလို့ပါ။ တကယ်လို့များ မင်းသားက ဒီမှာနေစေမယ်ဆိုရင် ကျွန်တော်နေပြီး ဆရာကြီးရဲ့အဆုံးအမကို ခံယူချင်ပါတယ်"*

ထိုအခါ ဆရာကြီး မိန်းရှပ်က

"တောက် ဆိုတာဟာ လမ်းမကြီးတစ်ခုနဲ့ တူပါတယ်။ အဲဒီလမ်းမကြီးကို တွေ့မြင်သတိပြုမိဖို့ကလည်း မခက်ခဲပါဘူး။ လူအများအပြားအတွက် ဖြစ်နေတဲ့ပြဿနာက သူတို့ဟာ အဲဒီလမ်းမကြီးကို မရှာဖွေကြတာပဲဖြစ်တယ်။ မင်း အိမ်ကိုသာ ပြန်သွားပါ။ ပြီးတော့ အဲဒီလမ်းမကြီးကို ရှာ။ ရှာလို့တွေ့ပြီဆိုရင် မင်းဟာ ဆရာတွေအများကြီး တွေ့ရပါလိမ့်မယ်လေ"

ဆရာကြီးမိန်းရှပ်သည် ဤစကားကို ဒဿနအမြင်နှင့် မိန့်ကြားလိုက်ခြင်းဖြစ်ကောင်းဖြစ်ပါမည်။ သို့ရာတွင် ဤအဆိုအမိန့်သည် ဂန္ဓာရီရှုထောင့်မှလည်း အလွန်ပင် မှန်ကန်နေသည်ကို တွေ့ရ၏။

ဖုံးကွယ်တိမ်မြုပ်နေသော လောက၏ အမှန်တရားတစ်ချက်ကို တွေ့ရှိလိုက်ပြီဆိုလျှင်လည်းကောင်း၊ လူတွေ သိမထားသော အညာတနယ်မြေထဲက လျှို့ဝှက်ချက်သော့တံတစ်ခုကို တွေ့ရှိလိုက်ပြီဆိုလျှင် လည်းကောင်း၊ ထောင်သောင်းမကသော မှတ်သားစရာ၊ လိုက်နာစရာ၊ အားတက်စရာတွေကို တစ်ပွေ့တစ်ပိုက်ကြီး ရလိုက်ကြောင်းကို ဂန္ဓာရီနယ်ထဲသို့ တော်တော်ကလေး ဝင်မိသူတိုင်း သိကြပါသည်။

ရှာဖွေခြင်းနှင့် ရရှိပိုင်ဆိုင်ခြင်းတို့နှင့်ပတ်သက်၍ ဆရာကြီးမိန်းရှပ်က အောက်ပါအတိုင်း မိန့်ကြားခဲ့ပေ၏။

"လူသည် တစ်စုံတစ်ရာကို ရှာဖွေသောအခါတွင်မှ ထိုအရာကို ရရှိပိုင်ဆိုင်၏။ လူသည် တစ်စုံတစ်ရာကို လျစ်လျူရှုသောအခါတွင်မှ ထိုအရာကို ဆုံးရှုံးရ၏"

မှန်ပါသည်။ ရှာဖွေပါမှ ရသည်ဆိုခြင်းတွင် ထိုရှာဖွေသောအရာမှာ မိမိ၏ကိုယ်တွင်းတွင် ရှိသောအရာဖြစ်ချေ၏။

တောက်က ဆိုသည်။ "လူသည် ရှာဖွေသော်ငြားလည်း ရရှိပိုင်ဆိုင်မှုမှာ ကံကြမ္မာပေါ်တွင် တည်မှီသည်" ဟူ၏။ ဤသို့ဆိုခြင်းကား ရှာဖွေခြင်းမှာ ရရှိရေး

အတွက် အသုံးမတည့်ခြင်းသော်လည်း ဖြစ်ရမည်။ ရှာဖွေနေသောအရာသည် မိမိ၏ အတွင်းတွင် မရှိသောအရာသော်လည်း ဖြစ်ရမည်။

ဒဿနသမား တွေးခေါ်ရှင်တိုင်းကပင် ချမ်းသာသုခ တည်မှီရာသည် ကိုယ်တွင်း (ဝါ) စိတ်ထဲတွင် ရှိသင့်၏။ သို့မှသာ စစ်မှန်သော ချမ်းသာသုခဖြစ်သည်။ မိမိလိုလားသောအရာသည် ပြင်ပတွင်ဖြစ်နေသည်ဆိုသော် လိုချင်တာရ၍ ဖြစ်ပေါ်လာရသောချမ်းသာမှုသည် ကြာရှည်လည်းမခံ။ မုချရမည်ဟူ၍လည်း မဆိုသာ။ ကံကြမ္မာ၏ စေစားချက်သာ ဖြစ်ရ၏။

ကိုယ်တွင်းတွင် ရှာဖွေ၍ ရရှိပိုင်ဆိုင်ရသော ချမ်းသာသည်ကား ရှေးဘဝ ကံကြမ္မာ၏ စေစားချက်နှင့်လည်း ဘာမှမဆိုင်။ ကြာရှည်လည်းခံ၏။

လူသည် ချမ်းသာသုခကိုသာ ရှာဖွေတတ်သည်ဖြစ်ရာ ဤနေရာတွင် 'ရှာဖွေခြင်း' နှင့်ပတ်သက်သော ချမ်းသာသုခအကြောင်းကလေး ညှပ်၍တင်ပြလိုပါသည်။

လောကတွင် သုခချမ်းသာ သုံးမျိုးရှိပါသည်။

ပထမအမျိုးအစားမှာ လူတိုင်းသိ၍ လူတိုင်းရှာဖွေနေသော လောကီသုခဖြစ်၏။ ဒုတိယမှာ သမထသုခဖြစ်သည်။ ထိုဟာကို ဂန္ဓာရီနယ်မှ လူအချို့ကသာ ရှာဖွေကြ၏။ တတိယသည်ကား သန္တိသုခခေါ် လောကုတ္တရာသုခဖြစ်လေရာ ရှာဖွေသူ အလွန်တရာနည်းပါးလှချေ၏။

တရုတ်လူမျိုးများက 'မုန့်ဇူ' ဟု အသံထွက်ကြ၍ အနောက်တိုင်းက 'မိန်းရှပ်' ဟု အသိများနေသော တရုတ်ပညာရှိကြီးနှင့်ပတ်သက်၍ အမှတ်အသားများသည် မြောက်မြားစွာရှိနေခဲ့၏။ ကျမ်းတစ်စောင် ပေတစ်ဖွဲ့ ပြုစု၍ရနိုင်ပါသည်။ ကျွန်ုပ်သည် ဤဆောင်းပါးစဉ်တွင် သင့်လျော်လိုအပ်သည်ထင်သမျှကိုသာ ပြုစုဖော်ပြနေသည်ဖြစ်သည့်တိုင်အောင် ဆရာကြီးမိန်းရှပ်၏ အဆိုအမိန့်များတွင် ပြောစရာမကုန်နိုင်ဖြစ်နေရ၏။

အနောက်တိုင်းမှ ပညာရှင်များက သူ့ကို ဆရာကြီးကွန်ဖြူးရှပ်၏ "စိတ်ကူးပိုင်ဆိုင်ရာတပည့်ကျော်ကြီး" ဟူ၍ အသိအမှတ်ပြုထားကြပေရာ အတွေးအမြင်များနှင့် ပတ်သက်၍ ပြုစုရေးသားနေပါသော ကျွန်ုပ်၏ ဆောင်းပါးစဉ်တွင် ဆရာကြီးမိန်းရှပ်က နေရာတော်တော်များများ ယူထားသည်မှာ တကယ်တော့ အံ့ဩစရာမဟုတ်ပါချေ။

တစ်ခါက လူတစ်ယောက်က ဆရာကြီးမိန်းရှပ်အား အောက်ပါအတိုင်း မေးမြန်းခဲ့၏။

"ဆရာကြီးခင်ဗျား၊ တကယ်လို့ ဆရာကြီးကို နန်းရင်းဝန်ခန့်ပြီး ဆရာကြီး ဟာလည်း မိမိရဲ့တောက်တရားကို ကျင့်ကြံနိုင်မယ်ဆိုပါတော့။ ဆရာကြီးရဲ့စိတ်မှာ အနှောင့်အယှက် ရှိနိုင်ပါဦးမလား"

"ဟင့်အင်း။ အသက်လေးဆယ်ရောက်မှတော့ ငါ့စိတ်ဟာ အနှောင့်အယှက် မရှိနိုင်တော့ဘူး"

"ဒါဆို ဆရာကြီးဟာ တော်တော် တော်တာပဲ"

"ဒါက မခက်ပါဘူး။ **ကောတက်ဇူ**ဆိုရင် ငါ့အသက်ထက်ငယ်စဉ်ကပင် ဒီအခြေ အနေမျိုးကို ရောက်ခဲ့တာပဲ"

"စိတ်မတုန်မလှုပ်ဖြစ်ဖို့အတွက် နည်းလမ်းရှိပါသလား"

"ရှိတယ်လေ။ **ပေ့ကုန်ယူ**ကတော့ ဒီလိုကျင့်ကြံသတဲ့။ သူဟာ သူ့ကိုယ်ခန္ဓာ ကို အနာတရပြုလုပ်ရင်လည်း တွန့်မသွားဘူး။ သူ့ကိုယ်ခန္ဓာကို ထိုးဆွရင်လည်း မျက်လုံးတွေကို လွှဲမသွားဘူး။ သူ့ကိုစော်ကားတဲ့စကားပြောလာရင်တော့ အသေး အဖွဲကလေးဖြစ်ပါစေ ဈေးလယ်ခေါင်မှာ သူ့ကို ပိတ်ရိုက်သလို ခံစားရတယ်တဲ့။ သူဟာ ဘာကိုမှမကြောက်ဘူး။ သူ့ကိုဆဲရင် ပြန်ဆဲမယ်တဲ့"

"**မုန့်ရှီရှယ်**ကတော့ သတ္တိကို မွေးမြူပျိုးထောင်တာ ဒီနည်းလို့ ဆိုတယ်။ သူဟာ ရှုံးနိမ့်နေပါစေ၊ အောင်နိုင်နေသလို တိုက်မှာပဲတဲ့။ ရန်သူကို အရင်လေ့လာ မယ်။ ပြီးတော့ ရှေ့ကိုတက်မယ်။ အောင်နိုင်မှုကို သေချာအောင်လုပ်မယ်။ ပြီးတော့ တိုက်ခိုက်မယ်။ ဒါဟာ ရန်သူရဲ့တပ်တွေကို အံ့အားသင့်သွားစေမှာဖြစ်တယ်။ အောင် နိုင်မှုကိုသေချာအောင် ဘယ်လိုလုပ်မလဲ။ သူဟာ စွမ်းရည်ရှိတယ်။ ဒါပေမဲ့ အကြောက်တရားမရှိမှ ဖြစ်မယ်တဲ့"

"သူတို့နှစ်ယောက်အနက် ဘယ်သူက ပိုပြီးရဲရင့်တယ်ဆိုတာကတော့ ငါ မသိ ဘူး။ ဒါပေမယ့် **မုန့်ရှီရှယ်** က အခြေခံလိုအပ်ချက်တွေ ပိုပြီးရှိတယ်လို့ ငါထင်တယ်"

ဆရာကြီးမိန်းရှပ်သည် လူများကျင့်သုံးသောနည်းလမ်းတွေကို အရင်ဖော်ပြ၍ သုံးသပ်သည်။ ပြီးတော့မှ သူ ကြည်ညိုလေးစားရင်းစွဲရှိသေ ဆရာကြီးကွန်ဖြူးရှပ်၏ အဆိုအမိန့်ကို ကိုးကားတော့သည်။

"ဆရာကြီးကွန်ဖြူးရှပ် တစ်ခါက မိန့်ကြားတာ ငါ ကြားဖူးတယ်။ တကယ်လို့ သူဟာ သူ့ကိုယ်သူ သုံးသပ်ကြည့်တဲ့အခါမှာ ဖြောင့်မတ်မှန်ကန်မှု ရှိမနေဘူးလို့ သုံးသပ်မိရင် အဝတ်အစားစုတ်စုတ်ပြတ်ပြတ် ဆင်းရဲသားတစ်ယောက်နဲ့ ရင်မဆိုင် ဝံ့ဘူး။ အဲ . . . တကယ်လို့များ သူ့ကိုယ်သူသုံးသပ်လို့ ဖြောင့်မတ်မှန်ကန်တယ်လို့

သုံးသပ်မိရင် လူ့အထောင်အသောင်းနဲ့ ရင်ဆိုင်ဝံ့တယ်လို့ ဆိုခဲ့တယ်"

တွေးခေါ်ရှင်အတော်များများတွင် တူညီသောယူဆချက်တစ်ခုရှိကြောင်းကို ကျွန်ုပ်သတိပြုမိသည်။ ယင်းသည်ကား လောကဓံတရားများအနက်တွင် အကောင်းဟု ယူဆရသောအပိုင်းများသည် တကယ်တော့ ကာယကံရှင်အား ရေရှည်တွင် ဆိုးကျိုးကိုပြု၍၊ အဆိုးဟူ၍ ယူဆရသောအပိုင်းများသည် ရေရှင်တွင် ကာယကံရှင်အား ကောင်းသောအကျိုးကို ပေးနင့်သည်ဟူသော ယူဆချက်ပင်ဖြစ်၏။

ထိုအချက်နှင့်ပတ်သက်၍ ဆရာကြီးမိန်းရှပ်၏ ခံယူချက်ကို အောက်ပါအတိုင်း တွေ့ရသည်။

"ကောင်းကင်ဘုံဟာ လူတစ်ဦးတစ်ယောက်အား ကြီးမားသော လုပ်ငန်းတာဝန်တစ်ရပ်ကို အပ်နှင်းတော့မယ်ဆိုရင် သူ့ရဲ့နှလုံးသားကို ခါးသီးစွာ ခံစားစေတယ်။ သူ့ရဲ့အရိုးတွေနှင့်ခြင်ဆီတွေကို ပြင်းပြင်းထန်ထန် အလုပ်လုပ်စေတယ်။ ပြီးတော့ စားနပ်ရိက္ခာငတ်ပြတ်အောင်ထားတယ်။ ဆင်းရဲခြင်းကို နှိပ်စက်ခိုင်းတယ်။ နောက်ဆုံး သူလုပ်သမျှတွေကို အဆီးအတားတွေတွေ့ပြီး ပျက်စီးစေတယ်။ ဒီနည်းနဲ့ ကောင်းကင်ဘုံဟာ သူ့ရဲ့နှလုံးသားကို နှိုးဆွပေးတယ်။ သူ့ရဲ့ ကိုယ်ကျင့်စည်းကမ်းတွေကို တင်းခံစေတယ်။ သူ့ရဲ့အရည်အချင်းတွေကို တိုးပွားစေတယ်"

**"လူဟာ မကြာခဏအမှားတွေ့လာရပြီဆိုရင် သူ့ကိုယ်သူ ပြုပြင်လာနိုင်တယ်။ သူ့နှလုံးသားမှာ စိတ်ပျက်ပြီး အတွေးအခေါ်မှာ ရှုပ်ထွေးလာရပြီဆိုရင် သူဟာ ထကြွလှုပ်ရှားတော့တာပဲ။ တိုင်းပြည်တစ်ခုမှာ စံထားလောက်တဲ့ မိသားစုတွေ၊ ဖြောင့်မတ်မှန်ကန်တဲ့ မှူးမတ်တွေလည်း မရှိဘူး။ နယ်စပ်ရဲ့အပြင်ဘက်မှာလည်း ရန်လိုသူတွေ၊ ကျူးကျော်မယ့်သူတွေ မရှိဘူးဆိုရင် အဲဒီတိုင်းပြည်ဟာ ပျက်စီးယိုယွင်းရတော့တာပဲ။ ဒါတွေကိုထောက်ရင် ငါတို့ဟာ ပူဆွေးမှုနဲ့ ဒုက္ခရောက်မှုတို့ကြောင့် အသက်ရှင်ရပြီး သက်သောင့်သက်သာနဲ့ ဇိမ်ခံမှုကို့ကြောင့် ပျက်စီးရတယ်ဆိုတာကို သိနိုင်ပေတော့တယ်"**

ထို့အပြင် အရှိန်အဝါသည် လူသားများအတွက် ကောင်းကျိုးပေးလှသည် မဟုတ်ကြောင်း ခံယူချက်ကိုလည်း အောက်ပါဖြစ်ရပ်ဖြင့် သိသာပါသည်။

**ဇန်**ပြည်နယ်မှ **ချီ**ပြည်နယ်သို့ ခရီးထွက်ခဲ့ရာတွင် **ချီ**ဘုရင်၏ သားတော်ကို အဝေးမှမြင်ရသောအခါ ဆရာကြီးမိန်းရှပ်က အောက်ပါအတိုင်း သက်ပြင်းချ၍ ညည်းညူပြောဆိုမိသည်ဟူ၏။

"အာဟာရဓာတ်ဟာ ကိုယ်ခန္ဓာပေါ် အကျိုးသက်ရောက်သလို ဌာနန္တရအခြေ

အနေဟာလည်း လူတစ်ယောက်ကို အကျိုးသက်ရောက်စေပါကလား။ ဌာနန္တရရဲ့ အရှိန်အဝါသြဇာဟာ ကြီးလှပါကလား။ ငါတို့တစ်တွေဟာ လူတွေကချည်း မွေးထားကြတာ မဟုတ်ပါလား။ နေအိမ်ဗိမာန်တွေ၊ လှည်းယာဉ်တွေ၊ မြင်းတွေ၊ အဝတ်အစားတွေကြောင့်တော့ မင်းသားဟာ တခြားလူတွေနဲ့ သိပ်မကွာခြားသွားပါဘူး။ အခုလို သူများနဲ့မတူဘူးလို့ ထင်မြင်နေရတာ သူ့ရဲ့ဌာနန္တရအခြေအနေကြောင့်သာ ဖြစ်တယ်။ တကယ်လို့သာ သူဟာ ကမ္ဘာကြီးတစ်ခုလုံး ငါ့အိမ် ငါ့ယာရယ်လို့များ မှတ်ယူသွားရင် ဘယ်လောက်များ ပိုပြီးဒဏ်သင့်လိမ့်မလဲပဲ"

ကြီးမြင့်လိုသော လိုဘဇောရှိသူများနှင့် သတိထားလွန်းသူများ ကွာခြားချက်ကို ဆရာကြီးမိန်းရှပ်က အောက်ပါအတိုင်း သုံးသပ်ထားပေ၏။

"ဆရာကြီးကွန်ဖြူးရှပ်ဟာ သင်ကြားဆုံးမဖို့အတွက် **အလယ်လမ်းစဉ်**ကို လိုက်နာကျင့်ကြံသူတွေကို မတွေ့ရရင် ကြီးမြင့်လိုတဲ့ လိုဘဇောရှိသူတွေနဲ့ သတိထားလွန်းသူတွေဘက် လှည့်တော့တာပဲ။ ဆရာကြီးကွန်ဖြူးရှပ်ဟာ **အလယ်လမ်းစဉ်**ကို လိုက်နာကျင့်ကြံသူတွေကို မရှာဖွေချင်လို့လား။ မဟုတ်ဘူး။ အဲဒီလူတွေကို တွေ့မယ်လို့ မသေချာလို့ပဲ။ ဒါကြောင့်မို့ ဒုတိယအကောင်းဆုံးကို သူ ရှာရတာပေါ့။

**"လိုဘကြီးသူတွေဟာ တိုးတက်နိုင်ပြီး၊ သတိထားလွန်းသူတွေကတော့ ဘာကိုမှလုပ်မှာမဟုတ်ဘူး။ ဘယ်လိုလူမျိုးတွေကို လိုဘကြီးသူတွေလို့ ခေါ်ရမလဲဆိုရင် သူတို့ကိုသူတို့ အရေးကြီးတယ်ထင်ပြီး စကားလုံးကြီးကြီးကျယ်ကျယ်တွေကို ပြောချင်ကြတဲ့လူတွေပဲ"**

"ဆရာကြီးကွန်ဖြူးရှပ်ဟာ လိုဘကြီးသူတွေကိုမရတော့ ဟန်လုပ်တတ်ပြီး အတ္တအကျိုးကြည့်တတ်တဲ့လူတွေဘက် လှည့်တယ်။ အဲဒီလူတွေဟာ သတိထားလွန်းသူတွေဖြစ်တယ်။ လိုဘကြီးသူတွေထက် အဆင့်နိမ့်တယ်။ ဒါပေမယ့် ဆရာကြီးကွန်ဖြူးရှပ်က ပြောဖူးတယ်။ သူ အလေးစားဆုံးက သတိရှိတဲ့ရွာသားကောင်းတွေပဲ"

တကယ်တော့ ဆရာကြီးမိန်းရှပ်သည် ကွန်ဖြူးရှပ်ဝါဒ၏ ဦးကာဆရာတစ်ဦးဖြစ်တော့သည်။

လူတို့၏ဓလေ့ထုံးစံများ၊ လက်ခံထားသောအကျင့်စရိုက်များသည် ခေတ်နှင့်အညီသာဖြစ်သည်။ ခေတ်အလိုက် လက်ခံထားသောစံများနှင့် ညီညွတ်လျှင် ထိုကိစ္စသည် ကောင်းသောကိစ္စ၊ မှန်ကန်သောကိစ္စဟူ၍ မှတ်ယူရစမြဲဖြစ်၏။ သို့ပါသော်လည်း ဓလေ့ထုံးစံများ၊ အယူအဆများ၊ စရိုက်များသည် ထာဝစဉ်(ဝါ) ခေတ်တိုင်း

ခေတ်တိုင်းတွင် ပုံမပျက်တည်တံ့နေကြသည် မဟုတ်ပါ။ သို့ဖြစ်သောကြောင့် ခေတ်နှင့်အညီ၊ လူအများ၏ခံယူချက်နှင့်အညီ လက်သင့်ခံနိုင်သောကိစ္စတစ်ခုသည် တကယ်တော့ မှန်ကန်ကောင်းမွန်သောကိစ္စ မုချဖြစ်သည်ဟူ၍ မဆိုနိုင်ပါကြောင်းကို ဆရာကြီးမုန့်ဇူ(ခေါ်) မိန်းရှပ်၏ကျမ်းတွင် အောက်ပါဖြစ်ရပ်ကလေးဖြင့် သွန်သင်ဖော်ပြထားလေသည်။

ဝမ်ချန်းက ပြောသည်။

"လူတစ်ယောက်ဟာ သူ့ရပ်သူ့ရွာမှာ ကောင်းမွန်ပြီး ကိုယ်ကျင့်တရားကို ဂရုစိုက်သူဖြစ်တယ်လို့ အများက ယူဆထားကြတယ်။ ပြီးတော့ ဒီလူဟာ သွားလေရာမှာလည်း ထိုအတိုင်းပင် ကျင့်ကြံပြုမူတယ်။ အဲဒါကို ဘာဖြစ်လို့ ဆရာကြီးခုန် (ကွန်ဖြူးရှပ်)က အဲဒီလိုလူမျိုးတွေဟာ စစ်မှန်ကောင်းမွန်တဲ့အရည်အသွေးရဲ့ အတုအယောင်ပဲ ဖြစ်တယ်လို့ ပြောရတာလဲ"

ထိုအခါ ဆရာကြီးမိန်းရှပ်က အများညီတိုင်း 'ဤ' ကို 'ကျွဲ' ဟူ၍ မဖတ်သင့်ကြောင်း၊ 'ကျွဲ' ဟုဖတ်ရမှန်းသိလျှင် 'ကျွဲ' ဟုပင်ဖတ်၍ အများက မကြိုက်မှနေရော၊ 'ဤ'ဟုတော့ ဘယ်တော့မှမဖတ်သူသာလျှင် ကောင်းမွန်ပြီး ကိုယ်ကျင့်တရားကို ဂရုစိုက်သူ မည်ကြောင်း ပြောလိုသည်ဖြစ်၍ အောက်ပါအတိုင်း ပြန်ပြော၏။

"အဲဒီလိုလူမျိုးကို မင်းက အပြစ်တင်မယ်ဆိုရင် အပြစ်တင်လို့မရဘူး။ အများက လက်ခံထားတာကိုး။ သူတို့ကို မင်းက ဝေဖန်မယ်ဆိုရင် သူတို့မှာ အပြစ်ပြောစရာမရှိဘူး။ မင်းက အများလက်ခံထားတာတွေနဲ့ စံထိုးရမှာကိုး။ သူတို့ဟာ လောကရဲ့ လောလောဆယ်တည်နေတဲ့ ဓလေ့ထုံးစံတွေနဲ့အညီ ကျင့်ကြံနေကြတယ်။ လောကရဲ့တည်ဆဲဖြစ်တဲ့ မကောင်းတဲ့အကျင့်စရိုက်တွေကိုလည်း အများအယူအဆနဲ့အညီ ကျင့်ကြံနေတယ်။ ဒီတော့ သူတို့ကို ကြည့်လိုက်ရင် သူတို့ဟာ လူ့အသိုင်းအဝိုင်းအပေါ် သစ္စာစောင့်သိပြီး အကျင့်မှန်ကန်တဲ့လူတွေပုံမျိုး ပေါ်နေတယ်။ သူတို့လုပ်ဆောင်နေကြပုံတွေဟာ ရိုးသားပြီး သန့်စင်နေတယ်လို့ ထင်ကြရတယ်။ လူတိုင်းဟာ သူတို့ကို ကျေနပ်နေကြတယ်"

ဒါပေမယ့် သူတို့ပြုမူကျင့်ကြံနေတာတွေအားလုံးဟာ မလွဲမသွေမှန်ကန်တဲ့ အကျင့်စရိုက်တွေချည်းပဲ မဟုတ်ကြဘူး။ ဒါကြောင့် ဆရာကြီး ခုန်က စစ်မှန်ကောင်းမွန်တဲ့အရည်အသွေးရဲ့ အတုအယောင်ပဲ ဖြစ်တယ်လို့ ပြောခဲ့တာပေါ့။ ဆရာကြီးခုန်က တစ်ခါကပြောဖူးတယ်။

"ငါဟာ မှန်တယ်လို့ထင်ရပေမယ့် တကယ်တမ်းကျတော့ မှားနေတဲ့ဟာကို

မုန်းတယ်။ ငါဟာ ကောက်ညှင်းကိုမုန်းတယ်။ ဆန်နဲ့မှားသွားမှာ ကြောက်ရလို့။ ငါဟာ ပါးစပ်ချိုသူကိုမုန်းတယ်။ သစ္စာစကားပြောတတ်သူနဲ့ မှားမှာ ကြောက်ရလို့ပဲ။ ငါဟာ စကားပြောလည်သူကို မုန်းတယ်။ အမှန်ပြောနေတယ်လို့ ထင်သွားမိမှာစိုးလို့။ ငါဟာ ခရမ်းရောင်ကိုမုန်းတယ်။ ဟသ်ာပြဒါးရောင်နဲ့ မှားမှာ စိုးရလို့ပဲ။ ငါဟာ ကောင်းမွန်ပြီး ကိုယ်ကျင့်တရားကို ဂရုစိုက်သူတွေကို မုန်းတယ်။ အရည်အသွေးရှိသူတွေနဲ့ ရောသွားမှာစိုးလို့" အဲဒီလို မိန့်ဆိုဖူးတယ်။

"လူကောင်းသူကောင်းဟာ အစဉ်အလာရှိခဲ့တယ်။ စံပြုထားတဲ့ ဓလေ့စရိုက်တွေကိုသာ ကိုင်စွဲထားသင့်တယ်။ ခေတ်နဲ့ညီညီ မညီညီ၊ ရှေးကတည်းက ရှိခဲ့တဲ့ စံပြုအရည်အသွေးတွေကို မီအောင်ကျင့်ကြံကြမယ်ဆိုရင် လမ်းမှားလိုက်မိခြင်း၊ မိစ္ဆာလမ်းလျှောက်မိခြင်းတွေ ဖြစ်မှာမဟုတ်ဘူး"

ဤစကားများကို ဆင်ခြင်သည်ရှိသော် အရိုးကို အရွက်ဖုံးသွားမည်ကို တရုတ်ပညာရှိကြီးများ စိုးရိမ်ကြကြောင်း ကောက်ချက်ချနိုင်ပါ၏။

ပညာရှိများ ကျင့်ကြံပြောဆိုမှုနှင့်ပတ်သက်၍ ဆရာကြီးမိန်းရှပ်က ဤသို့ မိန့်ကြားလေသည်။

"လွယ်ကူပြီး စင်းစင်းကလေးဖြစ်နေတဲ့စကားလုံးတွေမှာလေးနက်တဲ့အဓိပ္ပာယ်ရှိနေတယ်ဆိုရင် အဲဒါတွေဟာ ကောင်းမွန်တဲ့စကားလုံးတွေပဲ။ မူလသဘောတရားတွေဟာ ချုံ့ထားတာတွေပဲ ဖြစ်ပါစေ။ လက်တွေ့ကျင့်သုံးရာအတွက် ပြည့်စုံ လုံလောက်နေပြီဆိုရင် အဲဒါတွေဟာ ကောင်းမွန်တဲ့ မူလသဘောတရားတွေလို့ ဆိုရမှာပဲ။ ပညာရှိသူတော်ကောင်းရဲ့စကားဟာ တွေ့မြင်နေကျကိစ္စတွေအကြောင်းကို ပြောတာပဲ ဖြစ်ပါစေ၊ အဲဒီစကားထဲမှာ **တောက်** ပါဝင်နေပါတယ်။ ပညာရှိသူတော်ကောင်းဟာ လောကငြိမ်းချမ်းဖို့အတွက် သူ့ကိုယ်သူ ပျိုးထောင်မွမ်းမံနေတာပဲ ဖြစ်တယ်။ လူတွေရဲ့ပျော့ညံ့ချက်က ဘာလဲဆိုတော့ ကိုယ့်လယ်ကိုတော့ ကိုယ်ပစ်ထားပြီးတော့ သူများလယ်တွေသွားပြီး ပေါင်းသင်နေကြတာပဲ။ သူများဆီက တောင်းရာမှာတော့ အများကြီးဖြစ်ပေမယ့် ကိုယ့်မှာလိုတာက နည်းနည်းကလေးဖြစ်နေတာပဲ"

ရှေးထုံးများ၊ ရှေးစကားများကို လိုက်နာသည့်ကိစ္စတွင်လည်း မှန်ကန်မှု၊ ကောင်းမွန်မှုတို့ကို မြတ်နိုး၍သာ ပြုလုပ်ရမှာဖြစ်၍ ထိုကိစ္စများဆောင်ရွက်ခြင်းမှာ အကျိုးခံစားခွင့်ကို မျှော်ကိုးခြင်း မဖြစ်ထိုက်ကြောင်းကိုလည်း အောက်ပါအတိုင်း မိန့်ကြားခဲ့လေသည်။

"သေသူအတွက် ပူဆွေးကြေကွဲမှုကို ပြသတာဟာ ရှင်နေသူတွေအတွက် ပြသ

နေတာမဟုတ်ဘူး။ အမှန်တရားကို မသွေမဖည်ဘဲ လိုက်နာတာဟာ ငွေကြေး ဆုလာဘ်ကို မျှော်ကိုးလို့မဟုတ်ဘူး။ အမှန်စကားကို ပြောတာဟာ လူတွေအမြင်မှာ ဖြောင့်မတ်သူအဖြစ် ရောင်ချင်လို့လည်း မဟုတ်ဘူး။ ပညာရှိသူတော်ကောင်းဟာ ထာဝစဉ်ပဲ အမှန်တရားကိုလိုက်နာပြီး အကျိုးဆက်ကိုတော့ ကံတရားကို လွှဲလိုက်တာပဲ"

ကောင်းမွန်လှသော စကားကလေးများဖြစ်သည်။ ကောင်းမှုမှ ပကာသနကို ခွာချရာလည်း ရောက်ပေ၏။

လူများက ကောင်းသည်ဆိုတိုင်းလည်း လက်မခံ။ မဖောက်မပြန်ကောင်းမွန်နေသည့်အရာ၊ မှန်ကန်နေသည့်အရာဖြစ်လျှင် လူအများက ချီးမွမ်းမည်၊ ကဲ့ရဲ့မည်ကို အာရုံမရှိဘဲ၊ ကောင်းမွန်မှန်ကန်သောကြောင့် ပြုမူကျင့်ကြံခြင်းသာ ဖြစ်ရမည်ဟု ဆရာကြီးမိန်းရှပ်က ဆိုမိန့်ခြင်းဖြစ်ပေ၏။

အစဉ်တစိုက် ကောင်းမွန်လာပါစေ။ မကောင်းမှုတစ်ချက်ပြုလုပ်လိုက်လျှင် အစွန်းအထင်းအကွက်ကြီးဖြစ်၍ ပစ်ရသွားနိုင်သလို၊ မကောင်းမှုတွေကို ပြုခဲ့ငြား သော်လည်းကောင်း မြတ်သောနောင်တတရားဖြင့် ပြုပြင်နိုင်ပါလျှင် ဘဝအတွက် အကျိုးမယုတ်နိုင်ပါကြောင်းကို ဆရာကြီးမိန်းရှပ်က ဤသို့ပြောကြားသည်။

"အလှကေရီဖြစ်နေပါစေ။ ညစ်ပတ်ပေရေနေသောပဝါကို လွှမ်းခြုံထားရင် သူ့အနားကဖြတ်လျှောက်သွားတဲ့လူတွေဟာ နှာခေါင်းကို ပိတ်သွားကြမှာပဲ။ တစ်ဖက်မှာ ကောက်ကျစ်ယုတ်မာတဲ့လူပင်လျှင် သူ့အတွေးတွေကို သန့်စင်ပစ်မယ်၊ ရှောင်ကြဉ်စရာတွေကို ရှောင်ကြဉ်မယ်၊ ကျမ်းနဲ့အညီ ရေမိုးချိုးတဲ့အစီအရင်ကိုလည်း လုပ်မယ်ဆိုရင်၊ မိုးနတ်သခင်အတွက် ပူဇော်ပွဲကို ပြုလုပ်နိုင်မှာပဲဖြစ်တယ်"

ဆရာကြီးသည် လမ်းချိုးတစ်ကွေ့ကို ထောက်ပြနေခြင်းဖြစ်သည်။ ကောင်းသောလမ်းကို လျှောက်လာရာမှ မကောင်းသောလမ်းကိုသော်လည်း ချိုးမိရာ၏။ မကောင်းသောလမ်းကို လျှောက်ခဲ့ရာမှ ကောင်းသောလမ်းကိုလည်း ချိုးကွေ့မိရာ၏။ ဘဝဖြစ်ရခြင်း၏ အကျိုးမနပ်ခြင်း၊ အကျိုးနပ်ခြင်းတို့သည် ချိုးကွေ့သည့်အပေါ်တွင် တည်မှီနေတော့သည်။

အစားမတော်တစ်လုတ်၊ အသွားမတော် တစ်လှမ်းဖြစ်နိုင်သလိုပင်၊ အစားတော်ပါကလည်း ဆေးဖြစ်နိုင်ပြီး၊ အသွားတော်ပါကလည်း ကောင်းမွန်ရာသို့ ရောက်သွားနိုင်ကြောင်းကိုလည်း ဆန့်ထုတ်ဆင်ခြင်ယူနိုင်ပေသည်။ လောင်းထည့်လာသောရေကို ခွက်ကြီးကြီးဖြင့်ခံယူလျှင် များများရနိုင်သလို၊ ပညာရှိတို့၏ဆိုစကား

များကို ဉာဏ်ကျယ်ကျယ်ဖြင့်ခံယူပါလျှင် ပမာဏများများရနိုင်ပါပေ၏။

ပညာပေးခြင်း၊ ပညာယူခြင်းနှင့် ပတ်သက်၍ ဆရာကြီးမိန်းရှပ်က အောက်ပါအတိုင်း ဥပမာကလေးဆောင်၍ မိန့်ကြားခဲ့လေသည်။

"ငါ ခစားနေပေမယ့် ဘုရင်က ပညာရှိမလာတာ အံ့စရာမဟုတ်ပါဘူး။ သစ်ပင်စိုက်တာကိုကြည့်။ တစ်ရက်လောက် အပူပေးပြီး ဆယ်ရက်လောက် အအေးဓာတ်တွေ ရစ်ပတ်ကုန်ရင် ဘယ်လောက်သန်စွမ်းတဲ့အပင်ဖြစ်ပါစေ၊ မရှင်သန်နိုင်ဘူး။ ငါ သွားနိုင်တဲ့ရက်က နည်းတယ်။ ငါ မရှိခိုက်မှာ အအေးဓာတ်နဲ့တူတဲ့လူတွေဟာ ဘုရင်ကို ဝိုင်းအုံရစ်ပတ်ကြတော့တယ်။ ပြီးတော့ စစ်တုရင်အတတ်ဟာ အသေးအဖွဲပါ။ ဒါတောင်မှ အာရုံစူးစိုက်သင်ယူခြင်းမရှိရင် မတတ်ပါဘူး။ ချူဟာ စစ်တုရင်မှာ အတော်ဆုံးပုဂ္ဂိုလ်ပါ။ သူက တပည့်နှစ်ယောက်ကို သင်ပေးတယ်။ တစ်ယောက်က အာရုံစူးစိုက်ပြီး သင်ပေးသမျှကို လိုက်နာမှတ်သားတယ်။ ကျန်တစ်ယောက်က ဆရာသင်နေခိုက်မှာ ရွှေငန်းကြီးဆီ အာရုံရောက်နေပြီး ရွှေငန်းကြီးကို ပစ်ချဖို့လေးတွေ မြားတွေ ဘယ်လိုစီရင်ရမလဲဆိုတာကို တွေးနေတယ်။ ဒီတော့ စစ်တုရင်မှာ သူဟာ ပထမတပည့်ကို လိုက်လို့မမီဘူး။ ဒါဟာ ဘာဖြစ်လို့လဲ။ သူ့ဉာဏ်ရည်က နိမ့်ကျလို့လား။ ငါကတော့ ဒီလိုမဟုတ်ပါဘူး"

ပညာအပေးအယူကိစ္စတွင် အထူးဆင်ခြင်စရာကောင်းလှသော အဆိုအမိန့်ပင်ဖြစ်တော့သည်။

ဆရာကြီးမိန်းရှပ်က ကောက်ဇူအား အောက်ပါအတိုင်း ဆုံးမဖူးလေသည်။

"ကုန်းမြင့်ကလေးတွေတစ်လျှောက်မှာ လူသွားလမ်းကလေးတွေ ရှိကြတယ်။ အဲဒါတွေကို ထာဝစဉ်အသုံးပြုသွားမယ်ဆိုရင် လမ်းကြီးတွေ ဖြစ်လာကြရတယ်။ တော်တော်ကလေးကြာအောင် အသုံးမပြုဘဲထားမယ်ဆိုရင် ပေါင်းမြက်တွေထူလာပြီး လမ်းတွေပိတ်ကုန်ရော။ အခု ပေါင်းမြက်တွေဟာ မင်းရဲ့နှလုံးသားကို ပိတ်ကုန်ပြီ"

မုန့်ဇူဟု တရုတ်ဘာသာဖြင့် အသံထွက်၍ ကမ္ဘာက **မိန်းရှပ်**ဟု နားလည်နေကြရသော ဆရာကြီး၏အဆုံးအမကို မြန်မာ့အတွေးအမြင်ဖြင့် နားလည်ရလျှင် နှလုံးသားတွင် ဗြဟ္မစိုရ်တရားလမ်းကြောင်းကလေးများရှိနေ၏။ ကျွန်ုပ်တို့ ထာဝစဉ်ထိုလမ်းကြောင်းကလေးတွေကို အသုံးပြုနေကြမည်ဆိုလျှင် ကျွန်ုပ်တို့၏နှလုံးသားဝယ် ဗြဟ္မစိုရ်လမ်းကလေးများသည် ဖုန်နေကြပေလိမ့်မည်။ ကျွန်ုပ်တို့သည် မေတ္တာ၊ ကရုဏာ စသော ဗြဟ္မစိုရ်လမ်းများကို အသုံးမပြုတော့ဘဲ အချိန်အတော်ကြာ လျစ်

လျှုရှထားသည်ရှိသော် ကျွန်ုပ်တို့၏နလုံးသားဝယ် မြက်ရိုင်းပေါင်းပင်တို့ ကြီးစိုးကြမည်သာ ဖြစ်ပေ၏။ ဆင်ခြင်မှတ်သားသင့်လှသော စကားကလေး ဖြစ်ပါ၏။

ဟောက်ရှိန်ပုဟိုက်က ဆရာကြီးမိန်းရှပ်ကို မေးသည်။

**"ယွဲ့ချုံးဇူ ဟာ ဘယ်လိုလူစားမျိုးလဲ"**

ထိုအခါ ဆရာကြီးက ပြန်ဖြေ၏။

"သူဟာ ကောင်းတဲ့လူ၊ မှန်ကန်တဲ့လူဖြစ်တယ်"

"ကောင်းတဲ့လူဆိုတာ ဘာကိုခေါ်တာလဲ။ မှန်ကန်တဲ့လူဆိုတာ ဘာကိုခေါ်တာလဲ"

ဤတွင် ဆရာကြီးမိန်းရှပ်က အောက်ပါအတိုင်းရှင်းပြ၏။

**"အားလုံးက နှစ်သက်ချစ်ခင်ခြင်းကို ခံရတဲ့လူဟာ ကောင်းတဲ့လူပဲ။ ကောင်းမွန်မှုကို ကိုယ်တွင်းမှပိုင်ဆိုင်ထားတဲ့လူဟာ မှန်ကန်တဲ့လူဖြစ်တယ်။ မိမိရဲ့ကောင်းမွန်မှုကို ကြီးထွားအောင်ပြုစုပျိုးထောင်တဲ့လူဟာ လှပတဲ့လူဖြစ်တယ်။ မိမိရဲ့ ကောင်းမွန်မှုကို ကြီးထွားအောင်လုပ်ပြီး ပွင့်လင်းသွားအောင် လုပ်တဲ့လူဟာ ကြီးမြတ်တဲ့လူဖြစ်တယ်။ မိမိရဲ့ကောင်းမွန်မှုကို အများအပေါ် သက်ရောက်တဲ့ အရှိန်ဩဇာဖြစ်အောင် ကျင့်ကြံတဲ့လူဟာ ပညာရှိတဲ့လူဖြစ်တယ်။ ပညာရှိမှုဟာ ငါတို့ရဲ့ သိနားလည်မှုဘောင် အပြင်ဘက်ရောက်တဲ့ လူဟာ သူတော်စင်ဖြစ်တယ်လေ။ ယွဲ့ချုံးဇူဟာ ရှေ့နှစ်ဆင့်ကိုရောက်ရှိပြီး နောက်လေးဆင့်ကိုတော့ မမီသူဖြစ်ပေတယ်"**

လောက၏ပညာကို ရှာဖွေခြင်းသည် ရှေးခေတ်အရှေ့တိုင်းသားတို့ မက်မောစွာကျင့်ကြံခဲ့ကြသောကိစ္စဖြစ်သည်။ လောကအကြောင်း နက်နဲသောပညာကိုသာလျှင် ထိုပုဂ္ဂိုလ်တို့က 'ပညာ' ဟုခေါ်ကြ၍ စာသင်ခန်းစသည့်နေရာများတွင် သင်အံရသောပညာများကိုမူ သျှတ္တရအဖြစ်နှင့် သုတအရာတွင်သာ ထားရှိခဲ့ကြသည်။ ရင်ဝယ်ပိုက်၍ ပြည့်စုံအောင်၊ ပြည့်ဝအောင် ရှာဖွေသည့်ပညာသည်ကား လောကအကြောင်း နက်နဲသောပညာသာလျှင်ဖြစ်၏။ ရှေးခေတ် တရုတ်ပညာရှိများပြောသော **တောက်** ဟူသည် ထိုသို့သော ပညာကိုလည်း ခြုံငုံထားပါပေ၏။

ထိုသို့သောပညာကို ရှာဖွေခြင်းနှင့်ပတ်သက်၍ ဆရာကြီးမိန်းရှပ်၏ ဆိုမိန့်ဆုံးမချက်တစ်ခုသည် မှတ်သားဖွယ်ကောင်းလှသည်။ ဤသို့တည်း။

"ဆရာကြီးကွန်ဖူးဇူ (ကွန်ဖြူးရှပ်)ဟာ ထုံတောင်ကိုတက်တော့ ရွာကလေးကို သေးသေးကလေးမြင်ရတယ်။ နောက် သူဟာ ထိုင်းတောင်ကိုတက်ရောက်တော့

ကမ္ဘာကြီးဟာ သေးသေးကလေးလို မြင်နေရတယ်။ ဒါကြောင့် ပင်လယ်ကို မြင်ဖူးသွားတဲ့လူဟာ မြစ်တွေလောက်နဲ့ မကျေနပ်နိုင်တော့ဘူး။ ပညာရှိများနဲ့ ပေါင်းသင်းဆက်ဆံမိတဲ့လူဟာ စကားတွေလောက်နဲ့ ကျေနပ်ဖို့ ခဲယဉ်းလာတယ်။ ရေကို ကြည့်တဲ့နေရာမှာ ပညာပါတယ်။ ကြည့်ရမှာက တစ်ဟုန်ထိုး တိုးနေတဲ့လှိုင်းတွေပဲ ဖြစ်တယ်။ နေနဲ့လတို့ဟာ တောက်ပမှုကိုပိုင်ဆိုင်ထားပြီး သူတို့ရဲ့အလင်းရောင်ဟာ တောင်နံရံပတ်ကြားအက်တိုင်းကို ဖြတ်သန်းရောက်ရှိတယ်။ စီးဆင်းနေတဲ့ရေဟာ သူလိုရာကိုမရောက်ခင် လမ်းမှာ ချိုင့်ဝှမ်းတွေကို ဖြည့်တင်းသွားရတယ်။ ဒီလိုပဲ တောက်ပေါ်မှာ အာရုံထားနေတဲ့ အမျိုးကောင်းသားဟာ ပြီးမြောက်မှုအဆင့်ကို မရောက်ခင်မှာဘဲ တစ်လှမ်းပြီးတစ်လှမ်း ရှေ့ကို တက်သွားရတယ်"

အထက်ပါ ဆုံးမချက်သည် အလွန်တရာ ကောင်းလှစွာ၏။

အနိမ့်လွှာအမြင်နှင့် အမြင့်လွှာအမြင်တို့ ကွာခြားပုံ၊ အနိမ့်လွှာဆက်ဆံရေးနှင့် အမြင့်လွှာဆက်ဆံရေးတို့ ကွာခြားပုံများ ပါဝင်သည်။ ထိုမျှမက တည်ငြိမ်မှုအောက်ခံတွင် အပေါ်ယံကပြေးနေသော လှုပ်ရှားမှုတို့ကို ကြည့်တတ်ရန်နှင့် အောက်ခံတောက်ပမှုနှင့် ပြေးလွှားလှုပ်ရှားတတ်သော ရောင်ခြည်တို့ကို ကြည့်တတ်ရန်ကို ပြောကြားခြင်းအားဖြင့် လောက၏အောက်ခံ ယင်နှင့် လှုပ်ရှားသော ယန်းတို့ကို ကြည့်မြင်တတ်ရန်တို့ကိုလည်း ပြောကြားသည်။

ထို့အပြင် အရေးအကြီးဆုံးအချက်ဖြစ်သော **တောက် ခရီးလျှောက်လှမ်းရပုံ** ကိုပါ မိန့်ကြားသွားသည်။ စီးနေသောရေသည် အကျိုးပြုသောရေဖြစ်သည်။ ထိုရေသည် မိမိ၏ခရီးပန်းတိုင်သို့သွားရာတွင် ပန်းတိုင်ရောက်ရေးကိုသာ ဦးစားပေးသည် မဟုတ်ပါ။ လမ်းတွင် ကြုံရသမျှသော ချိုင့်ခွက်၊ ချိုင့်ဝှမ်းများကိုလည်း ရပ်တန့်၍ ပြည့်အောင် ဖြည့်ဆည်းပေးပြီးမှ ခရီးပန်းတိုင်ဆီသို့ ဆက်လက်၍သွားသည်။ **တောက်လမ်းခရီးကို** လျှောက်လှမ်းနေသော အမျိုးကောင်းသား ပညာလက်သင်သည် မိမိ၏ခရီးပန်းတိုင်သို့ မရောက်ရှိသေးသော်ငြားလည်း လမ်းတွင်ကြုံရသမျှ မပြည့်သေးသူများ၊ လိုနေသေးသူများအား ဖြည့်ဆည်းပေးသွားရမည်မှာ တာဝန်တစ်ရပ်ဖြစ်ကြောင်း ထောက်ပြသွားသည်။

ဤသို့ဖြင့် **တောက်ခရီးလမ်းကို** လျှောက်လှမ်းနေကြသူများသည် မိမိတွင် ဆည်းပူးရရှိထားသရွေ့ အမြင်ထူး၊ ပညာထူးကလေးများကို မိမိတို့ထက် အသိဉာဏ်ခေါင်းပါးနေသောသူများအား ဓမ္မဒါနပြုရင်း မိမိတို့လိုရာခရီးသို့ သွားရမည်ဟု ပြတ်ပြတ်သားသားပင် မိန့်ကြားသွားခြင်းဖြစ်ပါ၏။

*အလုပ်ကို မိမိတစ်ယောက်စာသာ မလုပ်ပါနှင့်။*
*ပညာကို မိမိတစ်ယောက်တည်းအတွက် မရှာပါနှင့်။*

ဤကား တောက်ဆရာတို့၏ အလိုတည်း။

"ရွာထဲမှာ ပညာရှင်ဟာ သူ့ရဲ့ကောင်းမွန်မှုဟာ သူတစ်ပါးထက် သာလွန်ကြောင်း ပြသနိုင်မှ ရွာထဲက ပညာရှင်ကောင်းတွေအားလုံးနဲ့ မိတ်ဆွေဖွဲ့လို့ ရမယ်။ နိုင်ငံတစ်နိုင်ငံမှာ ပညာရှင်ဟာ သူ့ရဲ့ကောင်းမွန်မှုဟာ သူတစ်ပါးထက်သာလွန်ကြောင်း ပြသနိုင်ပါမှ နိုင်ငံတစ်ဝန်းက ပညာရှင်ကောင်းတွေအားလုံးနဲ့ မိတ်ဆွေဖွဲ့လို့ရမယ်။ အဲဒီလို ကမ္ဘာတစ်ဝန်းက ပညာရှင်တွေနဲ့ မိတ်ဆွေဖွဲ့ရတာ အားမရရင် ပညာရှင်ဟာ အထက်တက်ပြီး ရှေးခေတ်ကပုဂ္ဂိုလ်တွေအကြောင်း ဆင်ခြင်နိုင်တယ်။ အဲဒီပုဂ္ဂိုလ်ကြီးတွေရဲ့ကဗျာတွေ၊ စာတွေကို ဖတ်မယ်။ ပြီးတော့ အဲဒီပုဂ္ဂိုလ်ကြီးတွေရဲ့ခေတ်ကို လေ့လာမယ်။ အဲဒါဟာ ရှေးသူဟောင်းတွေရဲ့ မိတ်ဆွေဖွဲ့နိုင်တဲ့နည်းပဲ"

ရှေးဦးစွာ မိမိခေတ်နှင့် မိမိဒေသကို ပိုင်နိုင်စွာလေ့လာပြီးမှ ပိုမိုဩပြည့်စုံစေရန် ရှေးဟောင်းစာပေများကို လေ့လာလိုက်စားရမည်ဖြစ်ကြောင်းကို ဆုံးမသွား၏။ ဤသို့ဖြင့် ရှေးဟောင်းရိုးတံတွင် ရွက်သစ်များ ဝေဆာစေခြင်းဖြင့် ပညာပန်းသည် လှပမြိုင်ဆိုင်စွာ ပွင့်လန်းလာမည်ဖြစ်ပေ၏။

ဤတွင် အထူးသတိပြုရန်အချက်တစ်ချက် ရှိနေသည်။

ပညာရှာမှီးခြင်းနှင့် စပ်စုသည့် ချင်ခြင်းကို ဖြေသိမ့်ခြင်းတို့သည် လုံးဝမတူကြောင်းကို အထူးသတိပြုကြရမည်ဖြစ်၏။

ပညာကို ရှာပြီဆိုလျှင် မိမိကိုယ်မိမိ ဆန်းစစ်ကြည့်ရပါမည်။ လူ၏စပ်စုတတ်သော စိတ်သဘာဝဖြင့် မသိသေးတာ သိချင်ရုံဖြင့် ပညာကိုမွတ်သိပ်ခြင်း မခေါ်လောက်ပါ။

မသိသေးတာ သိချင်ခြင်းသည် ကလေးစိတ်သာဖြစ်၍ နက်နဲသောအလွှာသို့ တက်၍သိချင်ခြင်းနှင့် အသိတရားကို အသက်ထက်မြတ်နိုး၍ မွတ်သိပ်ရှာဖွေခြင်းသည်သာ ပညာလိုလားခြင်းဖြစ်ပေသည်။

စပ်စုစိတ်ဖြင့်လေ့လာသူသည် ပညာစခန်း နက်နဲ၍ခက်ခဲလာသောအခါ ရှာဖွေမှုကိုရပ်ဆိုင်း၍ ပြန်ပြေးလေ၏။ သူသည် ပြီးမြောက်ခြင်းသို့ မရောက်နိုင်ချေ။ မီးသည် ပွတ်ရာတွင် သုံးလေးချက်ပွတ်၍ ရပ်ထားလျှင် မီးထွက်မည်မဟုတ်ချေ။ ထိုသို့ မီးမထွက်သဖြင့် 'အလကားပါ' ဆိုကာ စွန့်ခွာထွက်သွားသူသည် မီးကို ရရှိမည်မဟုတ်ပါ။

အောက်ပါ ဆရာကြီးမိန်းရှပ်၏ သွန်သင်ချက်ကို ရင်ဝယ်ပိုက်၍ ပညာရယူနိုင်ကြပါစေသတည်း။

"ကြီးမားတဲ့ပြီးမြောက်မှုကို ရည်စူးတဲ့လူဟာ ရေတွင်းတူးတဲ့လူနဲ့ ဥပမာပြုသင့်တယ်။ ရေတွင်းကို ကိုးဖာသွမ်လောက် တူးပြီး ရေဆီမရောက်ခင် တူးတာ ရပ်ပစ်လိုက်ရင် ရေတွင်း အလဟဿလုပ်ပစ်လိုက်ရာ ရောက်တာပေါ့"

တရုတ်လူမျိုးများက 'မုန့်ဇူ'ဟု အသံထွက်ခေါ်ငင်၍၊ အနောက်တိုင်းသားများက 'မိန်းရှပ်'ဟု အသံထွက်ခေါ်ငင်သော နာမည်ရှိသည့် တရုတ်ပညာရှိကြီးသည် တရုတ်လူမျိုးတို့ထုံးစံအတိုင်း စကားကို ကွက်ကျော်ပြောတတ်၏။ ကြားနာရသူများသည် သူ ဘာကိုဆိုလိုသည်ကို တွေးတော၍ ဖြည့်စွက်ယူပါမှ သူ ဆိုလိုသည်ကို သဘောပေါက်ရ၏။ ထို့ကြောင့် တရုတ်ပညာရှိကြီးများ၏ အဆိုအမိန့်ကို နားလည်ချင်ပါလျှင် တွေးတောဆင်ခြင်ခြင်းကို အရင်းစိုက်ရသည်။ ထို့ကြောင့်လည်း ကျွန်ုပ်၏အမြင်တွင် တရုတ်ပညာရှိများ၏စကားတို့သည် အဖိုးတန်နေပါတော့သည်။

မိန်းရှပ်က ဤသို့မိန့်ကြားဖူး၏။

"ပညာရှိသောသူသည် အသိပညာအားလုံးကို ခြုံငုံနားလည်ထားသည်ဖြစ်သော်လည်း အရေးအကြီးဆုံးသောအရာကို အထူးအာရုံစိုက်သည်။ 'ရင်'နှလုံးသားရှိသောသူသည် သတ္တဝါအားလုံးတို့အပေါ် မေတ္တာကွန်ရက်ကို ဖြန့်ကြက်ပါ၏။ သို့သော် မေတ္တာနှင့်ထိုက်တန်သူကို ပို၍ထက်သန်သော မေတ္တာထားမှုရှိ၏။ ယောက်နှင့် ရှွန်တို့ကား သူတို့၏အသိပညာကို မည်သည့်အရာအပေါ်တွင်မှ မထားဘဲ အရေးကြီးဆုံးသောအရာကိုသာ အာရုံစိုက်သည်။ ထို့အပြင် 'ရင်' ကိုလည်း လူတိုင်းအပေါ် မထား။ ထိုက်တန်သူတို့အပေါ်တွင်သာ ထားသည်။ ဥပမာသော်ကား သုံးနှစ်တာ ပူဆွေးကြေကွဲမှုကို မပြုလုပ်နိုင်သူသည် သုံးလေးလကို အာရုံစိုက်သကဲ့သို့ပင်တည်း။ တစ်ဖန် စည်းမဲ့ကမ်းမဲ့စားသောက်သူသည် အသားကို သွားဖြင့်မကိုက်ဖြတ်မိအောင် ဘယ်လိုရှောင်ကြဉ်ရမလဲ မေးသကဲ့သို့ပင်တည်း။ ဤဟာကို ကျွန်ုပ်က အရာဝတ္ထုတို့အပေါ်နှိုင်းစာ၍ အရေးကြီးပုံကို နားမလည်ခြင်းဟု ခေါ်သည်"

သူ့စကားကို မစဉ်းစားဘဲ နားထောင်လျှင် ရှုပ်ထွေးနေတတ်၏။ သေသေချာချာစဉ်းစားသည်ရှိသော် ဆရာကြီးမိန်းရှပ်၏အယူအဆအရ ပညာရှိသည် အရေးကြီးသည့်အရာကို အာရုံစိုက်၍ ပညာယူရမည်ဖြစ်သော်လည်း အရာရာတွင်ကား အရေးမကြီးသည့်တိုင်အောင် နားလည်ထားရမည်သာဖြစ်သည်။ ထိုနည်းတူစွာပင် စိတ်ကောင်းနှလုံးကောင်းတရားဖြစ်သော 'ရင်' ကို ဖြန့်ကြက်ထားရှိရာတွင်လည်း ထိုက်

တန်သူအပေါ် အာရုံစိုက်ရမည်ဖြစ်သော်လည်း မထိုက်တန်သည့်တိုင်အောင် မိမိ၏ စေတနာကောင်းကို ဖြန့်ကြက်ထားရှိရမည်သာ ဖြစ်သည်။

**ယောက်** ဆိုသူနှင့် **ရှွန်** ဆိုသူများကမူ အသိပညာဆည်းပူးရာတွင်လည်း အရေးကြီးသောအရာကိုသာ ဆည်းပူးသည်။ စေတနာကောင်းဖြစ်သော 'ရင်' ကို ဖြန့်ကြက်ရာတွင်လည်း ထိုက်တန်သူအပေါ်သာ ထားရှိ၍၊ အခြားသောသူများ အပေါ် မထားရှိချေ။

ဤသည်ကို ဆရာကြီးမိန်းရှပ်က အပြစ်ပြောသည်။ သူတို့ပြုမူနေကြပုံမှာ ပညာဆည်းပူးရာတွင် အရာရာတိုင်းကို မဆည်းပူးနိုင်သဖြင့် အရေးကြီးတာကိုသာ ကွက်၍ဆည်းပူးသည်။ 'ရင်'သဘောထားကိုထားရာတွင်လည်း သတ္တဝါအပေါင်း ပေါ် မထားနိုင်သဖြင့် ထိုက်တန်သူလောက်သာ ကွက်၍ထားခြင်းဖြစ်သည်ဟု ဆို သည်။

ဆရာကြီး၏သဘောတွင်ကား အရာရာအပေါ် ဖြန့်ကြက်၍ အရေးကြီးသော အကွက်တွင် စုစည်းခြင်းသာဖြစ်ပေ၏။ ဤသည်ကို ဆရာကြီးက အရာရာသည် သူ့အထွာနှင့်သူ အရေးကြီး၏ဟူ၍ ဆိုလိုခြင်းဖြစ်ပေ၏။

ဆရာကြီးမိန်းရှပ်က မိန့်ကြားသည်။

"တကယ်လို့ လူတစ်ယောက်ဟာ မရောက်သေးဘဲနဲ့ မရပ်သင့်တဲ့နေရာမှာ ရပ်တန့်ပြီဆိုရင် သူဟာ အရာရာတိုင်းအတွက် မရောက်မီမရှိ ရပ်တန့်မှာပဲဖြစ်တယ်။ တကယ်လို့ လူတစ်ယောက်ဟာ သဘောကောင်းစွာ ဆက်ဆံရမယ့်လူအပေါ် မုန်း တီးမှုနှင့်ဆက်ဆံပြီဆိုရင် သူဟာ လူအားလုံးအပေါ် မုန်းတီးမှုနဲ့ ဆက်ဆံမှာပဲ။ တကယ်လို့ လူတစ်ယောက်ဟာ အလောသုံးဆယ်ရှေ့ကိုတက်ရင် ခပ်သုတ်သုတ်ပဲ ပြန်ဆုတ်ရမှာပဲ"

ဤအဆိုအမိန့်တွင်မူ နားမလည်စရာမရှိပါ။ လိုက်နာမှတ်သားစရာ အလွန် ကောင်းလှသော စကားကလေးဖြစ်၍ တင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ရှေ့ကို အလော သုံးဆယ်တက်သူသည် နောက်သို့ ကပျာကယာဆုတ်ရသည်ဆိုသော စကားအရ ပျာယီးပျာယာလုပ်သော အလုပ်သည် ရှေ့သို့မရောက်ဘဲ နောက်သို့သာ ရောက် ရတတ်သည်ကို ဖော်ပြနေလေသည်။

ဆရာကြီး၏ အဆိုအမိန့်များကို ဆက်လက်၍ကြည့်ကြပါဦးစို့။

"မမှန်သောစကားများသည် ပျက်စီးဆုံးရှုံးမှုကို ဖြစ်စေတတ်သည်။ ပျက်စီး ဆုံးရှုံးမှုကို အများဆုံးဖြစ်စေတတ်သော စကားများကား ထိုက်တန်သူများကို မှောင်

ရိပ်ထဲရောက်သွားအောင် တွန်းပို့လိုက်သော စကားများပင်တည်း”

ဆရာကြီးမိန်းရှပ်သည် ထိုက်တန်သူကို ထိုက်တန်သည့်နေရာတွင် ထားရမည်ဟု ယူဆထားပုံရသည်မှာ ပေါ်လွင်နေပါသည်။ ထိုက်တန်သူအတွက် သူနှင့်ထိုက်တန်သည့်နေရာမှာ အလင်းရောင်ထဲတွင် ဖြစ်သည်။ သို့မှသာ လူတွေက သူ့ကိုမြင်ရ၍ အတုယူကာ ထိုက်တန်သူတွေအဖြစ် ရောက်ရှိလာချင်၏။ ထိုက်တန်သူကလည်း အလင်းရောင်ထဲတွင်သာ လုပ်ကိုင်စရာလမ်းပွင့်သည်ဖြစ်၍ ထိုက်တန်သောလုပ်ငန်းတွေ ပြီးစီးနိုင်လေသည်။

ထိုက်တန်သူသည် မှောင်ထဲရောက်သွားပြီဆိုလျှင်ကား အများအတွက် ကြီးစွာသောဆုံးရှုံးမှုဖြစ်၏။ အတုယူစရာ နမူနာကောင်း ကွယ်ပျောက်သည်။ ပြီးတော့ ထိုက်တန်သောလုပ်ငန်းများ ပြီးစီးခြင်းမရှိသဖြင့် လောကသည် ဆုံးရှုံးရ၏။ ထို့ကြောင့်ပင် ထိုက်တန်သူကို မှောင်ထဲသို့ရောက်စေသော စကားများသည် ပျက်စီးဆုံးရှုံးမှုကို အဖြစ်စေဆုံးသောစကားများဟု ဆိုပါ၏။ ဝေဖန်ရေးသမားတွေ အထူးဆင်ခြင်ဖို့ဖြစ်သည်။ အပြုသဘော ဝေဖန်ရာမရောက်ဘဲ CASTIGATION ခေါ်သူတစ်ပါးအပေါ် အကျိုးဖျက်ဝေဖန်ခြင်းဖြစ်သွားလျှင် တာဝန်ကြီးလေးလှပါ၏။

“လူတွေရဲ့ လုပ်ကျွေးပြုစုမှုတွေမှာ ဘယ်ဟာက အကြီးမြတ်ဆုံးလဲ။ မိဘတွေကို လုပ်ကျွေးပြုစုမှုဟာ အကြီးမြတ်ဆုံးဖြစ်တယ်။ လူတွေရဲ့ တာဝန်ဝတ္တရားတွေမှာ ဘယ်ဟာက အကြီးမြတ်ဆုံးလဲ။ မိမိကိုယ်မိမိ ထိန်းသိမ်းမှုဟာ အကြီးမြတ်ဆုံးဖြစ်တယ်။ မိမိကိုယ်မိမိ ထိန်းသိမ်းမှုမရှိဘဲနဲ့ မိဘတွေကို လုပ်ကျွေးပြုစုနိုင်တယ်ဆိုတာ ငါ မကြားဖူးဘူး။ လောကမှာ လုပ်ကျွေးပြုစုမှုတွေ အမျိုးမျိုးရှိလေရဲ့။ ဒါပေမယ့် မိမိရဲ့မိဘတွေကို လုပ်ကျွေးပြုစုတာဟာ အားလုံးသော လုပ်ကျွေးပြုစုမှုတို့ရဲ့ အရင်းအမြစ်ဖြစ်တယ်”

မိန်းရှပ်သည် ကွန်ဖြူးရှပ်၏ တပည့်ဖြစ်သည်။ ထို့ကြောင့်ပင် သူသည်လည်း သူ့ဆရာ၏ခြေရာကိုနင်း၍ မိဘကို လုပ်ကျွေးပြုစုခြင်းတည်းဟူသော သားသမီးဝတ္တရား၏ကြီးမားပုံကို မီးမောင်းထိုးပြပေ၏။ ရှေးဟောင်းတရုတ်တို့၏ ‘မိဘအပေါ်ဝတ္တရားကျေမှ သားကောင်းဖြစ်သည်’ ဟူသောအယူအဆသည် ကွန်ဖြူးရှပ်၏အယူဝါဒနှင့်အတူ ဂျပန်ပြည်သို့လည်းရောက်ရှိ၍ ဂျပန်လူမျိုးတို့၏ နှလုံးသားတွင်လည်း စွဲမြဲနေပါသည်။

ကျွန်ုပ်တို့ မြန်မာဗုဒ္ဓဘာသာတွင်လည်း မိဘသည် အနန္တောအနန္တဂိုဏ်းဝင်ဖြစ်၍ လုပ်ကျွေးမွေးမြူရုံသာမက ကိုးကွယ်ထိုက်သည်ပင်ဖြစ်သည်။ သို့တိုင်အောင်

ယခုခေတ်တွင် သားသမီးများက မိဘများကို လုပ်ကျွေးပြုစုခြင်း ပေါ့ဆသွားသယောင် တွေ့မြင်နေရခြင်းကား သားသမီးများသည် မိမိတို့ကိုယ်မိမိတို့ ထိန်းသိမ်းစောင့်ရှောက်မှု လျော့နည်းကုန်ကြ၍သာ ဖြစ်ရမည်ဟု ယူဆရပါတော့သည်။

သားသမီးတို့သည် မိမိတို့ကိုယ်မိမိတို့ တန်ဖိုးကြီးအောင်၊ လူရည်မွန်တွေ ဖြစ်အောင်၊ မင်္ဂလာရှိအောင် ထိန်းသိမ်းနေထိုင်မည်ဟု စိတ်ပိုင်းဖြတ်သည်နှင့် တစ်ပြိုင်နက် သူတို့သည် မိဘများကို လုပ်ကျွေးပြုစုမည်သာ ဖြစ်ကြလေသည်။

တကယ်တော့ မည်သည့်ဘာသာဝင်ပင်ဖြစ်ပါစေ။ မိဘကို လုပ်ကျွေးမွေးမြူသော သားသမီးနှင့် မိဘကို ဒုက္ခပေးသော သားသမီးတို့ အကျိုးပေးကွဲပြားခြားနားပုံကို ယခုမျက်မှောက်တွင်ပင် အထင်းသားတွေ့မြင်နိုင်ကြမည်သာ ဖြစ်ပါ၏။ စင်စစ်တွင်ကား မိဘများကို ကိုးကွယ်ရာဘာသာတိုင်းကပင် တန်ဖိုးထား အလေးပြုကြသည်သာ ဖြစ်လေသည်။

သို့သော် အောက်ပါ ဆရာကြီးမိန်းရှပ်၏ မိန့်ကြားချက်မှာမူ ပို၍ပင် ဆန့်ထုတ်သွားရာရောက်သည်ဟု ယူဆရပါ၏။

"မိဘအပေါ် တာဝန်မကျေရာ ရောက်တာ သုံးခုရှိတယ်။ အဲဒီအထဲမှာ အကြီးဆုံးသော တာဝန်မကျေပွန်မှုကတော့ သားသမီးမရှိတာဘဲဖြစ်တယ်"

ကျွန်ုပ်တို့ မြန်မာများကတော့ ဤအထိ မယူဆကြချေ။ ဆန့်ကျင်ဘက်အားဖြင့်ပင် သားသည် သာသနာ့ဝန်ထမ်းဖြစ်သွားလျှင်ပင် မိဘသည် ပို၍တန်ဖိုးကြီးသွားသေးရာ သာသနာ့ဝန်ထမ်းသည် နောင်လာနောင်သား သားသမီး မကျန်ရစ်ပါသော်လည်း မိဘ၏ကျေးဇူးကို လှလှကြီးဆပ်နိုင်လေသည်။

အထူးသဖြင့် ကျွန်ုပ်တို့မြန်မာများက ဤသို့ ပို၍ ယူဆလက်ခံထားနိုင်ကြသည်။ မြန်မာများတွင် အဖေဘက်က အမျိုးနွယ်ကို အခြားလူမျိုးများကဲ့သို့ ထိန်းသိမ်းထားသည့် နာမည်မှည့်ခေါ်ခြင်းမျိုးမရှိချေ။ ထို့ကြောင့် ကျွန်ုပ်၏နာမည်သည် ကျွန်ုပ်၏ အဖေ၊ အဘိုးများ၏နာမည်များ မပါနိုင်သကဲ့သို့ပင် ကျွန်ုပ်၏သားများ၊ မြေးများတွင်လည်း ကျွန်ုပ်၏နာမည် ပါစရာမလိုချေ။ ဤသို့ဖြင့် နောင်လာနောင်သား သားသမီးမကျန်ရစ်ခြင်း၊ ကျန်ရစ်ခြင်းတို့သည် မိဘမျိုးနွယ်ကို ထိန်းထားခြင်း မထားခြင်းနှင့် မဆိုင်ချေ။

ထို့ကြောင့် ကွန်ဖြူးရှပ်၊ မိန်းရှပ်တို့၏အယူအဆကို ဤနေရာတွင်တော့ ကျွန်ုပ်တို့ အလေးထားကြမည် မဟုတ်ပါချေ။

ကမ္ဘာ့စာပေများတွင် မိန်းရှပ် (Mencius) ဟုအသိများနေသော မုန့်ဇူသည်

ရှေးခေတ်တရုတ်ပညာရှိကြီးတစ်ဦး ဖြစ်သည်။ ရှေးခေတ်ဖြစ်သဖြင့် ယခုခေတ်နှင့် မတိုက်ဆိုင်သောအယူအဆတွေလည်း ရှိချင်ရှိမည်။ သို့သော် ပညာရှိကြီးဖြစ်သဖြင့် သူ၏အယူအဆများ၊ အဆိုအမိန့်များတွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါး စလုံးတွင် မှန်ကန်သောအချက်များလည်း ပါရှိနေသည်မှာ သေချာပေ၏။ အချို့သောကိစ္စရပ်များတွင်ကား ရှေးခေတ်က ရှေးခေတ်အမြင်၊ ယခုခေတ်တွင် ယခုခေတ်အမြင်ဖြင့် ကြည့်၍ရစကောင်းသောအယူအဆ၊ အဆိုအမိန့်များလည်း ရှိနေသည်ဟု ကျွန်ုပ်ယူဆပါသည်။ ဤသည်မှာ ဆရာကြီးမိန်းရှပ်မှသာ မဟုတ်။ ရှေးက ပညာရှိမှန်သမျှ၏ ကိစ္စရပ်တို့တွင်လည်း ဤနည်းတူပင်ဖြစ်ပါ၏။

ဥပမာအနေဖြင့် ဆရာကြီးမိန်းရှပ်၏ အောက်ပါစကားကလေးကို နားထောင်ကြည့်ပါ။

"မိမိ၏မိဘများကို အသက်တင်ရှားရှိခိုက် ပြုစုထောက်ပံ့ခြင်းသည် မိမိ၏ တာဝန်ကျေပွန်ခြင်းတစ်ရပ်ဟူ၍ မယူဆနိုင်ပါ။ မိဘများ ကွယ်လွန်ပြီးနောက် အသုဘအစီအရင်များကို လိုက်နာကျင့်ကြံခြင်းသည်သာလျှင် မိဘများအပေါ်ထား ရှိသည့်တာဝန် ကျေပွန်သည်ဟု မှတ်ယူရမည်"

ဤအယူအဆကို ရှေးခေတ်မှစ၍ ယနေ့တိုင် တရုတ်အမျိုးသားများက လိုက်နာကျင့်ကြံနေကြသည်မှာ မိဘတစ်ပါးပါး ကွယ်လွန်လျှင် ကြီးစွာသောအစီအရင်တွေကိုပြုလုပ်၍ နောက်ကာလများတွင် သင်္ချိုင်းကန်တော့ခြင်းများကို ဝတ္တရားမပျက် ပြုလုပ်လျက်ရှိကြပေသည်။ ဤသည်ကို ကျွန်ုပ်က မှားယွင်းသည်ဟု မဆိုလိုပါ။

ဆရာကြီး၏စကားကို ခေတ်မီမီကောက်ယူ၍လည်း ရနိုင်ပါသည်ဟု ဖြည့်စွက်လိုသောစေတနာဖြင့် တင်ပြလိုပါသည်။

မိဘများကို အသက်ရှင်နေစဉ် ကောင်းစွာပြုစုထောက်ပံ့သင့်ပေ၏။ ထို့ပြင်မက မိဘများကွယ်လွန်ခဲ့သည်ရှိသော် မိဘများ၏ကျေးဇူးကို အောက်မေ့သတိရနေပြီး မိဘမျိုးရိုးအပေါ် အရှက်ရစေမည့် အကျင့်ပျက်မှုများ၊ သီလမဲ့မှုများ၊ နိမ့်ကျသည့် အမှုများကို ပြုလုပ်မှုများ စသည်တို့ကို ဝေးစွာရှောင်ရှားခြင်းအားဖြင့် ကွယ်လွန်ပြီး ကျန်သောမိဘဘိုးဘွားများကို ပြုစုထောက်ပံ့ရာ ရောက်သည်ဟူ၍လည်း ဆန့်ထုတ်ပြီး အဓိပ္ပာယ်ကောက်ယူလျှင် ပိုမိုပြည့်စုံလေမည်လားဟူ၍ ထင်မြင်မိကြောင်း တင်ပြရပါသည်။

ကျွန်ုပ်က ဤသို့ ဆန့်ထုတ်ယူဆရခြင်းမှာကား အခြားတစ်နေရာတွင် ဆရာကြီးမိန်းရှပ်က အောက်ပါအတိုင်း မိန့်ကြားခဲ့ခြင်း ရှိနေသောကြောင့် ဖြစ်ပါ၏။

"မိဘအပေါ် တာဝန်မကျေဘူးလို့ ဆိုလောက်စရာအချက် လေးချက်ရှိတယ်။ ပထမဆုံးက မိဘများကို ထောက်ပံ့ဖို့ပျက်ကွက်ပြီး မိမိရဲ့ကိုယ်လက်အင်္ဂါများကို အသုံးချရမှာ ပျင်းခြင်းပဲဖြစ်တယ်။ (အလုပ်မလုပ်ခြင်းကို ဆိုလိုပုံရပါသည်) ဒုတိယကတော့ ကျားထိုးခြင်း၊ စစ်တုရင်ထိုးခြင်း၊ လောင်းကစားခြင်း၊ သေရည်သေရက်သောက်ခြင်းတို့ကို မိဘကို ထောက်ပံ့ပြုစုဖို့ ပျက်ကွက်ပြီး ဥစ္စာစည်းစိမ်ကို မက်မောခြင်း၊ သားမယားများကို အထူးမျက်နှာသာပေး အလိုလိုက်ခြင်းဆိုတာတွေပဲ ဖြစ်တယ်။ စတုတ္ထအချက်ကတော့ နားများ၊ မျက်လုံးများရဲ့အာရုံတွေကို ဖြည့်ဆည်းလွန်းလို့ မိဘများကို အရှက်ရ၊ နာမည်ပျက်စေခြင်းပဲ ဖြစ်တယ်"

ဤအဆိုအမိန့်ကိုကြည့်သော မိဘများ အသက်ထင်ရှားရှိစဉ်ဖြစ်စေ၊ ကွယ်လွန်ပြီးသည့်နောက်တွင်ဖြစ်စေ မိဘတို့၏ ဂုဏ်သတင်း၊ နာမည်မထိခိုက်စေရအောင် ထိန်းသိမ်းရမည်ဆိုသည်မှာ သားသမီးတိုင်း၏တာဝန်ဖြစ်ပေ၏။

ယနေ့သတင်းစာများတွင် ပြစ်မှုကျူးလွန်သူတို့၏ သတင်းကိုကြည့်လျှင် ကျူးလွန်သူ မည်သူမည်ဝါဟူသည်တွင် ရပ်တန့်မနေဘဲ အဘမည်သူမည်ဝါ ဖြစ်သည်ကိုပါ ဖော်ပြလေရာ မိမိက မကောင်းမှုကိုကျူးလွန်ခြင်းဖြင့် အပြစ်မရှိသောဖခင်ကိုပါ ထိခိုက်စေနိုင်သည်ကို သတိပြုသင့်ပေသည်။

ဆရာကြီး၏ အောက်ပါအမြင်သည်ကား ထူးခြား၍ အလေးအနက်ထား စဉ်းစားသင့်သောကိစ္စဖြစ်၏။

"လူတစ်ယောက်ဟာ တခြားလူရဲ့ ဖခင်ကိုသတ်ရင် အဲဒီတခြားလူဟာ သူ့ဖခင်ကို ပြန်ပြီးသတ်လိမ့်မယ်။ တကယ်လို့ လူတစ်ယောက်ဟာ တခြားလူရဲ့ အစ်ကိုကို သတ်ရင် တခြားလူက သူ့အစ်ကိုကို ပြန်သတ်လိမ့်မယ်။ ဒီတော့ မိမိရဲ့ အဖေရဲ့အစ်ကိုဟာ ကိုယ့်လက်ချက်နဲ့ သေရတာမဟုတ်ပေမယ့် ကိုယ်သတ်ရာရောက်တယ်လို့ ဆိုရမယ်"

မည်သည့်ကိစ္စမဆို ရှေ့နောက်ဆင်ခြင်၍ ပြုလုပ်သင့်ကြောင်း၊ တတ်နိုင်လျှင် အမြော်အမြင်ကြီးစွာဖြင့် ရှေ့သို့ အဝေးကြီးမှန်းမျှော်တွေးခေါ် ပြုလုပ်သင့်ကြောင်းများ ခြုံငုံပါဝင်နေပေ၏။ မည်သို့ပင်ဖြစ်စေ၊ ကာလတိုကိုမကြည့်ဘဲ အရှည်ကိုမြော်မြင်တတ်ခြင်းသည်ပင် ပညာရှိတို့၏ လက္ခဏာဖြစ်သည်ကိုတော့ မည်သည့်လူမျိုးမဆို လက်ခံနိုင်ပါလိမ့်မည်။

လောကတွင် ကိုယ်ကိုယ်၌က ပြည့်ဝနေ၍ အခြားသူအား ဖြည့်ပေးရသည်မှာ သဘာဝလည်းကျ၏။ လက်ခံထိုက်သည့်ကိစ္စလည်းဖြစ်သည်။ သို့သော် ကိုယ့်ကိုယ်

တိုင်က မပြည့်ဘဲလျက် ဆရာလုပ်ခြင်းကိုမူ ဆရာကြီးမိန်းရှုပ်က သဘောမကျသည်မှာ အောက်ပါစကားက သက်သေခံနေပေ၏။

"လူတွေရဲ့ ကြုံတွေ့နေကျအပြစ်ကတော့ လူတွေဟာ တခြားလူတွေရဲ့ ဆရာဖြစ်ချင်ကြတာပဲဖြစ်တယ်"

ကိုယ်ကိုယ်တိုင်ကတတ်မှလည်းဆရာလုပ်သင့်သည်။ တပည့်ခံလိုသူကလည်း ဆရာလုပ်ပါရန် တောင်းပန်တိုက်တွန်းမှ ပြုလုပ်သင့်ပါ၏။ ဆရာအလုပ် မှားလျှင် မိမိ ဘာမျှမတတ်ကြောင်းကို လူပုံအလယ်တွင် ထင်ရှားပြသရာ ရောက်ပါ၏။ သူလိုငါလိုနေ၍ နာမည်မပျက်၊ ဆရာလုပ်လိုက်ခါမှ နာမည်ပျက်ရပေတော့သည်။

ဆရာကြီးသည် ဤသို့ လွယ်လွယ်နှင့် ဆရာ မလုပ်လိုခြင်းကို အောက်ပါစကားဖြင့် သိသာပေ၏။

"သင်ကြားပို့ချတဲ့နေရာမှာ နည်းပေါင်းများစွာရှိပါတယ်။ ကျွန်ုပ်ဟာ လူတစ်ယောက်ကို သင်ကြားပြီဆိုရင် သူ့ကိုသင်ကြားဖို့ ငြင်းဆန်လိုက်တာပဲ။ အဲဒါ သင်ကြားပို့ချနည်းတစ်ခုပဲ"

'ပညာရှိစကား စဉ်းစားစရာ' ဆိုသကဲ့သို့ပင် ချဲ့ထွင်စဉ်းစား၍ နက်နက်ရှိုင်းရှိုင်းစဉ်းစားကာ အဓိပ္ပာယ်ကောက်ယူရမည့်စကားဖြစ်ပါ၏။

ဆရာကြီးမိန်းရှုပ်သည် သူ့ ကျွမ်းကျင်သိနားလည်သောကိစ္စပင်ဖြစ်ပါစေ၊ မေးတိုင်း ဖြေသူမဟုတ်ချေ။ သူ့အား မေးလာသူ၏အခြေအနေကိုကြည့်၍သာ ဖြေကြားသည်။ ဆရာကြီးကိုယ်တိုင် မိန့်ကြားချက်ကို လေ့လာကြည့်ပါ။

"မိမိရဲ့ ရာထူးဂုဏ်သိန်ကြီးမြတ်မှုကို အားကိုးပြီးမေးလာရင် ကျွန်ုပ်မဖြေဘူး။ မိမိရဲ့ ဉာဏ်စွမ်းဉာဏ်စကို အားကိုးပြီး မေးလာရင်လည်း ကျွန်ုပ်မဖြေဘူး။ မိမိရဲ့ အသက်ကြီးမှု၊ ဝါကြီးမှုကို အားကိုးပြီးမေးလာရင်လည်း ကျွန်ုပ်မဖြေဘူး။ ကျွန်ုပ်၏ အမှုကို ထမ်းရွက်တာကို အားကိုးပြီးမေးလာရင်လည်း မဖြေဘူး။ ရှေးက သိဟောင်းကျွမ်းဟောင်းဖြစ်တာကို အားကိုးပြီးမေးလာရင်လည်း မဖြေဘူး"

နည်းနည်းကလေး မေးလိုက်လျှင်ပင် ပါးစပ်က ယားနေ၏။ ရှစ်ရှစ်နှင့် ဖြေချင်တတ်သူများ သတိပြုသင့်သည့်စကား ဖြစ်လေသည်။ သင်ကြားပို့ချသည်ဆိုခြင်းမှာ ပညာရှိသူက ပညာကို လွှဲအပ်ခြင်းဖြစ်၏။ တကယ်တော့ လွှဲအပ်ခြင်းခံထိုက်သူကိုမှ လွှဲအပ်သင့်ပေသည်။

ဥစ္စာငွေကြေးကိုပေးလှူရာတွင် အယုတ်၊ အလတ်၊ အမြတ်မရွေး ပေးလှူခြင်း၌ အပြစ်ဆိုဖွယ်ရာ မရှိပါသော်လည်း ပညာကို လက်ဆင့်ကမ်းရာတွင်ကား အဆင့်

မြင့်ပညာဖြစ်လျှင် ဖြစ်သလောက် လူကို ရွေး၍သာ သင်ကြားပို့ချသင့်ပေသည်။ သို့မဟုတ်ပါက အချိန်ဖြုန်းရာသော်လည်း ရောက်မည်။ လောကကို အဆိပ်သင့်စေရာ သော်လည်း ရောက်မည်သာဖြစ်တော့၏။

ပညာကို နှမြောတွန့်တိုခြင်းမဟုတ်။ ဥစ္စာနှင့်ပညာတို့ သဘာဝမတူသော ကြောင့်လည်းဖြစ်သည်။ လက်ဝယ်ရရှိသူတို့၏ တုံ့ပြန်ပြောင်းလဲမှုများ မတူသော ကြောင့်လည်းဖြစ်၏။ ဥစ္စာထက် ပညာ၏တန်ခိုးက များစွာပိုမို၍ ထက်မြက်သော ကြောင့်လည်းဖြစ်သည်။

ပညာသည် အဆင့်မြင့်လာလေလေ တပည့်ကို ရွေးချယ်ရလေလေ ဖြစ်စမြဲ တည်း။ ဤသည်ကိုပင် ရှေးမြန်မာပညာရှိများက 'ခြင်္သေ့ဆီသည် သဲ္ဂီရွှေခွက်တွင် သာတည်၏' ဟူ၍ တင်စားပြောကြားခဲ့ကြခြင်း ဖြစ်လေသည်။

အချို့က **'တောက်'** သည် ပညာရှိကြီးကောက်ဇူက တီထွင်တွေ့ရှိထားသည့် သဘောတရားဖြစ်သည်ဟု ထင်နေကြ၏။ ကျွန်ုပ်လေ့လာရသမျှဆိုလျှင် ဤသို့ ဟုတ်ဟန်မတူပါ။ **'တောက်'** ကို မည်သည့်အချိန်က မည်သူ စတင်၍ တွေ့ရှိ ထုတ်ဖော်ပြောကြားသည်ကို သိကြပုံမပေါ်ပါ။ တရုတ်ပညာရှိတိုင်းလိုလိုက ရင်းနှီး နေသောအရာဖြစ်၍ သူတို့အားလုံးလိုလိုက **'တောက်'** သဘောတရားကို ခေါက်မိ သိရှိ ဟောပြောကြသည်ချည်းဖြစ်၏။

ထို့ကြောင့် **'တောက်'** သည် မမှတ်မိနိုင်တော့လောက်အောင် ရှေးကျသော ကာလကပင် တရုတ်နိုင်ငံတွင် ခေတ်စားခဲ့ပြီး နားလည်လေ့လာလိုက်စားဖူးသူတွေ ခေတ်အဆက်ဆက်ပင် ရှိခဲ့သည်ဟု ကျွန်ုပ် ယူဆပါသည်။ တကယ်တော့ **'တောက်'** သည် တရုတ်ပြည်တွင် ခေတ်အဆက်ဆက် ထင်ပေါ်ကျော်ကြား လူကြိုက်များခဲ့ရာ က ယခုခေတ်သို့ရောက်သောအခါ ကမ္ဘာအနှံ့အပြားကပင် **'တောက်'** လေ့လာရုံ မက ဆက်လက်ရှင်သန်အောင် ပျိုးထောင်ခဲ့ကြ၏။ သို့ဖြင့် ယနေ့ကမ္ဘာ့စာပေထဲ တွင် **'တောက်'** ကျမ်းများကို တရုတ်လူမျိုးမဟုတ်သော အနောက်တိုင်းသားများ က ရေးသားပြုစုထားကြသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပေပြီ။ (ယနေ့အထိ ကျွန်ုပ်ကိုယ်တိုင်ကပင် နှစ်အုပ်၊ သုံးအုပ်လောက် ဘာသာပြန်ခဲ့ပြီးပြီဖြစ်ပါ၏)

ယင်း **'တောက်'** နှင့်ပတ်သက်၍ ဆရာကြီးမိန်းရှုပ်၏ အဆိုအမိန့်မှာ အောက်ပါ အတိုင်းရှိခဲ့၏။

**ကုန်ဆွန်ချီက**– "ဆရာကြီးရဲ့တောက်ဟာ မြင့်မားပြီး ချီးကျူးအံ့သြ လောက်ပါပေတယ်။ အဲဒါကို လိုက်လေ့လာရတာက ကောင်းကင်ဘုံကို တက်ရ

သလိုပဲ။ ဘာဖြစ်လို့လဲဆိုတော့ မရောက်နိုင်သလို ဖြစ်နေလို့ပဲလေ။ နေ့စဉ်ကျင့်သုံးနေတဲ့လူတွေ လက်လှမ်းမှီနိုင်အောင်လို့ ဆရာကြီးက ဘာဖြစ်လို့ မလုပ်တာလဲ" ဟု မေး၏။ ထိုအခါ ဆရာကြီးမိန်းရှပ်(ခေါ်) မုန့်ဇူက အောက်ပါအတိုင်း ပြန်၍ ဖြေကြားတော့သည်။

"ကြီးမြတ်တဲ့ လက်မှုပညာသည်ကြီးဟာ မကျွမ်းကျင်သေးတဲ့ အလုပ်သမားနဲ့ ကိုက်ညီဖို့ လက်မှုပညာ နိယာမဥပဒေသများကို လျှော့ပေါ့ပစ်၊ ပယ်ဖျက်ပစ်လို့ မရပါဘူး။ လေးသည်တော်ကြီး ယီ ဟာလည်း မကျွမ်းကျင်တဲ့ လေးသမားပစ်ဖို့ လေးကိုတော့ လျှော့တင်တာ မရှိပါဘူး။ ချွန်ဇု ဟာလည်း လေးကိုင်းက မြားကို လွှတ်ပြီဆိုရင် ဘေးကကြည့်နေကြတဲ့လူတွေ ကောင်းကောင်းမြင်ရပါစေတော့ဆိုပြီး မြားကိုလွှတ်တာ မဟုတ်ဘူး။ သူက တောက်ရဲ့အလယ်ဗဟိုမှာရပ်ပြီး ပြိုင်ဘက်တွေ သူ့နောက်လိုက်လာဖို့ စောင့်တော့တာပဲ"

အလွန်ကောင်းသော အဆိုအမိန့်ဖြစ်ပါသည်။ သံဖြူခွက်တွင် တည်နေနိုင်ဖို့အတွက် ခြသေ့်ဆီသည် အဆင့်လျှော့၊ တန်ဖိုးချမပေးနိုင်ပါ။ ထိုနည်းတူစွာပင် ဉာဏ်နုံ့သူများ လက်လှမ်းမီဖို့အတွက် **တောက်**၏သဘာဝတရားအင်္ဂါရပ်များကို နှိမ့်ချမပေးနိုင်ပါ။ ပညာကိုလိုချင်လျှင် ထိုပညာအဆင့်ကို ကျယ်သောဉာဏ်နှင့် စွမ်းရည်တော့ဖြင့် ရှိရပေလိမ့်မည်။ ဝီရိယအလုပ်ကို အမီလိုက်၍ ရကောင်း၏။ ဉာဏ်အလုပ်ကိုကား ပါရမီမပါဘဲ အတင်းလိုက်၍ မရတတ်ချေ။

အောက်ပါအဆိုအမိန့်တို့ကိုလည်း ဆက်လေ့လာကြည့်ပါဦး။

"လက်သမားဆရာကြီးကဖြစ်ဖြစ်၊ လှည်းအိမ်ဆောက်သူ ဆရာကြီးက ဖြစ်ဖြစ်၊ လူတွေကို ကိရိယာတန်ဆာပလာတွေကို ဘယ်လိုကိုင်တွယ်အသုံးပြုရမယ်ဆိုတာကို သင်ကြားပေးနိုင်တယ်။ ဒါပေမယ့် သူတို့ကို ကျွမ်းကျင်သွားအောင်တော့ မတတ်နိုင်ပါဘူး"

"လေးသည်တော်ကြီး ယီဟာ လေးအတတ်ကို သင်ကြားပို့ချရာမှာ လေးညှို့ကို အပြည့်ဆွဲဖို့ဟာ မုချလုပ်ရမယ်ဆိုပြီး သင်ကြားပါတယ်။ ဒီတော့ ပညာသင်ဟာ အဲဒီဥပဒေသကို တစ်သဝေမတိမ်းလိုက်နာရပါလိမ့်မယ်။ လက်သမားဆရာကြီးဟာ အတတ်သင်ကြားရာမှာ ကိရိယာတန်ဆာပလာတွေကို သူ့စံ၊ သူ့နည်းစနစ်အတိုင်း ကိုင်တွယ်အသုံးပြုဖို့ သင်ကြားပါတယ်။ ဒီတော့ ပညာသင်ဟာ သူ့စံ၊ သူ့စနစ်ကို မီအောင်လိုက်ကြရမှာပဲ"

ဤအဆိုအမိန့်ကိုကြည့်၍ ပညာရယူရာတွင် တပည့်ကသာ တက်၍ရယူမည်

ဖြစ်ပြီး ဆရာက လျှော့၍သင်ကြားရန် မဖြစ်နိုင်ကြောင်း ပေါ်လွင်နေပါသည်။ လေးနက်၍ အဆင့်မြင့်သောပညာရပ်များကို လေ့လာလိုက်စားပြီဆိုလျှင် 'လွယ်ကူအောင်ဖန်တီးထားပါသည်' ဆိုသော ဖြတ်လမ်းနည်းတွေကို အားမကိုးဘဲ မိမိ၏ ဝီရိယအားဖြင့် ဉာဏ်ရည်မြင့်အောင် ကြိုးစားတက်လှမ်းရမည်သာဖြစ်ပါသည်။ ဉာဏ်ရည်မြင့်မားခြင်း၏ လျှို့ဝှက်ချက်ကား စိတ်မလျှော့၊ စိတ်မပျက်ဘဲ အထပ်ထပ်လေ့ကျင့်ပေးခြင်းပင် ဖြစ်လေတော့သည်။

ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် လေ့ကျင့်နည်းကို ဆရာကြီးမိန်းရှပ်က ပြောသမျှထဲက ထုတ်နုတ်ပြောရလျှင် ဤသို့ဖြစ်၏။

"လူတစ်ယောက်ဟာ သူ မလုပ်သင့်တဲ့ဟာ၊ မလုပ်ရမယ့်ဟာကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရမယ်။ ဒီတော့မှ သူ လုပ်သင့်တဲ့ဟာ၊ လုပ်ရမယ့်ဟာကို လုပ်နိုင်လာလိမ့်မယ်"

စေ့စေ့တွေးကြည့်လျှင် အလွန်မှန်ကန်သော ကျင့်စဉ်ဖြစ်ပါသည်။ သီလမှနေ၍ သဘာဝကို တက်သည့်သဘောမျိုး ဖြစ်လေသည်။

နေထိုင်ကျင့်ကြံရေးနှင့်ပတ်သက်၍ ဆရာကြီးမိန်းရှပ်၏ သဘောကျစရာ စကားကလေးကို ကောက်နုတ်ဘာသာပြန်၍ တင်ပြပါဦးမည်။

"ကျုပ်ဟာ ငါးကိုကြိုက်တယ်။ ပြီးတော့ ဝက်ဝံခြေထောက်ကိုလည်း ကြိုက်တယ်။ တကယ်လို့ နှစ်ခုစလုံးမရဘူးဆိုရင် ငါးကို လက်လွှတ်ခံမယ်။ ဝက်ဝံခြေထောက်ကိုပဲ ယူမယ်။ ဒီလိုပဲ၊ ကျုပ်ဟာ အသက်ရှင်နေရမှုကို နှစ်သက်တယ်။ ယီ(မှန်ကန်မှု)ကိုလည်း နှစ်သက်တယ်။ တကယ်လို့ နှစ်ခုစလုံးကို မရဘူးဆိုရင် ကျုပ်ဟာ အသက်ရှင်နေရမှုကို လက်လွှတ်ခံပြီး မှန်ကန်မှုကို စွဲမြဲထားမယ်။ ကျုပ်ဟာ အသက်ရှင်နေရမှုကို တကယ်ပဲနှစ်သက်ပါတယ်။ ဒါပေမယ့် တကယ်လို့များ အသက်ရှင်နေရမှုထက် ပိုပြီးနှစ်သက်တာကိုတွေ့ရင် အသက်ရှင်နေရမှုကို အတင်းဖက်တွယ်ထားမှာ မဟုတ်ပါဘူး။ သေဆုံးရခြင်းကို ကျုပ် တကယ်ပဲ မကြိုက်ပါဘူး။ ဒါပေမယ့် တကယ်လို့များ သေဆုံးရခြင်းထက် ပိုပြီးမကြိုက်တဲ့ဟာကို တွေ့ရမယ်ဆိုရင် ကျုပ်ဟာ သေဆုံးရခြင်းကို ရှောင်မှာမဟုတ်ဘူး"

"အသက်ရှင်နေမှုကို ထိန်းသိမ်းထားစရာနည်းလမ်းတွေ အများကြီးရှိနေပါတယ်။ ဒါနဲ့တောင်မှ လူတွေက အဲဒီနည်းလမ်းတွေကို အသုံးမပြုကြဘူး။ သေဆုံးရခြင်းကို ရှောင်ကြဉ်စရာနည်းလမ်းတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် လူတွေဟာ အဲဒီနည်းလမ်းတွေကို မလုပ်ကြဘူး။ ဒါကြောင့် လူတွေဟာ အသက်ရှင်နေရ

မှုထက် ပိုပြီးနှစ်သက်တာရှိနေတယ်။ သေဆုံးရခြင်းထက် ပိုပြီးမနှစ်သက်တာ ရှိနေတော့ ဒီလိုစိတ်ဓာတ်မျိုးဟာ တန်ဖိုးရှိတဲ့လူတွေမှာ မရှိပေမယ့် လူများစွာတို့မှာ တွေ့နေကျဖြစ်တယ်"

"ဟောဒီမှာ ထမင်းတစ်ပန်းကန်နဲ့ ဟင်းချိုတစ်ခွက်။ လူဟာ ဒါကိုစားသောက်ရရင် အသက်ရှင်မယ်။ မစားသောက်ရရင် သေမယ်။ ဒါပေမယ့် ဇော်ကားတဲ့လေသံနဲ့ပြောပြီးပေးရင် ခြေသလုံးအိမ်တိုင်လူကတောင် လက်ခံမှာမဟုတ်ဘူး။ ဒါမှမဟုတ် ခြေနဲ့ကန်ကျောက်ပြီးပေးမယ်ဆိုရင် သူတောင်းစားကတောင် လက်ခံမှာမဟုတ်ဘူး။ ဒါပေမယ့် လူဟာ လစာရိက္ခာအဖြစ် စပါးတင်းပေါင်းတစ်သောင်းပေးရင် လီ(တော်တည့်မှန်ကန်မှု)တွေ၊ ယီ (တရားမှန်ကန်မှု)တွေကို ဂရုမစိုက်တော့ဘဲ လက်ခံမယ်။ အဲဒါ ဘာအတွက် သူ လက်ခံတာလဲ။ အိမ်ကြီးအိမ်ကောင်းနဲ့ နေနိုင်ဖို့လား။ မယားငယ်တွေနဲ့ နေနိုင်ဖို့လား။ ဆင်းရဲမွဲတေတဲ့ မိတ်ဆွေသင်္ဂဟတွေအတွက်လား။ ဒါကို ကျုပ်က 'လူသားရဲ့ မူလနှလုံးသားဆုံးရှုံးမှု' လို့ခေါ်တယ်"

ဆရာကြီးဆိုလိုချက်မှာ လူသည် သာမန်အားဖြင့် အသက်နှင့် လူမလုပ်၊ သိက္ခာနှင့်လူလုပ်သည်ဟု ထင်ရသော်လည်း အာရုံပျော်ပါးစရာတွေနှင့် ယှဉ်လာလျှင် သိက္ခာကိုပင် အဆုံးရှုံးခံတတ်သည်ဟု ဆိုလိုခြင်းဖြစ်သလား ထင်မိသည်။ တိတိကျကျတော့ မပြောတတ်ပါ။

အောက်ပါစကားများကတော့ တော်တော်ရှင်း၍ တော်တော်လည်း ကောင်းပါသည်။

"သင် မလုပ်သင့်တာကို မလုပ်ပါနှင့်။ သင် မလိုချင်သင့်တာကို မလိုချင်ပါနှင့်။ ဤမျှသာပဲ ဖြစ်သည်"

"လူတစ်ယောက်က မနက်စောစောထပြီး ကောင်းမွန်မှုအလေ့အကျင့်ကို ပြုလုပ်တယ်ဆိုရင် သူဟာ ပညာရှိရှုန်ရဲ့ နောက်လိုက်ပဲ။ လူတစ်ယောက်ဟာ မနက်စောစောထပြီး၊ အမြတ်အစွန်းရဖို့လောက်ပဲ လုပ်ဆောင်မယ်ဆိုရင် သူဟာ ဓားပြကြီးရှီးရဲ့နောက်လိုက်ပဲ။ ကျုပ်တို့ဟာ ရှီးနဲ့ ရှုန်တို့ကို ခွဲခြားနားလည်ချင်ရင် ကောင်းမွန်မှုနဲ့ အမြတ်အစွန်းတို့ ကွဲပြားမှုကို သိဖို့ပဲဖြစ်တယ်"

"ရှက်တတ်တာဟာ လူအတွက် အလွန်အရေးကြီးပါတယ်။ လှည့်စားတယ်၊ လိမ်လည်တဲ့အကြံအစည်တွေ ပြုလုပ်တယ်ဆိုတဲ့လူတွေဟာ ရှက်တတ်တာကို အသုံးမပြုကြသူတွေပဲ ဖြစ်တယ်။ လူတစ်ယောက်ဟာ အခြားသူတွေထက် ယုတ်နိမ့်ရမှာ မရှက်တော့ဘူးဆိုရင် သူဟာ လူတွေနဲ့တူတာ ဘာရှိတော့မှာလဲ"

တီယင်မင်းသားက မိန်းရှပ်နှင့် အမေးအဖြေပြု၏။

"ပညာရှာသူရဲ့အလုပ်ဟာ ဘာလဲ"

"မြင့်မားတဲ့ ရည်မှန်းစရာတွေနောက်ကို လိုက်တာပဲ"

"သူဟာ ရင် နဲ့ ယီ နောက် လိုက်တာပဲ။ အပြစ်မရှိတဲ့လူတစ်ယောက်ကို သတ်တာဟာ ရင် နဲ့ဆန့်ကျင်ဘက်ပဲ။ ကိုယ်မပိုင်တာကို ယူတာဟာ ယီ နဲ့ ဆန့်ကျင်ဘက်ပဲ။ လူဟာ ရင် မှာနေထိုင်ပြီး ယီ ကို လမ်းစဉ်ပြုရမယ်။ ဒါဆိုရင် ကြီးမြတ်သူတို့ လုပ်ကိုင်တဲ့အတိုင်း လုပ်ကိုင်တာပဲဖြစ်တယ်"

ကျွန်ုပ် လက်လှမ်းမီသမျှ ကျမ်းများအရ တရုတ်အသံထွက်အားဖြင့် 'မုန့်ဇူ' ဟုခေါ်၍ အနောက်တိုင်းပညာရှင်များက 'မိန်းရှပ်' (**Mencius**) အမည်ရှိ ဆရာကြီး၏စကားများကို အမြောက်အမြားတွေ့ရှိရသည်။ သူသည် ကွန်ဖြူးရှပ်၏ ပညာလက်ဝေခံတပည့်ကြီး ဖြစ်သော်ငြားလည်း ကျွန်ုပ်သည် သူ၏မိန့်ကြားချက်များကို အမြောက်အမြားတွေ့ရှိရပြီး ကွန်ဖြူးရှပ်ထက်ပင် ပိုမို၍နားဝင်ပါသည်။ ထို့ကြောင့်လည်း ကျွန်ုပ်၏ ဤမည်သော တရုတ်ပညာရှိတို့အကြောင်း ဆောင်းပါးစဉ်တွင် ပညာရှိကြီးမိန်းရှပ်၏အခန်းကဏ္ဍက ပိုမိုများပြားနေခြင်း ဖြစ်ပါပေ၏။

ကိုယ်ကျင့်တရား၊ သိက္ခာနှင့်ပတ်သက်၍ ဆရာကြီး၏ မိန့်ကြားဆုံးမချက်များမှာ နားဝယ်စွဲထင်လွယ်လှပါသည်။ နမူနာသဘောဖြင့် ကောက်နုတ်တင်ပြသွားပါမည်။

"ကြွယ်ဝမှုနဲ့ ပြည့်စုံကုံလုံတဲ့လူတစ်ယောက်ဟာ အခြေအနေဆိုးဝါးတဲ့နှစ်နဲ့ ကြုံရပေမယ့် အသက်သေစရာမရှိသလိုဘဲ ကောင်းတဲ့အကျင့်သိက္ခာအရည်အသွေးနဲ့ ပြည့်စုံကုံလုံနေတဲ့ သူဟာ ခေတ်ကျပ်ခေတ်ပျက်နဲ့ ကြုံရင်တောင်မှ သူ့သိက္ခာ မယိုယွင်းစေပါဘူး"

မိမိတွင် အရှိတရားအခြေခိုင်သူအတွက် ပျက်စီးယိုယွင်းနေသော ခေတ်အခါသမယက အရှိတရားကို ကင်းမဲ့အောင်မပြုနိုင်ကြောင်း မီးမောင်းထိုးပြခြင်းဖြစ်၏။ 'အများ မိုးခါးရေသောက်တိုင်း မိမိက မသောက်သင့်လျှင် မသောက်ဘဲနေဖည်' ဟူသောသဘောကို ဖော်ပြခြင်းဖြစ်ပေ၏။ မှတ်သားလောက်ပါပေသည်။

အောက်ပါဆုံးမချက်ကလေးသည်လည်း ဘဝင်ခိုက်ဖွယ်ရာ ရှိပါသည်။

"ကောင်းကင်ဘုံက ပေးနှင်းသောအရာ ရှိသည်။ လူသားက ပေးနှင်းသောအရာ ရှိသည်။ ရင်၊ ယီ၊ သစ္စာရှိမှု၊ ဖြောင့်မတ်မှန်ကန်မှု၊ ကောင်းမှုတွင် အဆုံးမရှိမွေ့လျော်ခြင်းဟူသည်တို့ကို ကောင်းကင်ဘုံက ပေးနှင်းထား၏။ ရာထူးဌာနန္တရ

များကို လူသားအချင်းချင်းက လူတို့သည် ကောင်းကင်ဘုံကပြဋ္ဌာန်းသော အရည်အသွေးများကို ပျိုးထောင်သည်။ ဤသို့ဖြင့် လူသားတို့က ပြဋ္ဌာန်းသော ရာထူးကြီးမြတ်ခြင်းတို့က နောက်က လိုက်ပါလာရ၏။ ယခုခေတ်လူတို့သည် ကောင်းကင်ဘုံကပြဋ္ဌာန်းသော အရည်အသွေးများကို ပျိုးထောင်ကြသည်မှာ လူသားများက ပြဋ္ဌာန်းသည့် ရာထူးဌာနန္တရများကိုရရှိရန်အတွက် ဖြစ်သည်။ ဤသို့ဖြင့် ရာထူးဌာနန္တရများကို ရရှိကြသောအခါတွင် အရည်အသွေးကောင်းများကို စွန့်ပယ်ပစ်ကြတော့၏။ ဤသို့ဖြင့် သူတို့သည် လမ်းမှားရောက်ခါ ရာထူးဌာနန္တရများကိုလည်း လက်လွှတ်ဆုံးရှုံးကြရလေတော့သည်"

ခေတ်တိုင်းအခါတိုင်း ကျွန်ုပ်တို့ သတိပြုလိုက်နာနိုင်ရန် နှလုံးသွင်းသင့်သော စကားကလေးဖြစ်သည်။ တကယ်တော့ 'ကေသရာဇာခြင်္သေ့မင်းသည် အစာကိုသာ အငတ်ခံမည်။ မြက်ကိုတော့ မစားပါ' ဟူသော မြန်မာတို့၏ဆိုရိုးစကားမှာလည်း ဤသဘောမျိုး သက်ရောက်ပါသည်။

အမှန်တရားတစ်ခုကို ဘက်စုံကကြည့်လျှင် သုံးဘက်မြင်ရုပ်ပုံကဲ့သို့ပင် ကြွတက်၍ လှပနိုင်လွန်းတော့၏။

နားလည်လွယ်အောင် ပြုပြင်ပြန်ဆိုထားသော အောက်ပါစကားကလေးကိုလည်း ဖတ်ကြည့်စေချင်ပါသည်။

"ဂုဏ်ကျက်သရေကို လိုလားခြင်းသည် လူတိုင်း၏နှလုံးသားတွင် ရှိပါ၏။ သို့ဖြင့် ဂုဏ်ယူနိုင်စရာ ကျက်သရေရှိသောအရာသည် လူတိုင်းတွင် ရှိသည်ဖြစ်သော်လည်း လူတို့သည် ထိုဟာကို မေ့လျော့ထားကြ၏။ လူသားအချင်းချင်းက ပေးနှင်းသော ဂုဏ်ကျက်သရေသည် ဂုဏ်ကျက်သရေအစစ်မဟုတ်ချေ။ ဂုဏ်ကျက်သရေကို ပေးနှင်းသောလူသားကပင် ဂုဏ်ကျက်သရေကင်းအောင် ရှုတ်ချနိုင်၏။ လူသည် ရပ်ဝေးနယ်မြေများအထိ ကျော်စောမှုရှိနေပြီဆိုလျှင် ဇာပန်းထိုးဖဲအင်္ကျီအဝတ်တန်ဆာများ (ရာထူးဌာနန္တရ၏အဆောင်အယောင်များ) ကို မမက်မောတော့ချေ"

ရင်ထဲတွင် အဖိုးတန်သောအရာ အစစ်ရှိနေပြီဆိုလျှင် ထိုဟာထက်သာသောအရာကို ထားဦး။ ထိုဟာနှင့် တူညီသောအရာကိုပင် လူသားအချင်းချင်းက မပေးနိုင်သည်ဖြစ်သောကြောင့်တစ်ကြောင်း၊ မိမိ၏ရင်ထဲက ရတနာကို မြတ်နိုးသည်ဖြစ်သောကြောင့်တစ်ကြောင်းတို့ကြောင့် လူသားအချင်းချင်းက ပေးနှင်းနိုင်သောအရာများကို မမက်မောခြင်းပင် ဖြစ်လေတော့သည်။

လူ၏စိတ်သည် သဘာဝအားဖြင့် ကောင်းသောသဘောရှိသည်ဟု ယုံကြည်

ထားသော ဆရာကြီးမိန်းရှပ်၏ နှုတ်မှ အောက်ပါမိန့်ကြားချက်များ ထွက်ပေါ်လာခြင်းမှာ အံ့သြဖွယ်မဟုတ်ပါချေ။

"ရင် သည် လူ့သဘာဝတွင် မွေးရာပါဖြစ်၏။ သို့ဖြစ်ရာ လူသည် ရင် အတိုင်းလိုက်နာမည်ဆိုပါက သူသည် တောက် နှင့်အညီနေခြင်းပင် ဖြစ်ရလေတော့သည်"

ဆရာကြီးမိန်းရှပ်သည် နက်နက်နဲနဲတွေးတောတတ်ရုံမက တွေးတောရာတွင်လည်း စနစ်တကျအကွက်လည်လည် တွေးတောနိုင်သောပုဂ္ဂိုလ်ဖြစ်၏။ ထို့ကြောင့် သူ့ကို စိတ်ကူးမျက်စိလည်အောင် လုပ်၍ မရချေ။

ဤအဖြစ်ကို အောက်ပါဖော်ပြချက်ကလေးအရ သိနိုင်ပါသည်။

တစ်ခါက ရင်ကို အလေးထားသော လူတစ်ယောက်သည် ဝုလူလျန်အားမေးမြန်း၏။

"ဘယ်ဟာက ပိုပြီးအရေးကြီးပါသလဲ။ လီ လား၊ အစားအစာလား"

**မှတ်ချက်။** ။ "လီ" ဆိုသည်မှာ လူ့ကျင့်ဝတ်ပြဋ္ဌာန်းချက်များဖြစ်သည်။

ထိုအခါ ဝုလူလျန်က ဤသို့ပြန်ဖြေ၏။

"လီက ပိုပြီးအရေးကြီးပါတယ်"

"ဘယ်ဟာက ပိုပြီးအရေးကြီးပါသလဲ။ လီလား၊ လက်ထပ်ခြင်းစည်းကမ်းများလား"

ထိုအခါတွင်လည်း အဖြေမှာ

"လီက ပိုပြီးအရေးပါတယ်" ပင်ဖြစ်၏။

ဤတွင် ထိုလူက ထပ်မေးသည်။

"တကယ်လို့ လီကိုလိုက်နာရင် ငတ်သေမှာဖြစ်ပြီး၊ လီနဲ့ ဆန့်ကျင်ဘက်ကျင့်ကြံရင် အစားအစာရမယ်ဆိုရင်ကော လီအတိုင်း လိုက်နာဖို့လိုပါသလား။ တကယ်လို့ မိန်းမရဖို့ လီကိုလိုက်နာရင် ဇနီးမရနိုင်ဘဲ လီနဲ့ဆန့်ကျင်ဘက်ကျင့်ကြံရင် ဇနီးရမယ်ဆိုရင်ကော။ မိန်းမရဖို့အတွက် လီကို လိုက်နာဖို့ လိုသေးတာပဲလား"

ဝုလူလျန်က ပြန်မဖြေတတ်တော့ချေ။ သို့ဖြင့် နောက်နေ့တွင် စို့အရပ်သို့သွား၍ ဆရာကြီးမိန်းရှပ်အား မေးမြန်းသည်။ ထိုအခါ ဆရာကြီးမိန်းရှပ်က အောက်ပါအတိုင်း ပြန်၍ရှင်းပြသည်။

"ဒီမေးခွန်းတွေကိုဖြေဖို့ ဘာဖြစ်လို့ ခက်ခဲနေရတာလဲ။ အရာဝတ္ထုနှစ်ခုကို နှိုင်းယှဉ်ရာမှာ မင်းဟာ အဲဒီအရာဝတ္ထုတွေရဲ့ အစွန်းနှစ်ဘက်ကို လျစ်လျူရှုပြီး ထိပ်ချင်းကိုသာညှိတယ်။ ဒီတော့ တစ်လက်မပတ်လည်ရှိတဲ့ သစ်သားပြားကလေးကို

ပြာသာဒ်ထက် မြင့်သလိုလုပ်တယ်။ ရွှေဟာ ငှက်မွေးထက်ပေါ့တယ်။ ဒါဆိုရင် ရွှေလက်တစ်ဆုပ်နဲ့ ငှက်မွေးတစ်လှည်းတိုက်စာကို နှိုင်းယှဉ်ရတော့မှာလား။ မင်းဟာ အစားအစာနဲ့ လီရဲ့အရေးမကြီးဆုံးအပိုင်းကလေးနဲ့ နှိုင်းယှဉ်ပြီဆိုရင် အစားအစာက ပိုပြီးအရေးကြီးမလာဘူးလား။ ကာမဂုဏ်ရဲ့ ထိပ်ဘက်အစွန်းနဲ့ လီရဲ့ အရေးမကြီးဆုံးအပိုင်းကလေးနဲ့ နှိုင်းယှဉ်ပြီဆိုရင် ကာမဂုဏ်က ဘာကြောင့် ပိုပြီး အရေးမကြီးရမှာလဲ"

"သူ့ကို မင်းက ဒီလိုပြန်ဖြေရမယ်။ မင့်အစ်ကိုရဲ့လက်ကို လိမ်ချိုးပြီး လုယူမယ်ဆိုရင် အစားအစာကို ရမယ်ဆိုပါတော့။ ဒီလိုမှမလုပ်ရင် အစားအစာကို မရဘူးဆိုရင် မင်းဟာ အစ်ကိုရဲ့လက်ကို လိမ်ချိုးမလား။ မင်းရဲ့အိမ်နီးချင်းဝင်းထရံကို ကျော် တက်ပြီး အိမ်နီးချင်းရဲ့သမီးကို ခေါ်ပြေးမယ်ဆိုရင် မိန်းမ ရမယ်။ ဒီလိုမှ မလုပ်ရင် မိန်းမ မရဘူးဆိုပါတော့။ မင်း ဒီလိုလုပ်ပြီး ကောင်မကလေးကို ခေါ်ဆောင်သွားမလားလို့ မေးလိုက်ပါ"

သို့သော် အောက်ပါအပြောကလေးကိုတော့ တစိမ့်စိမ့် တွေးယူရပါလိမ့်မည်။

ချီပြည်နယ်တွင် အငတ်ဘေးကြီးကျသောအခါ ချိန်ချင်ဆိုသူက ဆရာကြီးအား "လူတွေက ထန်ဘုရင့်ကျီတော်ကို ဖွင့်ပေးဖို့ ဆရာကြီးက မေတ္တာရပ်ခံပေးလိမ့်ဦးမယ်လို့ ထင်နေကြတာ။ ဘာဖြစ်လို့ ဒုတိယအကြိမ် မတောင်းခံတာလဲ" ဟု မေးသော် ဆရာကြီးက အောက်ပါအတိုင်း ဖြေကြားသည်ဆို၏။

"ငါ ဒီလိုလုပ်ရင် ဖုန်းဖူလုပ်သလို ဖြစ်နေမှာပေါ့။ ဖုန်းဖူအမည်ရှိတဲ့လူဟာ ကျားအဖမ်း သိပ်တော်တယ်ဆိုတယ်။ နောက်ကျတော့ သူဟာ စာပေလေ့လာသူ ပညာရှင်ကြီးဖြစ်လာတယ်။ တစ်နေ့မှာ သူဟာ တောရပ်တောရွာကို သွားတော့ ကျားကိုလိုက်ကြတဲ့ လူတစ်စုနဲ့ သွားတွေ့တယ်။ လူတွေဟာ ကျားကို ထောင့်ပိတ်မိနေပြီ။ ဒါပေမယ့် ကျားကိုတိုက်ခိုက်ဖို့ ဘယ်သူမှ မဝံ့စားကြဘူး။ ဒီအချိန်မှာ ဖုန်းဖူ လာတာတွေ့တော့ ပြေးသွားကြပြီး ကျားကိုဖမ်းပေးဖို့ ပန်ကြားကြတယ်။ ဒီတော့ ဖုန်းဖူဟာ လှည်းပေါ်ကဆင်းပြီး အင်္ကျီလက်တွေ ပင့်တင်လိုက်တယ်။ တောကလူတွေဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်ကြတယ်။ ဒါပေမယ့် ပညာရှိတွေက သူ့လုပ်ပုံကိုမြင်တော့ ရယ်ကြသတဲ့"

'တောက်' က ရေ ၏ ချစ်စရာဘာဘဝကလေးကို ဖော်ထုတ်၍ ကျင့်ကြံရေး နမူနာအဖြစ် ယူသည်။ ရေသည် လေးထောင့်ခွက်ထဲထည့်ထားလျှင် လေးထောင့်ပုံသဏ္ဍာန်ကိုယူသည်။ ခွက်အဝိုင်းထဲထည့်ထားလျှင် အဝိုင်းပုံသဏ္ဍာန် ယူသည်။

ထိုနည်းတူစွာပင် 'တောက်' သည်လည်း တောင့်တောင့်ကြီးမဟုတ်ပါ။ သူ့သဘာဝကို မပျက်မစီး၊ မယိုမယွင်းစေဘဲနှင့် အခြေအနေကိုညှိကာ လိုက်လျောညီထွေ ကျင့်သုံးရပေ၏။

တိုင်းတာရာတွင် ပေတံနှင့်ချည်း တိုင်း၍မရပါ။ အချို့နေရာများတွင် ပေကြိုးကိုသုံးရပါ၏။ သို့သော် အတိုင်းအတာများကား တည်ငြိမ်သည်သာ ဖြစ်၏။

ဤသဘောတရားကို ဆရာကြီးမိန်းရှပ်ခေါ် မှန့်ဇူ၏ဖြစ်ရပ်နှင့် အဆိုအမိန့်များတွင် တွေ့ရ၏။ လှပစွာခြယ်မှုန်းထားသည်။ ထို့ကြောင့် ကျွန်ုပ်သည် မိမိ၏ ပရိသတ်အတွက် ဖောက်သည်ချလိုက်ပါ၏။

ချန်ချင်က ဆရာကြီးမိန်းရှပ်အား ဆွေးနွေးသည်။

"ဆရာကြီးက ချီပြည်နယ်မှာရှိနေတုန်းက ဘုရင်က ဘော်သာစွာငွေဒင်္ဂါး ၂၄၀၀ ကို လက်ဆောင်ပေးတော့ ဆရာကြီးက ငြင်းပယ်ခဲ့တယ်။ ဒါပေမယ့် စုန့်ပြည်ကတော့ ဘော်သာစွာ ငွေဒင်္ဂါး ၁၆၈၀ လက်ဆောင်ကို လက်ခံခဲ့တယ်။ နောက်ပြီး ရှဲ့ပြည်ကျပြန်တော့လည်း ငွေဒင်္ဂါး ၁၂၀၀ လက်ဆောင်ကို လက်ခံပြန်ရော။ တကယ်လို့ တစ်နေရာမှာ ငြင်းပယ်တာမှန်တယ်ဆိုရင် တခြားနေရာတွေမှာ လက်ဆောင်ကို လက်ခံတာ မှားပြန်ရော။ ဒါမှမဟုတ် နောက်နေရာတွေမှာ လက်ဆောင်လက်ခံတာ မှန်တယ်ဆိုရင် ပထမအကြိမ်လက်ဆောင်ကို ငြင်းပယ်တာ မှားပြန်ရော။ ဆရာကြီးဟာ တစ်နေရာရာမှာတော့ မှားနေရပါလိမ့်မယ်"

ထိုအခါ ဆရာကြီးက ဤသို့ ပြန်၍ဖြေကြား၏။

"ကျုပ်က နေရာတိုင်းမှာ မှန်ကန်ခဲ့ပါတယ်။ ကျုပ်ဟာ စုန်ပြည်မှာတုန်းက ခရီးရှည်ထွက်တော့မယ့်ဆဲဆဲဖြစ်တယ်။ ခရီးသည်ဟာ ငွေလိုရမှာဖြစ်တယ်။ ပြီးတော့ ဘုရင်က ဘာပြောသလဲ။ ခရီးစရိတ် လက်ဆောင်ပေးတာပါတဲ့။ ဒါကို ကျုပ်ဘာကြောင့် ငြင်းပယ်ရမှာလဲ။ ရှဲ့မှာကျပြန်တော့ ကျုပ်ရဲ့ဘေးကင်းလုံခြုံမှုအတွက် ပူပန်စရာဖြစ်နေတယ်။ ဒီတော့ ရှဲ့က ဘုရင်က မောင်မင်းပူပန်နေမှုကို ငါကိုယ်တော်မြတ် ကြားသိရတယ်။ ဒီမှာ လက်နက်ဝယ်ဖို့ ငွေလက်ဆောင်လို့ မိန့်တော်မူတယ်။ ကျုပ်က ဘာကြောင့်ငြင်းပယ်ရမှာလဲ။ ဒါပေမယ့် ချီပြည်မှာတုန်းက ကျုပ်ကို လက်ဆောင်ပေးစရာ ဘာအကြောင်းမှ မရှိခဲ့ဘူး။ ဘာအကြောင်းမှမရှိဘဲ လူတစ်ယောက်ကို လက်ဆောင်ပေးတာဆိုရင် အဲဒါ လာဘ်ထိုးတာပဲ။ ကျွန်ုပ် (လူကောင်းလူမွန်)ကို လာဘ်ထိုးလို့ မရကောင်းပါဘူး"

ကောင်းမွန်၍ မှတ်သားထိုက်သော သာဓကဖြစ်ရပ်ကလေး ဖြစ်ပါသည်။

ပေတံဖြင့်တိုင်းသင့်သည်နေရာတွင် ပေတံဖြင့်တိုင်း၍၊ ပေကြိုးဖြင့် တိုင်းသင့်သည့် နေရာတွင် ပေကြိုးဖြင့် တိုင်းခြင်းဖြစ်၏။ ရေ၏ ကာလဒေသကိုလိုက်၍ ပုံသဏ္ဍာန် ယူခြင်းလည်းဖြစ်၏။ ပညာရှိ၏စံကို လူပြိန်းတို့ မြင်နိုင်ခဲပါ၏။

ဆရာကြီးမိန်းရှပ်သည် ခိုင်လုံသောအကြောင်းခံမရှိဘဲ ဘုရင်များ၊ မြို့စားနယ်စားများထံ ခစားခြင်းကို မနှစ်သက်ချေ။ ဤသဘောထားမှာ ဝမ်ချန်းနှင့် ဆွေးနွေးကြရာတွင် ထင်ရှားပေ၏။

ဝမ်ချန်းက စောဒကတက်သည်။

"သာမန်လူတစ်ယောက်ကို အုပ်ချုပ်သူအာဏာပိုင်က ခေါ်ခိုင်းရင် သာမန်လူဟာ သွားရောက်လုပ်ကိုင်ပေးရတာပဲ။ ပညာရှိက ဘာဖြစ်လို့ အာဏာပိုင်များထံ သွားရောက်ခစားခြင်း မပြုသင့်ပါသလဲ"

"လုပ်ငန်းလုပ်ဆောင်ပေးဖို့ဆိုတာဟာ လူရဲ့တာဝန်ပဲ။ ဒါပေမယ့် အာဏာပိုင်ကို သွားရောက်ဖူးမြော်ဖို့ဆိုတာက တာဝန်မှမဟုတ်တာ။ ဘုရင်နယ်စားပယ်စားတွေက အလုပ်ခေါ်ခိုင်းဖို့ သာမန်လူကို ခေါ်တယ်ဆိုတာ သဘာဝကျတယ်။ ဒါပေမယ့် ပညာရှိကို ဘာအကြောင်းကြောင့် ခေါ်မှာလဲ"

"ပညာရှိမှာ ပညာတွေရှိနေလို့ အပေါင်းအသင်းဖြစ်ချင်လို့ပါ"

"ရှေးစကားမှာ ခစားတယ်ပဲ ရှိတယ်။ ဘုရင်နဲ့ပေါင်းသင်းတယ်လို့ မရှိဘူး။ လုပ်ငန်းသဘောအရဆိုရင် အာဏာပိုင်က ဘုရင်၊ ပညာရှိဟာ ကျေးကျွန်ပဲ။ မိတ်ဆွေ အပေါင်းအသင်းမဟုတ်ပါဘူး။ ပညာလိုလားတဲ့ဘက်က ကြည့်ပြန်ရင် ပညာရှိဟာ ဆရာပဲ။ အာဏာပိုင်က တပည့်ဖြစ်တယ်။ မိတ်ဆွေအပေါင်းအသင်း မဟုတ်ပြန်ဘူး" (ချုံ့၍ ပြန်ဆိုထားပါသည်။)

ထိုစကားနှင့်ဆက်၍ လူကောင်းလူမွန်တို့ လျှောက်လှမ်းရမည့်လမ်းနှင့် ပတ်သက်၍ ဆရာကြီးက 'ရှီ'အမည်ရှိ 'ကဗျာလင်္ကာကျမ်း'ထဲမှ စာပိုဒ်ကို ကိုးကားသည်။ ထိုစာပိုဒ်ကလေးမှာ မှတ်သားဖွယ်ကောင်းသဖြင့် ထည့်သွင်းဖော်ပြလိုက်ရပါ၏။

ကြီးမြတ်သောလမ်းသည် ဓားသွားကျောက်ကဲ့သို့ ညီညာသည်။

ပြီးတော့ မြားတစ်စင်းပမာ ဖြောင့်တန်း၏။

မြင့်မြတ်သောသူတို့သည် ထိုလမ်းပေါ်ကို လျှောက်လှမ်းကြသည်။

ဝမ်ချန်းက စောဒကတက်သေးသည်။

"ဆရာကြီး ခုန်ဖူးဇူ(ကွန်ဖြူးရှပ်)ဟာ ဘုရင်အာဏာပိုင်များက ခေါ်ရင် သွားတာပဲလို့ ကြားသိရပါတယ်"

"ဒါကတော့ သူဟာ ရာထူးဌာနန္တရ ရယူထားခဲ့စဉ်က ဖြစ်ပါတယ်။ ဒီတော့ ဘုရင်အာဏာပိုင်ထံမှာ အလုပ်လုပ်ဖို့သွားတာပဲ"

ဆရာကြီးမိန်းရှပ်သည် နယ်စားပယ်စားအာဏာပိုင်များထံ အလကားသွားရောက်ခစားခြင်းကိုသာ မနှစ်သက်ခြင်းဖြစ်၏။ ရာထူးလက်ခံ၍ အလုပ်လုပ်ပေးခြင်းကိုကား 'တောက်' နှင့်ညီသည်ဆိုကာ လက်ခံလေသည်။ ဤအချက်သည် ဖုန်ကန်နှင့် ဆွေးနွေးခန်းတွင် ပေါ်လွင်ပေ၏။

ဖုန်ကန်က မေးသည်။

"ပညာရှိတွေဟာ လှည်းတွေ လူတွေ အစောင့်အရှောက်တွေယူပြီး တစ်ပြည်က တစ်ပြည်ကို ရွှေ့ပြောင်းသွားလာ၊ နယ်စားပယ်စားတွေဆီမှာ ရာထူးလက်ခံလုပ်ကိုင်တာဟာ လွန်ကျူးမှုမဖြစ်ဘူးလား"

ဆရာကြီးက ဤသို့ပြန်ဖြေသည်။

"တောက်နဲ့သာ မညီဘူးဆိုရင် လူတစ်ယောက်ဆီက စပါးတစ်တင်းကိုတောင် မယူထိုက်ဘူး။ တောက်နဲ့သာ ညီညွတ်မယ်ဆိုရင် အလုပ်သမားဟာ အလုပ်ရှင်ထံက တစ်လောကလုံးကိုတောင် လက်ခံရယူသင့်တယ်။ ဒါကိုလွန်ကျူးတယ်လို့ မင်းက ထင်နေသလား"

"ဒါကိုတော့ မထင်ပါဘူး။ ဒါပေမယ့် ဘာအမှုကိုမှ မထမ်းရွက်တဲ့ပညာရှိဟာ အထောက်အပံ့ကိုရယူတာ မှားတယ်လို့ ကျွန်တော်ထင်တာပါ"

"လုပ်အားရဲ့ထွက်ကုန်တွေ၊ လုပ်အားပေး ဆောင်ရွက်မှုတွေကို အလဲအလှယ်သာ မပြုလုပ်ကြဘူးဆိုရင် လယ်သမားတွေဆီမှာ စပါးတွေပုံနေပြီး အမျိုးသမီးတွေဆီမှာ အဝတ်အထည်တွေ စုပုံနေတော့မှာပေါ့။ အလဲအလှယ်တွေ လုပ်ကြလို့သာ လက်သမားတွေ၊ လှည်းမောင်းသမားတွေဟာ မင်းဆီက အစားအစာတွေကို ရတာပေါ့။ ပညာရှိတွေက ရှေးမင်းတွေရဲ့ တောက်နဲ့အညီနေထိုင်ပြီး နောက်လာနောင်သား ပညာရှိတွေရဲ့အကျိုးကို ဆောင်တယ်။ မင်းက လက်သမားတွေ၊ လှည်းသမားတွေကို ထောက်ခံပြီး ရှေးအစဉ်အလာကျမ်းတွေကို ထိန်းထားတဲ့ပညာရှိတွေကိုတော့ မထောက်ခံဘူးလား"

"နေပါဦး ဆရာကြီးရဲ့။ လူကောင်းလူမွန်ပညာရှိဟာ အသက်မွေးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တောက် ကို ကျင့်သုံးတာလား"

ဤတွင် မေးမြန်းသူသည် ပညာရှိကား ပညာကို ထုခွဲရောင်းချစားသောက်သူ ပမာ သုံးသပ်၍ မေးမြန်းခြင်းဖြစ်၏။ ဆရာကြီးက ထုတ်ကုန်ချင်း အလဲအလှယ်

ပြုခြင်းကို ထည့်ပြောထားသဖြင့် ပညာရှိကလည်း သူ့ကုန်ပစ္စည်းဖြစ်သော ပညာကို အခကြေးငွေဖြင့် လဲလှယ်ပါသလားဟု မေးမြန်းခြင်းဖြစ်၏။

ထိုအခါ ဆရာကြီးက ဤသို့ ပြန်လည်ဖြေကြားသည်။

"ဒီကိစ္စမှာ ရည်ရွယ်ချက်နဲ့ မဆိုင်ပါဘူး။ လူတစ်ယောက်ဟာ မင်းအတွက် အကျိုးပြုမယ်ဆိုရင် အခကြေးငွေပေးသင့်တာပဲပေါ့။ မင်းက ဘာကို အခ ပေးချင်တာလဲ။ သူ့ရဲ့အကျိုးဆောင်မှုကိုလား၊ သူ့ရဲ့ရည်ရွယ်ချက်ကိုလား"

"သူ့ရဲ့ရည်ရွယ်ချက်ကိုသာ အခကြေးငွေ ပေးသင့်တာပါ"

"ကောင်းပြီ။ ဥပမာပြောမယ်။ လူတစ်ယောက်ဟာ အသက်မွေးဝမ်းကျောင်း လုပ်မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ မင်းရဲ့ခေါင်မိုးတွေကို ဖျက်မယ်။ ဝင်းခြံကို ဖြိုချမယ်ဆိုရင် မင်းက သူ့ကို အခကြေးငွေ ပေးမလား"

"ဘယ်ပေးပါ့မလဲ"

"ကဲ. . . အခကြေးငွေပေးပြီဆိုရင် သူ့ရဲ့အကျိုးဆောင်ရွက်မှုကို ပေးတာပေါ့။ သူ့ရည်ရွယ်ချက်ကို ပေးတာမဟုတ်တော့ဘူး"

လူတစ်ယောက်ဟာ မွန်မြတ်တဲ့ ရည်ရွယ်ချက်ဖြင့်ဖြစ်စေ မိမိထံ၌ အမှုထမ်းလာသော် မိမိ၏အကျိုးပြည့်စုံမှုကို ကြည့်၍သာ ထောက်ပံ့မည်ဖြစ်၏။ ရည်ရွယ်ချက်က တရားမျှတချင် မျှတပါစေ။ မိမိ၏အကျိုးပျက်လျှင် အထောက်အပံ့ပေးမည် မဟုတ်ချေ။ နယ်စားများကလည်း ပညာရှိကို ထောက်ပံ့သည်မှာ သူတို့အကျိုးပြီးစီး၍သာ ဖြစ်သည်ဟု ဆရာကြီးမိန်းရှပ်က ဆိုလိုရင်းဖြစ်ပါပေ၏။

ဆရာကြီးမိန်းရှပ်၏ အဆိုအမိန့်များသည် ကျွန်ုပ်၏ဆောင်းပါးစဉ်များ၌ အခြားသူများထက် များပြားရှည်လျားနေသည်။ ဤသို့ဖြစ်ရခြင်းမှာ ဤပုဂ္ဂိုလ်ကြီး၏ အဆိုအမိန့်များက များပြားရုံတွင်မက အများနှင့်ပတ်သက်ပြီး လူမျိုးတိုင်းအတွက် နှစ်သက်ဖွယ်ဖြစ်သော စကားရပ်များ များပြားနေသောကြောင့် ဖြစ်ပေသည်။

ဆရာကြီးကွန်ဖြူးရှပ်ဆိုလျှင် ဆိုမိန့်ခဲ့သောစကားများ အများအပြားရှိပါ၏။ သို့သော် သူ၏စကားများမှာ သူတို့ခေတ်က နိုင်ငံရေး၊ အုပ်ချုပ်ရေးအကြောင်းတွေ တော်တော်များများ ပါဝင်နေသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့မြန်မာစာဖတ်ပရိသတ်အတွက် အကျိုးလည်းမထူး၊ စိတ်ဝင်စားဖွယ်လည်း မရှိဖြစ်နေသည်။

တရုတ်အသံဖြင့် 'မုန့်ဇူ' ခေါ်သော ဆရာကြီးမိန်းရှပ်ကား ဤသို့မဟုတ်။ နိုင်ငံရေး၊ အုပ်ချုပ်ရေးတွင်ပါဝင်သော်လည်း နည်းပါး၏။ အများနှင့်ဆိုင်သော မှတ်သားစရာ စကားရပ်တွေရှိနေသည်။ ထို့ကြောင့် ကျွန်ုပ်၏ဆောင်းပါးစဉ်တွင် ဆရာကြီးမိန်းရှပ်သည် ရှည်လျားစွာပါဝင်နေရခြင်းဖြစ်ပါသည်။

ယခုတင်ပြမည့် အကြောင်းအရာကလေးမှာ အုပ်ချုပ်ရေးသဘောရှိသော်လည်း အများနှင့်ပတ်သက်ပြီး မှတ်သားလောက်သည်ဖြစ်သောကြောင့် ဘာသာပြန်ဆိုတင်ပြလိုက်ရပါသည်။

"ပညာရှိဟာ ရာထူးလက်ခံတယ်ဆိုတာ ထမင်းငတ်လို့မဟုတ်ဘူး။ ဒါပေမယ့် တစ်ခါတစ်ရံမှာတော့ အဲဒီလိုဖြစ်တယ်။ မိန်းမယူတယ်ဆိုတာ လုပ်ကျွေးပြုစုမှုကို လိုချင်လို့ယူတာမဟုတ်ဘူး။ ဒါပေမယ့် တစ်ခါတလေမှာတော့ အဲဒီလိုဖြစ်တယ်။ တကယ်လို့ လူတစ်ယောက်ဟာ ဆင်းရဲနွမ်းပါးလို့ အလုပ်လက်ခံရတယ်ဆိုရင် သူဟာ ဂုဏ်ယူလောက်တဲ့ ရာထူးမရလည်း နိမ့်ကျတဲ့ရာထူးကို လက်ခံမှာပဲ။ ကြီးမြင့်တဲ့လစာမရလည်း နည်းပါးတဲ့လစာကို ယူမှာပဲ။ ဒီလူအတွက် ဘယ်ရာထူးက သင့်တော်မှာလဲ"

"တစ်ခါက ဆရာကြီးကွန်(ကွန်ဖြူးရှပ်) ဟာ သိုလှောင်ရုံ အထိန်းစာရေးဝင်လုပ်တယ်။ ဒီတော့ သူက သိုလှောင်ရုံစာရင်းတွင် မှန်ကန်စေချင်လို့ပါလို့ ပြောတယ်။ တစ်ခါက သူဟာ ပြည်သူ့မွေးမြူရေးခြံကို တာဝန်ယူရတဲ့အလုပ်ကို လုပ်တယ်။ ဒီတော့ သူက နွားတွေ၊ သိုးတွေ ဝဝလင်လင်ရှိအောင် ဂါဂရုစိုက်ချင်လို့ပါလို့ ပြောတယ်"

"လူတစ်ယောက်ဟာ နိမ့်ကျတဲ့ရာထူးမှာလုပ်ပြီဆိုရင် ကြီးကျယ်တဲ့စကားတွေကို မပြောထိုက်ဘူး။ မြင့်မြတ်တဲ့ရာထူးမှာ လုပ်ပြီဆိုရင်လည်း တောက်ကို ထိန်း

မထားနိုင်ဘူးဆိုရင် သူ့ကိုယ်သူ ရှက်သင့်တယ်" ဆရာကြီးမိန်းရှပ်သည် ကွန်ဖြူး ရှပ်ဂိုဏ်း၏ တပည့်ကြီးတစ်ဦးဖြစ်သော်လည်း ဤနေရာတွင်တော့ ဆရာကွန်ဖြူးရှပ်၏စကားများကို ဘဝင်ကျပုံမရချေ။ မည်သို့ပင်ဖြစ်စေ၊ ယခုပြောလိုက်သောစကားတွင် ကျွန်ုပ်တို့ မှတ်သားစရာကောင်းသည်ကတော့ ကိုယ် လက်ငင်းပြုမူနေသည့် အပြုအမူသည် ကိုယ်ပြောသောစကားနှင့် ကိုက်ညီရမည်ဟူသောအချက်ဖြစ်၏။ တစ်နည်းဆိုရသော် လက်ငင်းအလုပ်နှင့် လက်ငင်းသဘောထားကို ကိုက်ညီနေသင့်ကြောင်း ဖြစ်သည်။

နိမ့်ကျသောအလုပ်ကို လုပ်နေလျှင် မိမိ၏စိတ်ကိုလည်း နှိမ့်ချထားရမည်သာဖြစ်သည်။ ဤအချက်သည် လွန်စွာအရေးကြီးပါ၏။ စိတ်သဘာဝရှုထောင့်က ကြည့်ပါလျှင်လည်း ကိုယ်လုပ်နေသည့်အလုပ်နှင့် ကိုယ့်စိတ်တွင် ဖြစ်ပေါ်နေချက် မတူလျှင် မလုပ်ချင်ဘဲနှင့် လုပ်နေရသည်ဟု စိတ်က လက်ခံထားသလို ဖြစ်သောကြောင့် စိတ်ဓာတ်တည်ငြိမ်မှု ပျက်ပြား၏။ သမာဓိရင့်ကျက်သောသူသည် လက်ငင်းခံယူချက် စိတ်အနေအထားတို့သည် ညီညွတ်နေသည်သာဖြစ်၏။

ထို့ကြောင့် နိမ့်ကျသောအလုပ်ကို လုပ်နေလျှင် စိတ်ကိုလည်း နှိမ့်ချထားရမည်။ ထိုကဲ့သို့ပင် အရေးကြီးသည်ကား ကြီးမြင့်သောအလုပ်ကို လုပ်နေလျှင်လည်း စိတ်ထားမြင့်မြတ်ရမည်ဖြစ်သည်။ စိတ်ထားမြင့်မြတ်ပါမှ ပြောသမျှ၊ လုပ်သမျှသည် 'တောက်'နှင့် ညီညွတ်မည်ဖြစ်၏။ ဤသည်ကို ဆရာကြီးမိန်းရှပ်က "မြင့်မြတ်တဲ့ ရာထူးမှာလုပ်ပြီဆိုရင်လည်း **တောက်**ကို ထိန်းမထားနိုင်ဘူးဆိုရင် သူ့ကိုယ်သူ ရှက်သင့်တယ်" ဟူ၍ မိန့်ကြားခဲ့ခြင်းဖြစ်၏။

ဤအမေးအဖြေကလေးကိုလည်း ဖတ်ကြည့်ပါဦး။

ရွှန်ယူခွန်က မေး၏။

"ယောကျ်ားနှင့်မိန်းမဟာ ပစ္စည်းအပေးအယူလုပ်ရင် လက်ချင်းမထိရဘူးဆိုတာ လူ့ကျင့်ဝတ်လား"

ထိုအခါ ဆရာကြီးမိန်းရှပ်က

"ဟုတ်တယ်" ဟု ပြန်ဖြေ၏။

"ဒါဖြင့် လူတစ်ယောက်ရဲ့ခယ်မဟာ ရေနစ်နေတယ်ဆိုပါတော့။ ဒီလူဟာ ခယ်မကို သူ့လက်နဲ့ မဆယ်ရဘူးလား"

"ဆယ်ရမှာပေါ့။ ရေနစ်နေတဲ့ခယ်မကို မကယ်ဘူးဆိုရင် ဒါဟာ လူမဆန်တဲ့ ကိစ္စပဲ။ ယောကျ်ားနှင့်မိန်းမ လက်ချင်းမထိရဘူးဆိုတာက ခြုံပြောထားတဲ့ ဥပဒေသ

ပဲ။ ရေနစ်နေတဲ့ခယ်မကို ကယ်တာက အရေးတကြီးကိစ္စရပ်ပဲ"

ထိုအခါ ရွှန်ယူခွန်က ဆက်၍မေးပြန်သည်။

"လောကတစ်ခုလုံး ရေနစ်နေပါတယ်။ ဆရာဟာ ဆရာ့လက်နဲ့ မကယ်တော့ဘူးလား"

ဤတွင် ဆရာကြီးမိန်းရှပ်က ပြန်ဖြေ၏။

"ရေနစ်နေတဲ့လောကကို တောက်က ကယ်ရမှာ။ ရေနစ်နေတဲ့ ခယ်မကို လက်က ကယ်ရမှာ။ လောကကို ငါ့လက်နှင့် ကယ်ရမယ်လို့ မင်း မျှော်လင့်သလား"

ဤသို့ အမြင်ပြတ်သားမှုသည် အရေးကြီးလှ၏။ လောကတွင် လူတော်တော်များများသည် ကံတရားက စီရင်ရမည့် အလုပ် (ဝါ) ဘုရားသခင်က လုပ်ရမည့် အလုပ်နှင့် လူကလုပ်ရမည့်အလုပ်တွေကို အရောရောအထွေးထွေးနှင့် အလွဲလွဲအချော်ချော်တွေ ဖြစ်နေကြသည်။

. ဘဝတွင် အောင်မြင်ရေးအတွက် လူက ကြိုးစားရမည်ကို ကံတရား၏ကူညီမှုကို မျှော်လင့်၍ ဓာတ်ရိုက်ဓာတ်ဆင်လုပ်သည်။ ယတြာတွေလုပ်သည်။

တစ်ဖန် မိမိအပေါ် မကောင်းပြုကျင့်သူကို သူ၏အကုသိုလ်ကံက သူ့ကို စီရင်ရမည်ဆိုခြင်းကို မျက်ကွယ်ပြု၍ မိမိက လက်စားချေချင်သည်။ သူပြုတာ သူ ခံရမည်ဖြစ်သော်လည်း ကိုယ့်ကြောင့်သာ သူ ခံရခြင်းဖြစ်စေချင်သည်။ သူ ဒုက္ခရောက်ရုံနှင့်မကျေနပ်။ ကိုယ့်ကြောင့် သူ ဒုက္ခရောက်သွားမှ ကျေနပ်သည်။

ဤကား ယူဆချက်တွေ အလွဲလွဲအချော်ချော် ဖြစ်နေ၏။

အချို့သောကိစ္စများသည် လူက ပြုလုပ်ရမည့်အရေးကိစ္စများဖြစ်၏။ အချို့သောကိစ္စရပ်များကား လူက ဝင်မရှုပ်သင့်သည့်ကိစ္စရပ်တွေဖြစ်သည်။ ဤအကြောင်းအရာကို ဆရာကြီးမိန်းရှပ်က အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်ပေ၏။

ဆရာကြီး၏စကားများသည် စင်းလှသည်ဟုမှတ်ယူဖွယ်ရှိ၏။ သို့သော် အောက်ပါစကားကလေးကိုလည်း တစိမ့်စိမ့်တွေးကြည့်ဖို့တော့လိုမည်ထင်မိပါပေ၏။

ငြိမ်းချမ်းသော ခေတ်ကာလသမယတွင် ယူနှင့်ချိုတို့သည် သူတို့၏အလုပ်ထဲတွင် စိတ်ထက်သန်ဝင်စားလွန်းသဖြင့် သူတို့၏အိမ်များသို့ မဝင်မိဘဲ ရှေ့က ဖြတ်ကျော်သွားမိသည်။ ဆရာကြီးကွန်ဖြူးရှပ်က သူတို့ကို တန်ဖိုးရှိသောသူများဟု ယူဆခဲ့၏။ ခေတ်ပျက်ကာလသမယတွင် ယဲင်းဇူသည် လမ်းကြားကလေးထဲတွင် ဝါးခွက်ကလေးနှင့် ဘူးသီးခြောက်ရေဘူးတစ်ခုဖြင့်သာ နေခဲ့ရ၏။ မည်သူမျှ သူ့လောက် ဒုက္ခမရောက်။ သို့သော် ယဲင်းဇူသည် အပြုံးမပျက်ခဲ့ချေ။ ဆရာကြီးကွန်ဖြူးရှပ်က

သူ့ကိုလည်း အဖိုးတန်သောသူဟု ယူခဲ့သည်။ ဆရာကြီးမိန်းရှပ်ကတော့ အောက်ပါအတိုင်း ပြောသည်။

"ယူ၊ ချီ၊ ယဲင်းဇူတို့ဟာ တူညီသော တောက်နှင့်အညီ နေထိုင်ခဲ့ကြပေတယ်။ ယူက လောကမှာ တစ်ယောက်ရေနစ်ရင် အဲဒါ အဲဒီလူရဲ့အပြစ်ပဲ ဖြစ်မယ်ဆိုတာပေါ့။ ချီက တစ်ယောက်ယောက် ထမင်းငတ်နေရင် အဲဒါ အဲဒီလူရဲ့အပြစ်ပဲ ဖြစ်မယ်ဆိုတာပေါ့။ ဒါကြောင့် သူတို့အလုပ်ထဲ သူတို့ စိတ်ဝင်စားနေကြတာပေါ့။ ဒီလူသုံးယောက်ဟာ နေရာချင်းလဲလိုက်ရင် သူလုပ်တာ ကိုယ်လုပ်ကြမှာပဲ။ တစ်အိမ်တည်းက လူတွေ သတ်ပုတ်နေကြရင် မင်က ဆံပင်ပြေပြေ၊ ဦးထုပ်ကျွတ်ကျွတ် ဖျန်ဖြေပေးရမှာပဲ။ ဒါမှန်တယ်။ ဒါပေမယ့် ရွာထဲမှာဖြစ်ဖြစ်၊ ရွာနားမှာဖြစ်ဖြစ် လူတွေ သတ်ပုတ်နေကြရင် ဝင်ဖျန်ဖြေရင် မှားမယ်။ တံခါးပိတ်နေရမှာပဲ"

လောက၌ လူကောင်းတွေပေါများဖို့ ဆရာကြီးမိန်းရှပ်က ဆန္ဒရှိကြောင်းမှာ ဆရာကြီး၏အဆုံးအမများတွင် ပေါ်လွင်နေသည်။

"တစ်ယောက်ယောက်က ဇူလူကို အပြစ်တင်စကား ပြောမယ်ဆိုရင် သူက ပြန်ပက်တတ်တယ်။ ယူကျတော့ သူ့ကို ကောင်းတဲ့စကားတွေပြောလာရင် သူက ဦးညွတ်ပြီး လေးလေးစားစားလက်ခံတယ်။ မဟာရွှန်ကတော့ ပိုပြီးတောင် တော်သေးတယ်။ သူက တခြားလူတွေရဲ့ ကောင်းမွန်မှုကို အလေးထားလွန်းလို့ သူ့ကောင်းမွန်မှုတွေကို အရှုံးပေးပြီး သူများရဲ့ကောင်းမွန်မှုတွေကို လိုက်လုပ်တယ်။ အဲဒါ လူတွေဆီက ကောင်းမွန်မှုတွေကို သင်ယူနေတာဖြစ်တယ်။ သူတကာဆီက ကောင်းမွန်မှုကို သင်ယူတယ်ဆိုတာ လူတကာကို ကောင်းမွန်ဖို့ အားပေးတာပဲဖြစ်တယ်။ လူတော်လူကောင်းတစ်ယောက်အတွက် လူတွေကိုကောင်းမွန်အောင် အားပေးတာထက် ပိုပြီးအရေးကြီးတာမရှိဘူး"

လောကထဲကလူများ ကောင်းမွန်ပါမှ လောကသည် ကောင်းမွန်၏။ ကောင်းမွန်သောလောကသည်သာ ငြိမ်းချမ်းသည်။ တည်ငြိမ်သည်။ သာယာ၍ နေပျော်ဖွယ်ရှိသည်။ ထို့ကြောင့် လူတကာကောင်းမွန်ဖို့လို၏။ လူတကာ ကောင်းမွန်ရန်အတွက်လည်း လူတိုင်းသည် ကိုယ့်ထက်သာသော ကောင်းမွန်မှုကို တွေ့လျှင်ချက်ချင်း သင်ယူလိုက်နာရမည်ဖြစ်၏။

ဆရာကြီးမိန်းရှပ်အဆိုအရ မဟာရွှန်သည် လယ်သမားဘဝ၊ အိုးသည်ဘဝ၊ တံငါသည်ဘဝများတွင် သူတစ်ပါးထံမှ သင်ယူခဲ့သည်မဟုတ်လော။ ဧကရာဇ် ဖြစ်လာသည့်တိုင်အောင်လည်း သူတစ်ပါးထံမှ သင်ယူဆဲဖြစ်သည်ဟုဆို၏။ အားကျ

ဖွယ်ကောင်းလှသည်။ ဤအဖြစ်မှ ကျွန်ုပ်တို့သည် "ပညာရှိဟူသည် နေရာတိုင်းတွင် ဆရာကို တွေ့နေ၏" ဟူသော သင်ခန်းစာကို ရကြပါ၏။ ထို့အပြင် "ပညာကို လိုချင်လျှင် တပည့်မွေးမနေပါနှင့်။ ဆရာရှာပါ" ဟူသော သော့ချက်စကားကိုလည်း ရယူနိုင်ပါသည်။

ဆရာကြီးမိန်းရှပ်၏ အောက်ပါမိန့်ကြားချက်ကိုလည်း ဆင်ခြင်ပါဦး။

"မင်းက လူတွေကိုချစ်တယ်။ လူတွေက မင်းကို ပြန်မချစ်ဘူးဆိုရင် မင်းကိုယ်မင်း ပြန်ကြည့်ပြီး မင်းရဲ့ 'ရင်' အနေအထားကို ပြန်စစ်ပါ။ မင်းက လူတွေကို စိုးမိုးတယ်။ လူတွေက အစိုးမိုးမခံဘူးဆိုရင် မင်းကိုယ်မင်း ပြန်ကြည့်ပြီး မင်းရဲ့ပညာကို စစ်ဆေးပါ။ မင်းဟာ လူတွေအပေါ် 'လီ' ဆိုတဲ့ လူ့ဝတ္တရားနှင့်အညီ ကျင့်ကြံတယ်။ ဒါကို လူတွေက မတုံ့ပြန်ဘူးဆိုရင် မင်းကိုယ်မင်း ပြန်ကြည့်ပြီး မင်းရဲ့အလေးထားမှုကို ပြန်စစ်ပါ။ ငါတို့ရဲ့အမူအကျင့်ဟာ ငါတို့လိုချင်တာကို မရယူပေးဘူးဆိုရင် ငါတို့ဟာ အဇ္ဈတ္တကို ပြန်လှည့်ပြီး မိမိကိုယ်မိမိ စစ်ဆေးရမယ်။ လူဟာ ဖြောင့်မတ်နေပြီဆိုရင် လောကတစ်ခုလုံးက သူ့ဆီ လှည့်လာရမှာပဲ"

ပတ်ဝန်းကျင်အပေါ် လွှမ်းမိုးနိုင်သော အရည်အသွေး၊ ပတ်ဝန်းကျင်ကို မိမိလိုသလို ဖြစ်စေသော အရည်အသွေး၊ ထိုအရည်အသွေးသည် ကိုယ်တွင်းမှာသာ ရှိသည်။ ထို့ကြောင့် ပြင်ပကလူများ၊ အခြေအနေများကို ပြုပြင်ရန် လုံ့လမစိုက်ဘဲ မိမိ၏ကိုယ်တွင်းမှ အရည်အသွေးထက်မြက်ကောင်းမွန်မှန်ကန်ရန်ကိုသာ လုံ့လစိုက်ရမည်ဖြစ်ကြောင်းကို ဆရာကြီးက ထောက်ပြထားခြင်းဖြစ်ပါသည်။

(မှတ်ချက်။ တရုတ်စကား ရင် တွင် အဓိပ္ပာယ်များစွာ ပေါင်းစပ်ပါဝင်နေပါသည်။ သနားကြင်နာခြင်း၊ လူစိတ်ရှိခြင်း၊ လူပီသခြင်း၊ လူလူချင်း ချစ်ခင်ကြင်နာခြင်း၊ ကောင်းမှုပြုတတ်ခြင်းတို့ အားလုံးပါဝင်နေ၏။ ဤနေရာတွင် 'သူတော်ကောင်းတရား' ဟု ခြုံ၍ယူလိုက်လျှင် ဖြစ်နိုင်ပါသည်)

ဆရာကြီး၏ အောက်ပါမိန့်ကြားချက်က တစ်မျိုးတစ်ဘာသာဖြစ်၏။ ဒဿနသဘောတွေတော့ မပါ။ သို့သော် လူ့သဘာဝတော့ ပါနေ၏ ။ မှတ်သားဖွယ်ကောင်းသည်ဖြစ်၍ ဘာသာပြန်တင်ပြလိုက်ပါသည်။

"လူ့ရဲ့ကိုယ်ခန္ဓာမှာ မျက်လုံးသူငယ်အိမ်လောက် အရေးကြီးတာ မရှိတော့ဘူး။ မျက်လုံးသူငယ်အိမ်ဟာ လူရဲ့ကောက်ကျစ်ယုတ်မာမှုကို ဖုံးကွယ်မထားနိုင်ဘူး။ လူဟာ သူ့ရင်ထဲမှာ ဖြောင့်မတ်နေရင် မျက်လုံးသူငယ်အိမ်ဟာ တောက်ပနေမှာပဲ။ တကယ်လို့ သူ့ရင်ထဲမှာ မဖြောင့်မတ်ဘူးဆိုရင် မျက်လုံးသူငယ်အိမ်ဟာ

မှုန်မှိုင်းနေမယ်။ သူ့စကားတွေကို နားထောင်ပြီး သူ့မျက်လုံးသူငယ်အိမ်တွေကို ကြည့်ပါ။ လူဟာ သူ့နဂိုဇာတိရုပ်ကို ဘယ်လိုဖုံးကွယ်နိုင်မှာလဲ"

ထို့ကြောင့်များလားမသိ။ မျက်မှန်အနက်တပ်၍ စကားစမြည်ပြောလာသူကို တစ်ဘက်သားက မနှစ်သက်၊ မယုံကြည်သောစိတ် ဖြစ်ပေါ်ရခြင်း ဖြစ်ပေလိမ့်မည်။ ဖြောင့်မှန်သူသည် မျက်လုံးတွေကို အကြည့်ခံရဲရ၏။ ထို့မှမက သူကလည်း ရဲရဲ ပြန်ကြည့်ဝံ့ရပါမည်။

ဆရာကြီးမိန်းရှုပ်၏ အဆုံးအမများကို ဆက်လက်၍ဖော်ပြပါမည်။

"လူသည် ခြောက်ပြစ်ကင်းအောင် ကြိုးစားနေဆဲကာလတွင် မမျှော်လင့်သော ချီးကျူးမှုများကိုလည်းကောင်း၊ မမျှော်လင့်သော ပြစ်တင်မှုများကိုလည်းကောင်း ရရှိတတ်ပါ၏"

"စကားကိုပင် ဆင်ဆင်ခြင်ခြင် မပြောတတ်သူသည် အမှုအကျင့်တွင် မည်သို့ အားထားရပါမည်နည်း"

လူကြီးသူမများကို ဂါရဝထားရမည်ဆိုခြင်း၌ တရုတ်နှင့်မြန်မာတို့သည် တူညီကြ၏။ မြန်မာ့ရိုးရာ အလေ့အထ၊ အယူအဆများတွင် လူငယ်တို့သည် လူကြီးသူမများကို ရိုသေလေးစားသည်။ နေရာတကာတွင် ဦးစားပေးသည်။ ယခုမျက်မှောက်တွင် ဤအလေ့အထသည် ပျောက်ကွယ်ခြင်း မရှိသေးပါသော်လည်း အနည်းငယ်တော့ အားပျော့မှေးမှိန်လာသည်ဟု ထင်စရာရှိသည်။

ဆရာကြီးမိန်းရှုပ်သည် လူငယ်များက လူကြီးများကို ဦးစားပေးလေးစားခြင်း အားပျော့သည် ကြိုက်နှစ်သက်ခြင်း မရှိခဲ့ချေ။ အောက်ပါဖြစ်ရပ်ကလေးက သာဓကေ ပြနေပါသည်။

ယွဲ့ချိန်ဇူသည် ချီအရပ်သို့သွား၍ ဆရာကြီးမိန်းရှုပ်ထံ သွားရောက်ခဲ့လေသည်။ ဆရာကြီးက "သြော် . . . မင်းက ရောက်လာပြီပေါ့" ဟု ပြောရာ၊ ယွဲ့ချိန်ဇူက "ဆရာက ဘာဖြစ်လို့ ဒီလိုပြောရတာလဲ" ဟုမေးသည်။

ထိုအခါ ဆရာကြီးက "မင်း ဒီကိုရောက်တာ ဘယ်လောက်ကြာပြီလဲ" ဟု ပြန်မေးသည်။

"တစ်နေ့က ရောက်ခဲ့ပါတယ်"

"တစ်နေ့က ရောက်တယ်။ ဟုတ်လား၊ ဒါဆိုရင် ခုနကလို ငါပြောတာ လွန် သလား"

"ကျွန်တော် အတည်တကျမဖြစ်သေးလို့ပါ"

"လူတစ်ယောက်ဟာ လူကြီးသူမထံ သွားမတွေ့ခင် အတည်တကျဖြစ်နေရမယ်လို့ ကျမ်းကဆိုတာ မင်း ကြားဖူးသလား"

"ကျွန်တော် မှားသွားပါတယ် ဆရာကြီး"

ရှိသေလေးစားမှု ပေါ့လျော့သွား၍သာ ဦးစားပေးမှု အားလျော့သွားခြင်း ဖြစ်၏။ ကျွန်တော်တို့မြန်မာများတွင် ထမင်းတစ်ဝိုင်းတည်းစားသော် လူကြီးသူမများအား ဟင်းအဦးအဖျား ခပ်ထည့်ပေးသော အလေ့အထကလေး ရှိနေသေးသည်ကို တွေ့နေရပါသေး၏။ သို့သော် လမ်းသွားရာတွင်ကား မည်သို့မျှမပတ်သက်သည့် သူစိမ်းတစ်ရံဆံတွေချည်း ဖြစ်နေရာ၌ လူကြီးသူမတွေကို ဦးစားပေးမှု လျော့လာသည်ကို ဝမ်းနည်းဖွယ် တွေ့နေရသည်။ လူငယ်တို့သည် လူကြီးများအား လေးစားဂါရဝထားခြင်းသည် သာယာသောလောကကို တည်ဆောက်မှု တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤသဘောထားကို ကမ္ဘာပေါ်ရှိလူမျိုးတိုင်း ဘာသာတိုင်းလိုလိုက ထောက်ခံအားပေးသောကြောင့်ပင် ဖြစ်ပါ၏။

အောက်ပါမိန့်ကြားချက်တွင်ကား မှတ်သားစရာပါရုံတွင်မက တစိမ့်စိမ့်တွေးတောဆင်ခြင်စရာလည်း ပါနေသည်ဟု ကျွန်ုပ်ထင်ပါသည်။

"လူတစ်ယောက်ဟာ သူ မယူသင့်တဲ့အခါ မှာယူရင် အဲဒါဆင်ခြင်မှုရဲ့ ဆန့်ကျင်ဘက်ပဲ။ လူတစ်ယောက်ဟာ မပေးသင့်တဲ့အခါမှာ ပေးရင် အဲဒါဟာ ကြင်နာမှုရဲ့ ဆန့်ကျင်ဘက်ပဲ။ လူတစ်ယောက်ဟာ သေသင့်တဲ့အခါ မဟုတ်ဘဲ သေဝံ့တယ်ဆိုရင် အဲဒါဟာ ရဲရင့်ခြင်းရဲ့ ဆန့်ကျင်ဘက်ပဲ"

သင့်သည့်အခါနှင့် မသင့်သည့်အခါဟူသည်တို့က အဆုံးအဖြတ်ပေးနေခြင်းဖြစ်၏။ အပြုအမူတစ်ခုသည် အချိန်ကာလတည်းဟူသော "အခါ" နှင့်တွဲစပ်နေသည်ကို လူ့လောကတွင် တွေ့မြင်နေရခြင်းဖြစ်၏။ ဤရှုထောင့်သည် စိတ်ဝင်စားစရာကောင်းပါသည်။

ကောင်းသောအပြုအမူတစ်ခုသည်လည်းကောင်း၊ ကောင်းသည်လည်းမဟုတ် မကောင်းသည်လည်းမဟုတ်သော အပြုအမူတစ်ခုသည်လည်းကောင်း အချိန်ကာလနှင့်တွဲစပ်နေလျှင် မကောင်းသောအပြုအမူသည်လည်း အချိန်ကာလနှင့် တွဲစပ်နေသင့်ပါသည်။ သို့ဖြစ်လျှင် မကောင်းမှုပြုလုပ်ရန်သင့်သောအခါ ဟူ၍ကော ရှိကောင်းရှိပါ၏လော။

ဆင်ခြင်ပွားများစရာ ဖြစ်ပါသည်။ ဝိဝါဒကွဲပြားစရာတွေကတော့ များလှပါ၏။ ကျွန်ုပ် အကျယ် မရေးလိုပါ။

တစ်ခါက ကုန်စွန့်စုံဆိုသူက ဆရာကြီးမိန်းရှပ်အား အောက်ပါအတိုင်း မေးမြန်းသည်။

"အလင်္ကာကျမ်းထဲမှာ ဆိုတယ်။ ကျွန်ုပ်တို့ အကြောင်းပြချက်မရှိဘဲနှင့် မစားသောက်စတမ်းလို့ ဆိုတယ်။ ဒါဆိုရင် ပညာရှိအမတ်က ဘာကြောင့် အလုပ်မလုပ်ဘဲ စားသောက်ရသလဲ"

သူဆိုလိုသည်မှာ ပညာရှိအမတ်ဟူသည် အခြားသော ကာယဉာဏ အလုပ်သမားများကဲ့သို့ အလုပ်ဟူ၍ မည်မည်ရရမရှိဘဲနှင့် လစာရိက္ခာတို့ကို စားနေသည်ဟု ထောက်ပြမေးမြန်းခြင်းဖြစ်သည်။

ဤအမေးကို ဆရာကြီးမိန်းရှပ်က အောက်ပါအတိုင်း ဖြေကြားသည်။

"တိုင်းပြည်တစ်ပြည်မှာ ပညာရှိအမတ်ရှိနေပြီဆိုရင် ဘုရင်က သူ့ကို တိုင်ပင်နှီးနှောရတဲ့အတွက် ဘုရင်ဟာ ဘေးကင်းခြင်း၊ ချမ်းသာခြင်း၊ ဂုဏ်တက်ခြင်း၊ ကျက်သရေရှိခြင်းတို့ကို ခံစားရတယ်။ ငယ်ရွယ်သူတွေဟာ ပညာရှိအမတ်ရဲ့ သွန်သင်ချက်တွေကို လိုက်နာကျင့်ကြံကြမယ်ဆိုရင် သူတို့ဟာ မိဘဝတ် ကျေကြမယ်။ သားသမီးဝတ် ကျေကြမယ်။ သစ္စာစောင့်သိကြမယ်။ ရိုးဖြောင့်ကြမယ်။ ဒါကြောင့် အကြောင်းပြချက်မရှိဘဲနှင့် မစားသောက်စတမ်းဆိုတဲ့ စကားကို ပညာရှိအမတ်ထက် ဘယ်သူက ပိုပြီးလိုက်နာသလဲ"

အခြားသူများ အလုပ်လုပ်ခြင်းသည် တစ်ခဏ၊ တစ်ဘဝအတွက် လုပ်ငန်းဖြစ်နိုင်ပါ၏။ ပညာရှိအမတ်ကား တိုင်းပြည်အုပ်ချုပ်သူ ဘုရင်အား လမ်းမှန်ဖြစ်စေခြင်းအားဖြင့် ဘုရင်၏အမှုတော် ပြီးစီးရုံမက တိုင်းသူပြည်သားများ၏အကျိုးကိုလည်း ဆောင်ရွက်သည်နှင့်တူ၏။ ထို့အပြင် ငယ်ရွယ်သူများကို ပြုပြင်ပေးခြင်းအားဖြင့် လူငယ်တို့၏ ပစ္စုပ္ပန်သံသရာအကျိုးကို ဆောင်သည်မည်ပေရာ ပညာရှိအမတ်၏ တာဝန်ထမ်းဆောင်မှုသည် သူများထက်ပင် ပို၍တန်ဖိုးရှိနေပေရာ ထိုဝန်ဆောင်မှုအတွက် သူသည် လစာရိက္ခာများစားသောက်ခြင်းသည် ထိုက်တန်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။

ဤစကားကလေးကို စာရေးဆရာ၊ ကျောင်းဆရာ စသော လူ့အဖွဲ့အစည်းတို့ လမ်းမှန်ပေါ် လျှောက်စေရန် တာဝန်ရှိသူများသည် စွဲမြဲစွာနှလုံးသွင်းထားသင့်ပေသည်။ မိမိတို့ တာဝန်ထမ်းဆောင်မှုအတွက် ပြန်လည်ရရှိသော ဝင်ငွေရိက္ခာများကို ထိုက်ထိုက်တန်တန်ဖြစ်စေရန် တာဝန်ကို ကျေပွန်စွာမထမ်းဆောင်လျှင်ကား ကုန်စွန့်စုံပြောသလို သာမန် ကာယဉာဏအလုပ်သမားလောက်ပင် တန်ဖိုးမရှိတော့ပါ။

အကြောင်းမှ မပြည့်စုံဘဲနှင့် စားသောက်နေခြင်းဖြစ်ပေလိမ့်မည်။

ပညာရှိဟူသည် တာဝန်ကိုသိ၍ တာဝန်ကျေပွန်၏။ ထိုနည်းတူစွာပင် ပညာရှိမာနတော့ ရှိရမည်သာဖြစ်ပါသည်။ တာဝန်ကို ကျေပွန်စွာထမ်းဆောင်သည်မှန်သော်လည်း ပေးလာသော ရိက္ခာလစာမှာ ကုန်ဝယ်သည့်သဘောမျိုးဖြင့် "သင့်ထမ်းဆောင်မှုအတွက် ရော့ အခကြေးငွေ" ဟုဆိုပြီးပေးလျှင်တော့ ပညာရှိ၏ မာနသည် ပေါက်ကွဲနိုင်သည်။ သူသည် ဤပုံမျိုးပေး၍ လက်ခံမည်မဟုတ်ပါ။

ဆရာကြီးမိန်းရှပ်၏ အဆိုအမိန့်ကလေးကိုလည်း ကြည့်ပါဦး။

**"လူတစ်ယောက်ကို ချစ်ခင်မှုမေတ္တာမပါဘဲ ကျွေးမွေးခြင်းဟာ သူ့ကို ဝက်တစ်ကောင်လို ဆက်ဆံတာပဲ။ တစ်ခါ သူ့ကို ရိုသေလေးစားမှုမပါဘဲ ချစ်ခင်ရုံသက်သက်ဆိုရင် အိမ်မွေးတိရစ္ဆာန်လို ဆက်ဆံတာပဲ ဖြစ်မယ်။ လေးစားမှုနှင့် ရိုသေမှုတို့ဟာ လက်ဆောင်ပစ္စည်းရဲ့ အနှစ်သာရပဲ။ လေးစားမှုနှင့် ရိုသေမှုတို့သာ မပါဘူးဆိုရင် ပညာရှိဟာ လက်ဆောင်ဆိုတဲ့ အတုအယောင်ပစ္စည်းကလေးတွေနှင့် နှစ်သိမ့်ထားလို့ မရပါဘူး"**

ဤသို့ဖြစ်ရခြင်းမှာ ပညာရှိများ တာဝန်ထမ်းဆောင်ခြင်းမှာ အခြားသူများကဲ့သို့ လုပ်အားသက်သက်ပေးပြီး ထိုလုပ်အားအတွက် အခကြေးငွေရိက္ခာတို့ကို ပြန်လည်ကောက်ခံယူခြင်းမဟုတ်ချေ။ ပညာရှိက ပေးသည်မှာ ဆောင်ရွက်မှုလုပ်အားသက်သက်မဟုတ်ဘဲ ကောင်းစေလိုခြင်း၊ လမ်းမှန်ရောက်စေလိုခြင်းစသော စေတနာမေတ္တာတွေကိုပါ ဆောင်း၍ပေးခဲ့သည်ဖြစ်ရာ လုပ်အားအတွက်သာ ဖြစ်သော လစာဝင်ငွေရိက္ခာတို့ဖြင့် မလုံလောက်ပါ။ လေးစားမှု၊ အသိအမှတ်ပြုမှုတို့ကိုပါ ပူးတွဲ၍ ပြန်လည်ပေးမှ သူ လက်ခံမည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် စေတနာကို ကြေးငွေပစ္စည်းတို့ဖြင့် ပိုင်းဖြတ်တန်ဖိုးသင့်၍မရသောကြောင့်တည်း။

ရှေးခေတ်က တရုတ်နိုင်ငံတွင် "မှန်ကန်မှုကျင့်စဉ်၊ တရားဓမ္မသဘော" စသည်တို့အဖြစ်လည်း **'တောက်'** ဟူသောစကားလုံးကို သုံးစွဲပါသည်။ အောက်ပါ ဆရာကြီးမိန်းရှပ်၏ စကားကလေးကို ကြည့်ပါဦး။

"လောကမှာ **တောက်** ရှိတယ်ဆိုရင် မိမိနှင့် အတူရှိရမှာဖြစ်တယ်။ တကယ်လို့ လောကမှာ **တောက်** ဟာ ကွယ်ပရပြီဆိုရင် မိမိဟာ **တောက်**နှင့်အတူ လောကမှ စွန့်ခွာနောက်ဆုတ်ရမှာသာဖြစ်တယ်။ ဒါပေမယ့် လူတွေအတွက် **တောက်** ကို စတေးနိုင်တယ်လို့တော့ ကျွန်ုပ် ဘယ်တုန်းကမှ မကြားဖူးဘူး"

ပညာရှိသည် **တောက်** ကို ဤမျှပင် ချစ်ခင်နှစ်သက်တန်ဖိုးထားသည်။

လောကထဲမှ လူတွေထဲတွင် **တောက်** မရှိတော့ဘူးဆိုလျှင် (ဝါ) လူတို့သည် **တောက်** နှင့်အညီ မကျင့်ကြံကြတော့ဟုဆိုလျှင် ပညာရှိသည် **တောက်**ကို ပိုက်၍ လူ့အဖွဲ့ အစည်းကို ရှောင်ခွာမည်။ လူတွေကို ပေါင်းသင်းနေချင်၍တော့ **တောက်**ကို စွန့်ပယ် မည်မဟုတ်ကြောင်း ဆရာကြီးကပြောသည်။

"တကယ်လို့ မိမိဟာ **တောက်**ကို မကျင့်သုံးဘူးဆိုရင် ဇနီးနှင့်သားသမီးတွေ ကို ကျင့်သုံးခိုင်းလို့မရဘူး။ တကယ်လို့ လူတွေကို **တောက်**နှင့်အညီ မဆက်ဆံဘူး ဆိုရင် မိမိရဲ့ဇနီးနှင့် သားသမီးတွေအပေါ် ဩဇာမလွှမ်းမိုးနိုင်ဘူး"

"**တောက်**ဝါဒသည် **လောက်ဇူ**က တီထွင်ထူထောင်ခဲ့သော ဝါဒ ဖြစ်ပုံမရပါ။ တရုတ်နိုင်ငံတွင် ရှေးခေတ်အခါကတည်းက **တောက်**အယူဝါဒသည် ရှိခဲ့သည်ဟု ယူဆရသည်။ လောက်ဇူက **တောက်တယ်ကျင်း** ကျမ်းတွင် အကျယ်တဝင့် ပြော ခြင်းသာဖြစ်သည်။

ကွန်ဖြူးရှပ်နှင့် သူ၏တပည့်သားမြေးတို့ကလည်း **တောက်**ကို နားလည်ကြ သည်။ လက်ခံကျင့်သုံးကြသည်။ ဤသို့ ဆရာကြီးမိန်းရှပ်၏ အဆိုအမိန့်များတွင် **တောက်**အကြောင်းတွေ မကြာခဏပါဝင်နေလေသည်။

ရှေးဟောင်း တရုတ်လူမျိုး ပညာရှိများအတွက် တောက်သည် နားလည် ကျေညက်ထားရုံမက လိုက်နာကျင့်ကြံရမည့်အရာလည်း ဖြစ်ပေ၏။ ထို့ကြောင့် သူတို့အတွက် တောက်နှင့်အညီ နေထိုင်ရေးသည် လွန်စွာပင် အရေးကြီးလှသည်။ သူတို့အတွက် တရားဘာဝနာ ကျင့်ကြံအားထုတ်ခြင်းပင်ဖြစ်ရာ၊ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ရသည်ဟူ၍ စွဲမြဲယုံကြည်ထားကြလေသည်။

"မိမိ၏ နာမည်ကောင်းရန် ဂရုစိုက်သူသည် ယာဉ်ရထားတစ်ထောင်ရှိသော နိုင်ငံကို စွန့်လွှတ်ရန် ဝန်မလေးချေ။ သို့သော် နာမည်ကောင်းကို ဂရုစိုက်သူမဟုတ် လျှင်ကား ထမင်းတစ်ပန်းကန်၊ ဟင်းရည်တစ်ဖွန်းကိုသော်မျှလည်း မျက်နှာမပျက်ဘဲ နှင့် အဆုံးရှုံးမခံပါ" ဟု ဆရာကြီးမိန်းရှပ်က ဆုံးမသည်။

သိက္ခာသည် လူ့ဘဝတွင် အရေးကြီးလှကြောင်းကို ဖော်ပြခြင်းဖြစ်၏။ လူတို့ သည် ဥစ္စာစည်းစိမ်ကိုသာ သားစဉ်မြေးဆက် စားမကုန်အောင် ဖြစ်နိုင်သောအရာ များဟူ၍ ယူမှတ်ထားကြ၏။ သိက္ခာကိုကား ဤလိုသဘောမထားချေ။ စင်စစ်သော် ကား နာမည်ကောင်းခြင်း၊ သိက္ခာရှိခြင်းသည်လည်း သားစဉ်မြေးဆက် အရိပ် အာဝါသပေးသည်ကို စေ့စေ့တွေးမှ သဘောပေါက်နိုင်ပါသည်။

တက်ယောင်ကားနှင့် ဆရာလုပ်နေကြသူများသည် ရှေးခေတ်တရုတ်နိုင်ငံတွင်

လည်း ရှိပုံရသည်။ ထိုအချက်ကို ဆရာကြီး၏ အောက်ပါမိန့်ကြားချက်ကလေးက ထောက်ပြနေ၏။

"တန်ဖိုးရှိတဲ့လူဟာ သူ့ကိုယ်သူ ဉာဏ်ပွင့်သွားအောင် လုပ်ပြီးမှ သူများတွေကို ဉာဏ်ဖွင့်ပေးဖို့ ကြိုးစားတယ်။ ဒါပေမယ့် ခုအခါမှာ သူများတွေကိုသာ ဉာဏ်ဖွင့်ပေးပြီး ကိုယ်တိုင်က အမှောင်ထဲရောက်နေသူတွေ ရှိနေတယ်"

ဆင်ခြင်ဖွယ်ဖြစ်၏။ ကိုယ်ကျင့်တရားတွေ ဟောသည်။ အရက်ကလေး တမြမြနှင့် ဂါထာမန္တန်တွေ၊ ဂန္ဓာရီပညာအကြောင်းတွေကို ဖြန့်ဖြူးနေသည်။ ဆရာကြီး မိန်းရှုပ်အနေဖြင့် မထောက်ခံနိုင်သည့် ကိစ္စရပ်တွေ ဖြစ်၏။

တကယ်တော့ ပညာရှိသာလျှင် မဟုတ်ပါ။ လူတိုင်းလူတိုင်းသည် ဘဝတွင် ရပ်တည်ရာနေရာတစ်ခုနှင့် တာဝန်ကိုယ်စီတော့ ရှိကြသည်ချည်းဖြစ်ပါ၏။ မိမိ၏ ရပ်တည်ရာတွင် မြဲမြဲရပ်ပြီး မိမိလုပ်ဆောင်ရမည့်တာဝန်ကို တိတိကျကျ ကျေကျေပွန်ပွန် လုပ်ဆောင်ရန် အရေးကြီးလှပါသည်။

သက်ဈေ